
ACE

# ပေါင်နှင်းငွေ

## သိုင်းရာဇာနှင့်သံမဏိငှက်



ပထမတွဲ

ဖိုးနိုင်၊ ပန်းချီ ● ဝင်းကျော်ဦး

(၁)

အင်းကုံးစန်းတောင်။

မိုးထိလုဘနန်း မိုးထိမြင့်မားစွင့်မို့ုင်းသော တောင်ကြီး တစ်လုံးပင်ဖြစ်၏။ တောင်ထိပ်က မိုးကောင်းကင်ကို ဓားတစ်စင်း ထိုးဖောက်ထားသည့်နှယ် တွေ့မြင်နေရ၏။

တောင်ထိပ်မှာ အမြဲတမ်း တိမ်တိုက်များ ဖုံးလွှမ်းနေတတ်ပြီးတောင်ပေါ်သို့သာမန်လူများမတက်ရောက်နိုင်ဘဲထိပ်တန်းသိုင်းသမားများသာလျှင် တက်ရောက်နိုင်စွမ်းရှိကြပေ၏၊

အဘယ့်ကြောင့်ဆိုသော် တောင်တက်လမ်းဟူ၍ မည်မည်ရရမရှိဘဲ ချောမွတ်မတ်စောက်သောကျောက်ကမ်းပါးယံကြီးများနှင့် ကျောက်ဆောင်ကျောက်စွန်းများကသာ ပြည့်နှက်နေသောကြောင့်ပင်တည်း။

မိုးဆမ်းပန်းစာပေ

အချိန်မှာ ညဥ့်သန်းခေါင်ကျော်ပြီဖြစ်၏။ အင်းကုံးစန်းတောင်ကြီးတစ်တောင်လုံး ညဥ့်အမှောင်အောက်တွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေ၏။

အင်းကုံးစန်းတောင်ထွိပ်တွင် ဝတ်ရှုံနီ လာမာကြီးများ၏ အင်းကုံးစန်းသိုင်းကျောင်းတော်ကြီးက ရှိနေ၏။

အင်းကုံးစန်းသိုင်းကျောင်းတော်ကြီးမှာသိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားသော သိုင်းကျောင်းတော်ကြီးတစ်ခုဖြစ်ပြီး ဝတ်ရှုံနီလာမာကြီးများ၏ အထွတ်အမြတ်ထားရာ ကျောင်းတော်ကြီးလည်းဖြစ်ပေ၏။

အင်းကုံးစန်း သိုင်းကျောင်းတော်ကြီးမှာ ကြီးကျယ်ခမ်းနားလှကာ ရှေးနှစ်ပေါင်း ခြောက်ရာကျော်လောက်ကတည်းက လျှို့ဝှက်တည်ရှိခဲ့သော သိုင်းကျောင်းတော်ကြီးလည်း ဖြစ်ပေ၏။

'ဝှစ်'

'ဟူး'

ရုတ်တရက် အင်းကုံးစန်းတောင်ခြေသို့ လူရိပ်တစ်ရိပ်က ပျံလွှားငှက်တစ်ကောင်ပမာ ထိုးဆင်းကျရောက်လာ၏။

ထိုသူက အနက်ရောင် ညခရီးသွား ကိုယ်ကျပ်ဝတ်စုံကိုဝတ်ဆင်ထားပြီး မျက်နှာဖုံးစွပ်ထားကာ ဓားတစ်လက်ကို ကျောတွင် ပိုးလွယ်ထား၏။

ထိုလူ၏လှုပ်ရှားမှုများမှာ အံ့မခန်းလောက်အောင် မြန်ဆန်လှ၏။ ထိပ်တန်းကိုယ်ဖော့ပညာကို အသုံးပြုကာ ရောက်ရှိလာခြင်းပင် ဖြစ်၏။





မီးခိုးငွေ့တစ်ငွေ့ လွင့်မျောလာသည့်အလား ပေါ့ပါးလျင်မြန်စွာဖြင့် ထိုလူက အင်းကုံးစန်းတောင်ပေါ်သို့ တက်လာခြင်းဖြစ်၏။

'ဝှစ် ဝှစ် ဝှစ် ဝှစ်'

'ဟူး ဟူး ဟူး ဟူး'

ဝတ်စုံနက်ဓားသမားသည် ထိပ်တန်း ကိုယ်ဖော့ပညာဖြင့် တောင်ထိပ်သို့တက်လာခဲ့ရာ မကြာမီ တောင်ခါးပန်းတစ်နေရာသို့ ရောက်လာခဲ့ပြီး တောင်ထိပ်မှ အင်းကုံးစန်းဝတ်ရှုံနီလာမာကြီးများ၊ သိုင်းကျောင်းတော်ကြီးကို တွေ့မြင်လိုက်ရ၏။

ဝတ်စုံနက်က ခေါင်းကိုတစ်ချက်ဆတ်လိုက်ပြီး....

'အင်း....နဂါးဓားနဲ့ နဂါးသိုင်းကျမ်းကတော့ ဒီနေရာမှာ ရှိမှာပဲ'

ဝတ်စုံနက်က အမှောင်ထဲတွင် ထည်းထည်းမားမား တည်ရှိနေသည့် အင်းကုံးစန်း သိုင်းကျောင်းတော်ကြီးဆီသို့ လှမ်းကြည့်ရင်း ရေရွတ်ပြောကြားလိုက်၏။

'ဝှစ်....'

ပြီးနောက် ဝတ်စုံနက်က တစ်ချက်ခုန်လွှားလိုက်ရာအထက်သို့ မြားတစ်စင်းပစ်လွှတ်လိုက်သလို ထိုးတက်သွားတော့၏။

မကြာမီ ဝတ်စုံနက်သည် ဝတ်ရှုံနီလာမာကြီးများ စောင့်ကြပ်နေသည့် အုတ်တံတိုင်းကြီးကို ညဥ့်ငှက် တစ်ကောင်အလား ဖြတ်သန်းကျော်ဖြတ်သွား၏။

ထိုလူ၏ကိုယ်ဖော့အားမှာ ထိပ်တန်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်လေရာ အုတ်တံတိုင်းကြီးအနီးမှ စောင့်ကြပ်နေကြသော

ဝတ်ရှုံနီလာမာကြီးများမှာ လူဟုမထင်မှတ်ဘဲ ညဉ့်ငှက်တစ်ကောင် ပျံသွားသည့်ဟုသာ ထင်မှတ်လိုက်ကြ၏။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ထိုလူသည် အင်းကုံးစန်းသိုင်းကျောင်းကြီး၏ ခေါင်မိုးထက်ဆီသို့ လင်းယုန်ငှက်ကြီး တစ်ကောင်အလား ထိုးဆင်းကျရောက် သွားတော့၏။

'ဟူး....'

'ဝုန်း....'

ထိုနေရာမှတစ်ဆင့် ဝတ်စုံနက်သည် အောက်သို့ ထိုးဆင်းလိုက်ပြီး အထက်ထပ်ဝရံတာဆီသို့ ကျရောက်သွား၏။

ဝရံတာမှတစ်ဆင့် စကြံလမ်းကိုကူးကာ ပြတင်းပေါက်တစ်ခုကို ထိုးဖောက်ဝင်ရောက်သွား၏။

မကြာမီ ဝတ်စုံနက်သည် ကျယ်ဝန်းသော ခန်းမဆောင်တစ်ခုအတွင်းသို့ ရောက်ရှိသွား၏။

ခန်းမဆောင်ကြီးအတွင်း အမွေးတိုင် ကြေးအိုးကြီးများရှိနေကာ အမွှေးတိုင်ရနံ့များ အထက်မျက်နှာကြက်အထိ တိုးတက် ပျံ့နှံ့လျက်ရှိနေ၏။

ခန်းမဆောင်ကြီး၏ စင်မြင့်ကြီးထက်တွင် ရတနာရွှေကလပ်ဖြင့် တင်ထားသည့် ဓားတစ်လက်နှင့် သိုင်းကျမ်းတစ်ခုက ရှိနေသည်။

ထိုဓားနှင့် သိုင်းကျမ်းသည်ကား ဝတ်ရှုံနီလာမာကြီးများ၏ အမြတ်တနိုးတန်ဖိုးထားသည့်နဂါးဓားနှင့် နဂါးသိုင်းကျမ်းပင် ဖြစ်ပေတော့၏။





နဂါးဓားနှင့် နဂါးသိုင်းကျမ်းမှာ လွန်ခဲ့သော အနှစ်ခြောက်ရာကျော် ကတည်းကပင် ဝတ်ရှုံနီ လာမာကြီးများ၏ အင်းကုံးစန်း သိုင်းကျောင်းတော်ကြီးတွင် သိမ်းဆည်းထားခဲ့သည့် ရတနာပစ္စည်းနှစ်ခုပင်ဖြစ်၏။

နဂါးဓားနှင့် နဂါးသိုင်းကျမ်းထားရာ ကျောက်စင်မြင့်ကြီး၏ တစ်ဖက်တစ်ချက်တွင် ခြေသုံးချောင်းထောက်ကြေးဝါအိုးကြီးများ ရှိနေပြီး အမွှေးတိုင်ကြီးများထည့်ကာ မီးပူဇော်ထား၏။

ဝတ်စုံနက်က ခန်းမဆောင်ကြီးထိပ်တစ်ဖက်မှနေ၍ အတွင်းသို့ စူးစိုက်ကြည့်လျက်ရှိနေ၏။

ဝတ်စုံနက်က ခန်းမဆောင်ကြီးအတွင်းသို့ သတိထား ဝင်ရောက်လိုက်၏။

'ဝေါ'

'ဂျိမ်း'

ရုတ်တရက် တံခါးဝမှ ကျောက်တံခါးကြီးများ အောက်သို့ ပြုတ်ကျလာကာ တံခါးဝကိုပိတ်ဆို့သွားကြ၏။

ဝတ်စုံနက်က နဂါးဓားနှင့် နဂါးသိုင်းကျမ်းထားရာ စင်မြင့်ဆီသို့ ကိုယ်ဖော့ပညာဖြင့် တစ်ချက် ခုန်လွှားတက်လိုက်သည်။

'ဝုန်'

'ဝေါ ဝေါ'

ရုတ်တရက် နဂါးဓားနှင့် နဂါးသိုင်းကျမ်းထားရာ စင်မြင့်မှာ နောက်သို့ ဝေါခနဲရွေ့လျားသွားပြီး ကျောက်နံရံကြီးအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားတော့၏။

'ရှီး ရှီး ရှီး'

'ဝှီး ဝှီး ဝှီး'

တစ်ချိန်တည်းမှာပင် ကျောက်နံရံကြီးဆီမှချွန်ထက်သော မြားတံများက ပြေးထွက်လာကြကာ ခုန်ပျံဝင်ရောက်လာသည့် ဝတ်စုံနက်ဆီသို့ ဝင်ရောက်သွားကြ၏။

'ထန်း ထန်း ထန်း'

ဝတ်စုံနက် လေထဲမှာပင် ကျွမ်းတစ်ပတ်ပစ်လိုက်ပြီး ဓားဝက်ဝိုင်းသဏ္ဌာန် ဝှေ့ယမ်းလိုက်ရာ ချွန်ထက်သော မြားတံများမှာ လွင့်ထွက်သွားရလေ၏။

ဝတ်စုံနက်က ကျောက်သားကြမ်းပြင်ကြီးထက်သို့ လျင်မြန် ပေါ့ပါးစွာ ကျဆင်းလာ၏။

နဂါးဓားနှင့်နဂါးသိုင်းကျမ်းမှာတော့ လျင်မြန်စွာပျောက်ကွယ်သွားရလေပြီ။

'ဝေါ ဝေါ ဝေါ'

'ဝုန်း ဝုန်း ဝုန်း'

ရုတ်တရက် ဝဲယာတစ်ဖက်တစ်ချက်ဆီမှ ကျောက်တံခါးကြီးများ ပွင့်ထွက်သွားပြီး ဝတ်ရုံနီ လာမာကြီးများ ထွက်ပေါ်လာကြ၏။

ဝတ်ရုံနီလာမာကြီးများက ချက်ချင်းပင် ဝတ်စုံနက် ဓားသမားကို စက်ဝိုင်းသဏ္ဌာန် ဝိုင်းရံထားလိုက်ကြ၏။





ဝတ်စုံနက်ဓားသမားက လုံးဝ ကြောက်ရွံ့တုန်လှုပ်ဟန် မပြဘဲ ဓားကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။

'ဒေါင် ဒေါင် ဒေါင်'

မကြာမီ ကျောက်ခေါင်းလောင်း ထိုးသံများ ကြားလိုက်ရပြီး ဝတ်ရုံနီလာမာဂိုဏ်းချုပ်ကြီး ခေါင်းဆောင်သော လာမာကြီးများ ဝင်ရောက်လာကြ၏။

ဝတ်ရုံနီ လာမာဂိုဏ်းချုပ်ကြီးနှင့် ဝါစဉ်ကြီး ပုဂ္ဂိုလ်ကြီးများက စင်မြင့်ထက်ရှိ ကုလားထိုင်ကြီးထက်တွင် ထိုင်လိုက်ကြသည်။

ဝတ်ရုံနီလာမာဂိုဏ်းချုပ်ကြီးက ဝတ်စုံနက်အား တည်ကြည် လေးနက်သောလေသံဖြင့်....

'နဂါးဓားနဲ့ နဂါးသိုင်းကျမ်းက ငါ့ကို အင်းကုံးစန်းသိုင်းကျောင်းတော်ကြီးက အမြတ်တနိုးထား သိမ်းဆည်း ထားတဲ့ ရတနာပစ္စည်းတွေဖြစ်တယ်၊ ဒီနဂါးဓားနဲ့ နဂါးသိုင်းကျမ်းကို မင်းလိုပဲ သူခိုးလူစွမ်းကောင်းတွေ မကြာခဏ လာရောက်ပြီး ထိုးဖောက်ယူဆောင်ကြလေ့ရှိတယ်၊ ဘယ်သူမှမအောင်မြင်ကြပါဘူး၊ ကိုင်း မင်း ဘယ်သူလဲ ပြောစမ်း'

ဝတ်စုံနက်က ဟက်ခနဲရယ်မောလိုက်ကာ....

'ကျုပ် ဘယ်သူလဲဆိုတာ ကျုပ် သေသွားတာတောင် ခင်ဗျားတို့ စုံစမ်းလို့ရမှာ မဟုတ်ဘူး၊ ကျုပ်တို့ဂိုဏ်းက သိုင်းလောကမှာ အင်မတန်မှ လျှို့ဝှက်တဲ့ သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်းပဲ'

ဝတ်ရှုံနီလာမာဂိုဏ်းချုပ်ကြီးက မျက်မှောင်ကြုတ်လိုက်ပြီး....

'မင်းဟာ ငါတို့ပိုင်နက်နဲ့ ငါတို့လက်ထဲကို ကျရောက်နေပြီ၊ အေးအေးဆေးဆေး လက်နက်ချရင် သက်သာလိမ့်မယ်၊ နို့မဟုတ်ရင်တော့ ငါတို့ကို အဆိုးမဆိုလေနဲ့'

ဝတ်ရှုံနီက ဟင့်ခနဲ နှာခေါင်းရှုံ့ကာ ပြက်ရယ်ပြုလိုက်ပြီး၊

'ကျုပ်တို့ဂိုဏ်းက အညံ့ခံလက်နက်ချတယ်ဆိုတာ မရှိဘူး၊ တိုက်ရင်းခိုက်ရင်းနဲ့ပဲ အသေခံသွားမယ်၊ ကျုပ်သေရင်လဲ ခင်ဗျားတို့ဆီက လူတော်တော်ကိုလဲ အနည်းနဲ့အများတော့ ခေါ်သွားမှာမယ်'

ဝတ်ရှုံနီလာမာကြီးက လက်တစ်ဖက်ကို ဝေ့ယမ်းလိုက်ပြီး....

'ကိုင်း၊ ဒီလောက်ပြောမရရင်တော့ မင်းထိုက်နဲ့ မင်းကံပဲ၊ ဒီကောင့်ကို ဝိုင်းပြီး ဆုံးမလိုက်ကြစမ်း'

'ယား'

'လိုင်း'

စကားဆုံးသည်နှင့် ဝတ်ရှုံနီလာမာကြီးများက ဓားလှံများ ဝေ့ယမ်းကာ ဝတ်စုံနက်ဆီသို့ လွှားဝင်လာကြ၏။

'ထန်း ထန်း ထန်း ထန်း'

'ချွမ်း ချွမ်း ချွမ်း' -

ခန်းမဆောင်ကြီးတစ်ခုလုံး ဓားသံ လှံသံများနှင့် ဆူညံပွက်လောရိုက်သွားရ၏။





အော်ဟစ်မာန်သွင်းသံ၊ တိုက်ခိုက်သံ၊ လဲကျသံများကပါ တစ်ဆက်တည်း ထွက်ပေါ်လာရ၏။

'ဝှစ် ဝှစ် ဝှစ်'

'အား အင့် အီး'

'အောင်မယ်လေး'

ဝတ်စုံနက်၏ ဓားချက်ကြောင့် တစ်ဟုန်ထိုး ဝင်ရောက်လာသည့် ဝတ်ရှုံနီလာမာကြီး အတော်များများမှာ ဒဏ်ရာများရကာ နောက်သို့ လွင့်စဉ်ထွက်သွားကြရ၏။

ဝတ်ရှုံနီလာမာကြီးများ၏ ဓားချက်လှံချက်များကြောင့်လည်း ဝတ်စုံနက်မှာ ဒဏ်ရာများရကာ လဲကျလုနီးပါး ဖြစ်သွားရ၏။

ဝတ်ရှုံနီလာမာကြီးဂိုဏ်းချုပ်က ဝတ်စုံနက်အား....

'မင်းအခု လက်နက်ချရင် အချိန်မီသေးတယ်၊ အသက်အသေ မခံချင်စမ်းပါနဲ့'

'ကျုပ်က ဒီလိုကောင်မျိုး မဟုတ်ဘူး'

'ယား'

'ဝှစ်'

စကားဆုံးသည်နှင့် ဝတ်စုံနက်က အထက်သို့ ခုန်ပျံတက်ကာ ဝတ်ရှုံနီလာမာဂိုဏ်းချုပ်ကြီးက လေပွေဓားချက်ဖြင့် တိုက်ခိုက်ပစ်လိုက်၏။

'ဝုန်း'

'အား'

ဝတ်စုံနက်မှာ လေလုံးကြီးအကြား ချောချောလည်ထွက်သွားရကာ လွင့်စဉ်ထွက်သွားပြီး ကျောက်နံရံကြီး၏ တစ်ဖက်သို့ ဝင်ဆောင့်မိလိုက်၏။

ဝင်ဆောင့်မိလိုက်သောအရှိန်ကြောင့် ဝတ်စုံနက်မှာ အသံနက်ကြီးဖြင့် အော်ဟစ်ကာ အောက်သို့ ဘုန်းခနဲ ပြုတ်ကျသွားရ၏။

ဝတ်ရုံနီလာမာကြီးများက ဝတ်စုံနက်ဆီသို့ ပြေးကာ ခေါင်းမျက်နှာဖုံးကို ချွတ်ကြည့်လိုက်ကြ၏။

'ဟာ'

'ဟင်'

'ဟယ်'

တွေ့လိုက်ရသော မြင်ကွင်းကြောင့် အားလုံးမှာ အံ့သြတုန်လှုပ်သွားကြရ၏။

အကြောင်းမှာ ဝတ်စုံနက်သည် ယောကျ်ားရင့်မကြီးတစ်ယောက်မဟုတ်ဘဲ ယောကျ်ားအသွင် ဆောင်ထားသည့် အမျိုးသမီးတစ်ယောက်ဖြစ်နေသောကြောင့်ပင်တည်း။

အမျိုးသမီးကြီးက အသံပြောင်းဆေး စားထားသဖြင့် သူမ၏အသံမှာ ယောကျ်ားအသံမျိုး ဖြစ်ပေါ်နေ၏။

သူတို့၏ ကျောင်းထဲသို့ တစ်ကြိမ်တစ်ခါမှ အမျိုးသမီးများကိုဝင်ခွင့်မပြုဘဲထားရာ ယခု ကျောင်းခန်းမကြီးအတွင်း အမျိုးသမီးတစ်ယောက် သေဆုံးနေပြီဖြစ်ကြောင့် အားလုံးမှာ အံ့သြတုန်လှုပ်ကုန်ကြရခြင်းပင် ဖြစ်ပေ၏။





'ဟိတ်၊ မင်းတို့ ဘာငိုင်နေကြတာလဲ၊ ဒီကောင်မရဲ့အလောင်းကို ဝိညာဉ်နတ် ချောက်ကမ်းပါးထဲ သွားပစ်ချလိုက်'

ဝတ်ရုံနီလာမာဂိုဏ်းချုပ်ကြီးက လာမာများကို အော်ငေါက် ပြောကြားလိုက်၏။

ထိုအခါကျမှ လာမာကြီးများသည် အမျိုးသမီးကြီး၏ အလောင်းကို သယ်ဆောင်ကာ ထွက်ခွာသွားကြလေတော့၏။

'ဝေါ'

'ဂျိမ်း'

ဝတ်ရုံနီလာမာဂိုဏ်းချုပ်ကြီးက ကျောက်ခုံကြီးတစ်ခုထက်မှ သံကွင်းတစ်ခုကို ဆွဲချလိုက်ရာ စောစောက နံရံကြီးအတွင်း ဝင်ရောက် ပျောက်ကွယ်သွားသော နဂါးဓားနှင့် နဂါး သိုင်းကျမ်း တင်ထားရာ ကျောက်ခုံကြီးမှာ အပြင်ဖက်သို့ ပြန်ထွက်လာရ၏။

ဝတ်ရုံနီလာမာ ဂိုဏ်းချုပ်ကြီးနှင့် ဝါစဉ်ကြီး ပုဂ္ဂိုလ်ကြီးများက နဂါးဓားနှင့် နဂါးသိုင်းကျမ်းကို အရိုအသေ ပြုလိုက်ကြ၏။

ထိုဓားနှင့် သိုင်းကျမ်းမှာ သူတို့ ဆရာအစဉ်အဆက် ဂိုဏ်းချုပ်ကြီးများ ထားရစ်ခဲ့သော ရတနာပစ္စည်းများပင် မဟုတ်ပါလား။

ဝတ်ရုံနီလာမာကြီးများ ကျောင်းတော်သို့ တိတ်တဆိတ် ဝင်ရောက်ကာ သိုင်းကျမ်းနှင့် ဓားကို ခိုးယူသူများမှာ မနည်းလှပေ။

သို့သော် ထိုသူများအားလုံး ဓားနှင့် သိုင်းကျမ်း မရသဲ့ အားလုံး မပြန်လမ်းကိုသာ ကြွမြန်း သွားကြရသည်ချည်းသာ ဖြစ်၏။

ဝတ်ရုံနီလာမာဂိုဏ်းချုပ်ကြီးနှင့် ဝါစဉ်ကြီးပုဂ္ဂိုလ်များက ကြေးအိုးကြီးများ အတွင်း ဆီမွှေးတိုင်များ ပူဇော်ကာ ကျောက်ဖယောင်းတိုင်ကြီးများကို မီးထွန်းညှိလိုက်ကြ၏။

'ဒေါင် ဒေါင် ဒေါင်'

မကြာမီ ကျောက်ခေါင်းလောင်းကြီးများထိုးသံကို ကြားလိုက်ရပြီးနောက် ဝတ်ရုံနီလာမာဂိုဏ်းချုပ်ကြီးနှင့် ပုဂ္ဂိုလ်ကြီးများ ခန်းမဆောင်ကြီး အတွင်းမှ ပြန်လည် ထွက်ခွာသွားကြလေတော့၏။

• • •

ဝှမ်ဟိုမြစ်ရေသည် မြင်းထန်စွာ စီးဆင်းလျက် ရှိနေ၏။ မြစ်ကမ်းစပ်တစ်လျှောက် ကြံခင်းကြီးများမှာ မျက်စိတစ်ဆုံး ရှိနေကြ၏။





လိမ္မော်ရောင် တဖျပ်ဖျပ် တောက်လက်နေသော နေလုံးကြီးသည် အနောက်ဖက်တောစပ်တန်းတောင်စွယ်များထက်တွင် မေးတင်စ ပြုနေလေပြီ။

မိုးကောင်းကင်တစ်ခုလုံး ပုစွန်ဆီရောင်များ သမ်းနေကာ တိမ်ရောင်စုံများ ဖြစ်ပေါ်နေ၏။

ညနေခင်း၏အလှဆုံးအချိန်လည်း ဖြစ်၏။ ကျုံခင်းကြီးများ အလယ်ခေါင်မှ လမ်းကလေးအတိုင်း အပြူရောင်ဝတ်စုံနှင့် လူရွယ်တစ်ယောက်က လျှောက်လာ၏။

လူရွယ်က အပြူရောင် ပိုးသား ဝတ်စုံရှင်ကို သေသပ်စွာ ဝတ်ဆင်ထားပြီး ဓားတစ်လက်ကို ကျောစွင် ပိုးလွယ်ထား၏။

လူရွယ်၏ စူးရှတောက်လက်သော မျက်လုံး၊ သံမဏိကိုသွန်းလောင်းထားသည့်အလား အချိုးကျ ကြံ့ခိုင်သည့် ကိုယ်ခန္ဓာ၊ ကျောမှ လွယ်ထားသော ဓားတို့ကို ကြည့်ရခြင်းအားဖြင့် အဆင့်မြင့် သိုင်းသမားတစ်ယောက်မှန်း သိသာလှလေ၏။

လူရွယ်သည် ကျုံခင်းကြီး၏ အလယ်ခေါင်မှ ဖောက်ထားသော လမ်းကျဉ်းကလေးအတိုင်း လျှောက်လာခြင်းပင် ဖြစ်၏။

အဝါရောင် ဖျော့တော့တော့ နေခြည်သည် လူရွယ်၏ မျက်နှာသက်သို့ ဖြာဆင်း ကျရောက်နေရာ ယောကျ်ား ပီသခံ့ညားလှသည့်ရုပ်သွင်သည် နေရောင်တွင် အထင်းသားပေါ်လွင်လျက် ရှိနေ၏။

ထိုလမ်းသွယ်ကလေးမှာ ဂျုံခင်းကြီး၏အဆုံး ဝှမ်တို မြစ်ကမ်းပါးတွင် ရှိနေသည့် သောက်မဝ အရက်ဆိုင်ကလေးသို့ ဦးတည်လျက် ရှိနေ၏။

လူရွယ်က ထိုသောက်မဝ အရက်ဆိုင်ကလေးသို့ သွားနေဟန်တူပေ၏။

နေရောင်ခြည် ပိုမို မှေးမှိန် ဖျော့တော့လာ၏။ နေလုံးက တောင်တန်းကြီးများ နောက်သို့ ငုပ်လျှိုးရန် ဟန်ပြင်နေလေပြီ။

'ဝှစ် ဝှစ် ဝှစ်'

ရုတ်တရက် ဂျုံခင်းကြီးများကြားမှအဝတ်လေတိုးသံများ ထွက်ပေါ်လာ၏။

အဝတ်လေတိုးသံများ ကြားလိုက်ရသည်နှင့် အဖြူရောင် ဝတ်စုံနှင့် လူရွယ်က ခြေလှမ်းအစုံကို ရပ်တန့်ပစ်လိုက်ကာ လေတိုးသံကို တစ်ချက် နားစွင့်ကြည့်လိုက်၏။

'ဟူး ဟူး ဟူး'

အဝတ်လေတိုးသံနှင့် အတူ လူရိပ်နှစ်ရိပ်က ဂျုံခင်းကြီးများကြားမှ ခုန်ပျံထွက်ပေါ်လာကြ၏။

'ဟိတ် စန်းချုံယဲ့၊ ခဏနေစမ်းပါဦးကွ'

ရုတ်တရက် ထွက်ပေါ်လာသူနှစ်ယောက်အနက်မှ ပုပုဝဝလူက အဖြူရောင်ဝတ်စုံနှင့် လူရွယ်အား ခြေးစက်စက်ထန်သောလေသံဖြင့် အော်ငေါက်ပြောကြားလိုက်၏။





ထွက်ပေါ်လာသူနှစ်ယောက်စလုံး အနက်ရောင် ကိုယ်ကြပ်ဝတ်စုံကိုများ ဝတ်ဆင်ထားကြပြီး တစ်ယောက် သံချိပ်ကပ်သံကြိုးရှည်ကြီးတစ်လက်ကို ကိုင်ဆောင်ထား၏။

အဖြူရောင် ဝတ်စုံရှင် လူရွယ်က မျက်မှောင်ကြုတ်လိုက်ပြီး....

'ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ခင်ဗျားတို့ကို ကျုပ် မသိပါလား'

အရပ်ရှည်ရှည်နှင့် လှံကိုင်ထားသူက ဟက်ခနဲ ရယ်မောလိုက်ရင်း....

'အောင်ပင်လယ်က ဗျုိင်းဖြူနဲ့ ဗျိုင်းဝါဆိုတာ မင်းမကြားဖူးဘူးလား'

'ဪ....လက်စသတ်တော့ ခင်ဗျားတို့က တောင်ပင်လယ်က ဗျိုင်းဖြူနဲ့ ဗျိုင်းဝါသိုင်းသမားတွေကိုး၊ သိုင်းလောကမှာတော့ ကျော်ကြားပါပေတယ်ဗျာ၊ ခါးပြတိုက်၊ လူသတ်၊ မီးရှို့ ဒုစရိုက်လုပ်ငန်းတွေမှာတော့ ခင်ဗျားတို့ နှစ်ယောက်ဟာ နာမည်ကျော်ပါပဲ'

လူရွယ်၏ စကားမှာ မှန်ကန်နေ၏။ တောင်ပင်လယ် ဗျိုင်းဖြူနှင့် ဗျိုင်းဝါတို့သည် အနက်ရောင် သိုင်းသမားများ ဖြစ်ကြပြီး ခါးပြတိုက်၊ လူသတ်၊ မကောင်းမှု ဒုစရိုက်လုပ်ငန်းတို့ ကျူးလွန် လုပ်ကိုင်နေကြသူများပင် ဖြစ်ပေသည်။

လူရွယ်၏ စကားကြောင့် ဗျိုင်းဖြူနှင့် ဗျိုင်းဝါတို့မှာ မျက်နှာကြီး ညိုမှောင်သွားကြရ၏။

ဗျိုင်းဝါ၏ အမည်ရင်းမှာ ထန်တင်ဖြစ်ပြီး ဗျိုင်းဖြူ၏ အမည်မှာ ကုန်းစွန်းဖြစ်သည်။

ဗျိုင်းဝါထန်တင်က မျက်မှောင်ကြုတ်လိုက်ကာ....

'ဟိတ် စန်းချုံယဲ့၊ မင်းစကားတွေ ငါတို့ကို တော်တော် စော်ကားနေပါလား၊ အခုလာတာ မင်းအတွက် ငါတို့က လာခဲ့တာကွ'

စန်းချုံယဲ့ အမည်ရှိ အဖြူရောင်ဝတ်စုံရှင် ဓားသမားက မျက်ခုံးနှစ်ဖက်ကို မြှင့်လိုက်ပြီး....

'ကျုပ်အတွက် ဟုတ်လား၊ ဆိုစမ်းပါဦး'

ဗျိုင်းဖြူ ကုန်းစွန်းက....

'အေး ဟုတ်တယ်၊ မင်းအတွက်ပဲ၊ ငါတို့ကို စကြာစံအိမ်သခင်ကြီး မိုယင်ချုံးက စေလွှတ်လိုက်လို့ပဲ'

'မိုယင်ချုံးက ခင်ဗျားတို့ကို ဘာတွေများ ခိုင်းလိုက်လို့လဲ'

ဗျိုင်းဝါထန်တင်က

'စကြာစံအိမ်မှာ အမှုထမ်းဖို့ ဆင့်ခေါ်လိုက်တာပဲ၊ မင်းကို ဂိုဏ်းခွဲမှူးရာထူး ပေးလိမ့်မယ်၊ ဒါကြောင့် လိုက်ခေါ်ရတာ၊ မင်း ငါတို့နဲ့ ချက်ချင်း လိုက်ခဲ့ပါ'





စန်းချုံယဲ့က ဟက်ခနဲ ရယ်မောလိုက်ပြီး....

'ကျုပ်က ဘယ်သူ့လက်အောက်မှ အမှုထမ်းချင်တာ မဟုတ်ဘူး၊ လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်၊ စကြာစံအိမ်ဆိုတာ အမှောင်လောကက အနက်ရောင် ဒုစရိုက်သိုင်းဂိုဏ်းကြီး တစ်ဂိုဏ်းပဲ၊ ကျုပ်က ဒုစရိုက်သမားတွေနဲ့ အပေါင်းအသင်း မလုပ်ချင်ပါဘူး၊ ဂိုဏ်းခွဲမှူးရာထူးလဲ မမက်မောဘူး၊ မိုယင်ချုံးကို ပြောလိုက်ပါ၊ ကျုပ်က ဝမ်းနည်းစွာ ငြင်းပယ်လိုက်ပါတယ်လို့'

'ဘာကွ ဘာ'

'တောက် ဟင်း'

အဖြူရောင် သိုင်းကွင် စန်းချုံယဲ့ စကားကြောင့် ထန်တင်နှင့် ကုန်းစွန်းတို့မှာ ရှူးခနဲ ထောင်းခနဲ ဒေါသထွက်သွားမိကြရ၏။

'ဟိတ်ကောင်၊ မင်း ငါတို့နဲ့ လိုက်ခဲ့မလား မလိုက်ဘူးလား ဒါပဲပြော'

ကုန်းစွန်းက စူးရှကျယ်လောင်စွာ အော်ငေါက်လိုက်၏။ စန်းချုံယဲ့က တစ်ချက်ပြုံးလိုက်ကာ....

'လုံးဝ မလိုက်နိုင်ဘူး'

'ဒါဆိုရင် ငါတို့က စကြာစံအိမ်သခင်ကြီး မိုယင်ချုံး မှာကြားလိုက်တဲ့အတိုင်း ဆောင်ရွက်ရမှာပဲ'

'သူက ဘာ့ယ်လိုများ မှာလိုက်လို့လဲ'

'သူက မင်းမလိုက်သာရင် အပြတ်ရှင်းပစ်ခဲ့လို့ မှာလိုက်တယ်'

'မြသွ်...ဒီလိုကိုး၊ တစ်နေ့တော့ ဒီကောင်ကြီးနဲ့ ကျုပ်တွေ့ကြဦးမှာပေါ့လေ၊ လောလောဆယ်တော့ ကျုပ်ကို ခွင့်ပြုဦး'

စကားဆုံးသည်နှင့် အဖြူရောင်သိုင်းလုလင် စန်းချုံယဲ့က ...ခနဲ လှည့်ကာ ထွက်ခွာသွားတော့၏။

'ဝှစ် ဝှစ် ဝှစ်'

'ဟူး ဟူး ဟူး'

ချက်ချင်းပင် လူရိပ်နှစ်ရိပ်က အထက်သို့ ထိုးတက်သွားကာ စန်းချုံယဲ့ကို ကျော်ဖြတ်ပြီး ရှေ့သို့ ကျရောက်သွားကြလေသည်။

'ဝှစ် ဝှစ် ဝှစ်'

ဗျူငိုင်းဝါ ထန်တင်က သံချိပ်ချွန်တပ် သံကြိုးရှည်ကြီးကို တဝှစ်ဝှစ် တဝှီးဝှီး ဝှေ့ယမ်းပစ်လိုက်၏။

ဗျူငိုင်းဖြူ ကုန်းစွန်းက လှံရှည်ကို ဝှီးခနဲ ဝှေ့ယမ်းပစ်လိုက်၏။ စန်းချုံယဲ့က ထိုငမိုက်သားနှစ်ယောက်ကိုကြည့်ကာ ဟက်ခနဲ ရယ်မောလိုက်ပြီး....





'ဘာလဲ ခင်ဗျားတို့နှစ်ယောက်က ကျုပ်ကို တိုက်ခိုက်မလို့လား၊ စဉ်းစားကြဦးနော်၊ ကျုပ်ဓားက လူရွေးတာ မဟုတ်ဘူး၊ ကျုပ်ဓားက ထုတ်ပြီးတာနဲ့ သွေးစွန်းရမှ ကျေနပ်တာ'

ထန်တင်က ခက်ထန်တင်းမာသော လေသံဖြင့်...

'စန်းချုံယဲ့ ဘာမှ စဉ်းစားနေစရာ မလိုဘူး၊ သေပေတော့....'

'ယား'

'ဟိုင်း'

ချက်ချင်းပင် ထန်တင်နှင့် ကုန်းစွန်းတို့က လက်နက်များဝှေ့ယမ်းကာ စန်းချုံယဲ့ကို ဝဲယာခွဲ၍ ဝင်ရောက်တိုက်ခိုက်လိုက်ကြ၏။

'ယား

'ဝှစ်'

စန်းချုံယဲ့က လက်နက်နှစ်ခုကြားမှ လေထဲသို့ ထိုးတက်ကာ ရှောင်တိမ်းပေးလိုက်၏။

ထန်တင်နှင့် ကုန်းစွန်းတို့ကလည်း အထက်သို့ထိုးက်လိုက်ပါလာကြ၏။

စန်းချုံယဲ့မှာ ဓားမထုတ်မဖြစ်တော့သဖြင့် ဓားကိုဆွဲထုတ်လိုက်ရပြီး လက်နက်နှစ်ခုစလုံးကို ခတ်ထုတ်ပစ်လိုက်ရ၏။

'ထန်း ထန်း ထန်း'

စန်းချုံယဲ့၏ဓားချက်ကြောင့် သံကြိုးရှည်နှင့် လှံရှည်မှာ တထန်းထန်း မြည်ဟည်းကာ နောက်သို့ ပြန်ကန်ထွက်သွားရသည်။

လက်နက်များ ပြင်းထန်စွာ ထိခတ်လိုက်မှုကြောင့် မီးပွင့်မီးပွားများ တဖြန်းဖြန်း ပွင့်ဖြာထွက်သွားရ၏။

သုံးယောက်စလုံး လေထဲမှာပင် ကျွမ်းပစ်ကာ လမ်းသွယ်ကလေး အပေါ်သို့ မြန်ကျလာကြရ၏။

'ယား'
'ဝှီး'

ကုန်းစွန်းက လှံရှည်ကိုဝှေ့ယမ်းရင်း ဝင်ရောက်လာသော လှံဖျားနှင့် စန်းချုံယဲ့၏ရင်ဝဆီသို့ ထိုးသွင်းပစ်လိုက်၏။

စန်းချုံယဲ့က ကိုယ်ကိုယိမ်းကာ ရှောင်တိမ်းပေးလိုက်ပြီး ကုန်းစွန်း၏ဝမ်းဗိုက်ဆီသို့ ဓားဖျားဖြင့် ဖြတ်သိမ်းပေးလိုက်လေသည်။

'ဝှစ်'

ကုန်းစွန်းက ကိုယ်ကိုနောက်သို့လှန်ချကာ အမြန်ဆုံးရှောင်တိမ်းပေးလိုက်သဖြင့် သက်သာရာရသွားခြင်းပင် ဖြစ်၏။

သို့မဟုတ်ပါက ဝမ်းဗိုက်ပွင့်ကာအူများ အခွေလိုက်ထွက်ကျသွားရမည်ပင်ဖြစ်၏။





ဗျူဝင်းဝါနှင့် ဗျူဝင်းဖြူတို့မှာ သိုင်းလောကတွင် ကျော်ကြားသော အနက်ရောင် ဒုစရိုက်သိုင်း သမားများပီပီတိုက်ခိုက်ရာတွင် ရက်စက်ကြမ်းကြုတ်ပြီး ပြင်းထန် မြန်ဆန်လှပေ၏။

'ဝှီး'

ထန်တင်က နဂါးအမြီးယမ်းသိုင်းကွက်ဖြင့် သံကြိုးရှည်ကြီးကို ဝှေ့ယမ်းတိုက်ခိုက်ပစ်လိုက်ရာ သံကြိုးနှင့်အတူ ချိတ်ချွန်ကြီးက စန်းချုံယဲ့ထံသို့ တစ်ဟုန်ထိုး ဝင်ရောက် လာလေသည်။

'ထန်း ထန်း ထန်း'

စန်းချုံယဲ့က ဓားတစ်လျှောက် အတွင်းအား ထည့်ကာ ခုတ်ပိုင်းပစ်လိုက်ရာ ထန်တင်၏သံကြိုးရှည်ကြီးမှာ အပိုင်းပိုင်း ပြတ်တောက်ထွက်သွားရတော့၏။

တစ်ချိန်တည်းမှာပင် စန်းချုံယဲ့၏ဓားက ဒုစရိုက်သမား ထန်တင်၏ နံကြားဆီသို့ ထိုးဖောက် ဝင်ရောက် သွားတော့သည်။

'ယား'
'ဝှစ်'
'အား'

ဗျူဝင်းဝါထန်တင်မှာ အသံနက်ကြီးဖြင့် အော်ဟစ်ကာ သွေးသံရဲရဲဖြင့် လွင့်စဉ်ထွက်သွားရလေ၏။

'ဟင်'

ထန်တင် မချိမဆန့်အဆက်ပျောက်သွားသည်ကို မြင်လိုက်ရလျှင် ဗျိုင်းဖြူကုန်းစွန်းမှာ အာမေဋိတ်သံထွက်ကာ စန်းချုံယဲ့ကို အကြီးအကျယ် ဒေါသထွက်သွားရလေ၏။

စန်းချုံယဲ့က ဓားဦးကို ရှေ့သို့ညွှန်ကာ ဟက်ခနဲ ရယ်မောလိုက်ပြီး....

'ကိုင်း ကျုပ်ပြောတာမှန်တယ်မဟုတ်လား၊ ကျုပ် ဓားက ထုတ်ပြီးပြီဆိုရင် ဒုစရိုက်ကောင်တွေကို ရှင်းပစ်ရမှ ကျေနပ်တာ၊ အခု ခင်ဗျားအဖော်တော့ ငရဲကို ရောက်သွားပြီ၊ ခင်ဗျားပဲ ကျန်တော့တယ်၊ အခုနေ ခင်ဗျားထွက်သွားရင် အချိန်မီသေးတယ်၊ တော်ကြာ ကျုပ်ဓားချက်နဲ့ အသက်ပျောက်သွားရလိမ့်မယ်'

ဗျိုင်းဖြူ ကုန်းစွန်းက တဟားဟား ရယ်မောလိုက်ပြီး....

'ဟား ဟား ဟား ငါဆိုတဲ့ကောင်က ရှေ့တိုးပြီးရင် ဘယ်တော့မှ နောက်မဆုတ်ဘူးကွ၊ စန်းချုံယဲ့ ဒီကနေ့ မင်းကို ငါ အပြတ်ရှင်းပစ်မယ် ဟေ့'

'ယား'

စကားဆုံးသည်နှင့် ဗျိုင်းဖြူကုန်းစွန်းက လှံရှည်ကို ဝှီးခနဲ ဝှေ့ယမ်းကာ စန်းချုံယဲ့ထံသို့ ခုန်ပျံ ဝင်ရောက် လာလေတော့၏။

'ဝှစ်'

'ချွမ်း'





ဝင်လုစဲ နေရောင်အောက်တွင် ဓားနှင့်လှံတို့ ပြင်းထန်စွာ ထိခတ်မိလိုက်ရာ ချွမ်းခနဲ မြည်ဟည်းပြီး မီးများပွင့်ထွက်သွားရ၏။

'ယား'

'ဟိုင်း'

ဗျိုင်းဖြူကုန်းစွန်းက တောင်ဖောက် လှံချက်ဖြင့် တိုက်ခိုက်လိုက်သလို စန်းချုံယဲ့က ရတနာဓားကို ဝှေ့ယမ်းရင်း လေပွေဓားချက်ဖြင့် တိုက်ခိုက်ပစ်လိုက်၏။

'ထန်း ထန်း ထန်း

'ချွမ်း ချွမ်း ချွမ်း'

ဓားနှင့်လှံတို့မှာ အဆက်မပြတ် ထိခတ်ကာ မီးများ ပွင့်ထွက်သွားရ၏။

ကုန်းစွန်း၏ လှံရှည်က စက်ဝိုင်းသဏ္ဍာန် လည်ပတ်နေသလို စန်းချုံယဲ့၏ ရတနာဓားကလည်း လေမုန်တိုင်းကျသလို ပြင်းထန်စွာ တိုက်ခိုက်လျက် ရှိနေ၏။

'ထန်း'

'အီး'

ရုတ်တရက် စန်းချုံယဲ့၏ ဓားချက်ကြောင့် ကုန်းစွန်း၏ လှံရှည်မှာ အပိုင်းပိုင်း ပြတ်ထွက်သွားရပြီး နက်ရှိုင်းသော ဓားချက်က ကုန်းစွန်း၏ ရင်ဝကို နစ်မြုပ် ဝင်ရောက် သွားတော့၏။

ကုန်းစွန်းက အသံနက်ကြီးဖြင့် အော်ဟစ်ကာ နောက်သို့ လွင့်စဉ်ထွက်သွားရ၏။

ကုန်းစွန်းသည် မြေပေါ်သို့ ဘုန်းခနဲ လဲကျကာ အသက် ပျောက်သွားရတော့၏။

ငမိုက်သား ဒုစရိုက်ကောင် နှစ်ကောင်စလုံး အသက် ပျောက်သွားရပြီ ဖြစ်သလို နေလုံးကြီးသည်လည်း အနောက် ဖက် တောင်တန်းတောင်စွယ်များနောက်သို့ ငုပ်လျှိုးပျောက် ကွယ်သွားရလေပြီ။

'ချလွမ်'

စန်းချုံယဲ့က ဒုစရိုက်သမား နှစ်ယောက်ကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး ဓားကို ဓားအိမ်အတွင်းသို့ ပြန်ထည့်လိုက် ၏။ ပြီးနောက် သူက ဝှမ်ဟိုမြစ်ကမ်းစပ်ရှိ သောက်မဝ အရက် ဆိုင်ကလေးသို့ ထွက်ခွာသွားလေတော့၏။

သောက်မဝ အရက်ဆိုင် ဆိုသည့်အတိုင်း ဘယ်လောက် သောက်သောက် မဝသည့် အရက်ဆိုင်ပင် ဖြစ်၏။





သောက်မဝ အရက်ဆိုင်မှာ နာမည်ကျော် ဖြစ်သည့် အတိုင်း သိုင်းလောကသားများ လာရောက်သောက်စားလေ့ ရှိကြ၏။

ယခုလည်း စန်းချုံယဲ့သည် ဤနာမည်ကျော်အရက်ဆိုင် သို့ ရောက်ရှိ လာခဲ့ရလေပြီ။

သောက်မဝ အရက်ဆိုင်ကလေးအတွင်း မီးရောင်များက လင်းလက်လျက် ရှိနေ၏။

ဆိုင်အတွင်းတွင် အရက်သောက်မည့် သိုင်းလောကသား များက စောစီးစွာ ရောက်ရှိနေကြလေပြီ။

ဤနေရာတွင် အချို့သော သိုင်းသမားများက သိုင်းလော ကနှင့် စပ်လျဉ်း၍ ဆွေးနွေး တိုင်ပင်တတ်ကြ၏။

အချို့သော သိုင်းသမားအိုကြီးများက သိုင်းလောက ပုံ ပြင်များကို အရက်မူးမူးနှင့် ပြောတတ်ကြ၏။

ဤသောက်မဝအရက်ဆိုင်ကလေးမှာ လူစုံပြီး အဖြူရောင် သိုင်းလောကသားများရော အနက်ရောင်ဒုစရိုက် သိုင်းသမား များပါ စုံလင်စွာ ရှိနေတတ်ကြ၏။

ထို့ကြောင့်ပင် စန်းချုံယဲ့က ဤအရက်ဆိုင်သို့ လာခဲ့ရ ခြင်းပင် ဖြစ်၏။

သူက သိုင်းလောကမှ သတင်းတစ်ပုဒ်ကို စုံစမ်းရန် ရှိနေ ၏။ ထိုသတင်းသည်ကား ယခုတစ်လော အလွန်နာမည်ကြီးနေ

သည့် မဟူရာသိုင်းနတ်သမီး အမည်ရှိ အမျိုးသမီးတစ်ယောက်၏ အကြောင်းပင် ဖြစ်၏။

ထိုမဟူရာသိုင်းနတ်သမီး၏ အမည်ရင်းမှာ မည်သူမည်ဝါဖြစ်သည်ကို မည်သူမျှ မသိကြပေ။

မဟူရာသိုင်းနတ်သမီးသည် အချို့က အလွန် ချောမောသော မိန်းမပျိုတစ်ယောက်ဟုပြောကြပြီး အချို့ကမူ အလွန်တရာ ရုပ်ဆိုးသော အသားမည်းနက်နက် အဘွားအိုကြီးတစ်ယောက်ဟု ပြောကြ၏။

မဟူရာသိုင်းနတ်သမီးသည် လျှို့ဝှက်ဆန်းကြယ်သော သိုင်းပညာရှင်တစ်ယောက်ဖြစ်ပြီး အနက်ရောင် ဒုစရိုက်သိုင်းသမားတစ်ယောက်မဟုတ်သလို အဖြူရောင် သစ္စာဘက်တော်သားသိုင်းသမားတစ်ယောက်လည်း မဟုတ်ပါချေ။

မဟူရာသိုင်းနတ်သမီးကို တွေ့ဖူးမြင်ဖူးသူများက သူမသည် အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး မျက်နှာဖုံးစွပ်ထားသည်ဟု ဆိုကြ၏။

စန်းချုံယဲ့သည် အဘယ့်ကြောင့် မဟူရာသိုင်းနတ်သမီးကို စုံစမ်းလိုနေပါသနည်း။

စန်းချုံယဲ့တွင် ပြဿနာတစ်ရပ်ရှိနေသောကြောင့်မဟူရာသိုင်းနတ်သမီးကို စုံစမ်းရှာဖွေနေခြင်းပင်ဖြစ်၏ မဟူရာသိုင်းနတ်သမီးနှင့်ဆုံတွေ့ရလျှင် သူသိလိုသောအဖြေကို ရှာဖွေရရှိမည် ဖြစ်၏။





ဤသောက်မဝ အရက်ဆိုင်မှာ လူစုံပြီး သတင်းစုံသောကြောင့် သူက အရောက်လာခဲ့ရခြင်းပင်ဖြစ်၏။ သူက ဆိုင်ထဲသို့ ဝင်လာခဲ့ပြီး ချောင်ကျကျစားပွဲတစ်လုံးတွင် ထိုင်ကာ စားစရာများကို မှာယူလိုက်၏။

ချက်ချင်းပင် ဆိုင်အလုပ်သမားလေးတစ်ယောက်က စန်းချုံယဲ့အတွက် အရက်နှင့်စားစရာများ ယူဆောင်လာခဲ့၏။ သောက်မဝအရက်ဆိုင်အတွင်း လူအတော်စုံနေလေပြီ။

အဖြူရောင်သစ္စာဘက်တော်သား သိုင်းသမားများသာမက အနက်ရောင် ဒုစရိုက် သိုင်းသမားများကိုပါ တွေ့မြင်နေရ၏။ ဆိုင်အတွင်း အရက်ခွက်ငှဲ့သံ၊ စကားပြောသံများမှာ ဆူညံပွက်လောရိုက်လျက်ရှိနေ၏။

စန်းချုံယဲ့က ရောက်ရှိလာသောအရက်နှင့်စားစရာများကို စားသောက်ရင်း သိုင်းလောကသားများ ပြောဆိုနေကြသော စကားများကို အမှတ်မထင် နားစွင့်နေမိ၏။

ဝံပုလွေတောင်မှ အနက်ရောင်သိုင်းသမားတစ်ယောက်က သူ့အဖော်များအား....

'မကြာခင်ကျင်းပတော့မယ့် နတ်မီးတောင်သိုင်းပြိုင်ပွဲကြီးမှာ မဟူရာသိုင်းနတ်သမီးကိုယ်တိုင် လာမယ်ဆိုပဲ၊ သူလာရင်ပွဲတာ အရမ်းကိုကြည့်ကောင်းမှာပဲ'

ထိုသူ၏ အဖော်ဖြစ်သူ မျက်လုံးတစ်ဖက်တွင် အဝတ်စည်းထားသော အနက်ရောင် သိုင်းသမားက အရက်တစ်ခွက်ကို ကွပ်ခနဲ မော့သောက်လိုက်ရင်း....

'အဲဒါ မင်းကိုဘယ်သူပြောသလဲ၊ သူလာမယ်ဆိုတာကျိန်းသေလို့လား'

'ဟာ...ကျိန်းသေလို့ ပြောတာပေါ့ကွ၊ ငါတို့ ဒီကိုအလာ ဝူတန်ဂိုဏ်းက ရသေ့ကြီး မာယင်ကျိနဲ့တွေ့လို့ ပြောပြလိုက်တာ၊ ဝူတန်ဂိုဏ်းက ရသေ့ကြီး မာယင်ကျိက ဝါစဉ်ကြီးပုဂ္ဂိုလ်တစ်ယောက်ပဲ၊ သူက မဟုတ်တာပြောပါ့မလား'

ထိုလူစုထဲမှ လက်မောင်းတစ်ဖက်စီတွင် သံကွင်းလေးကွင်းစီ စွပ်ထားသော အနက်ရောင်သိုင်းသမားက စားပွဲကို လက်ဝါးဖြင့် ဖြန်းခနဲပုတ်လိုက်ရင်း....

'ရသေ့ကြီး မာယင်ကျိပြောရင် မှန်နေပြီပေါ့၊ ဒီရသေ့ကြီး ပြောရင် လွဲလေ့မရှိဘူး၊ ဒီအတိုင်းဆို နတ်မီးတောင်သိုင်းပြိုင်ပွဲကြီးဟာ အရမ်းကိုစည်ကားပြီး ကြည့်ကောင်းတော့မှာပဲ'

ထိုလူစုပြောဆိုနေသောစကားများကြောင့် အရက်ဆိုင်ထဲတွင်ရှိနေသော သိုင်းလောကသားများမှာ ထိုလူစု၏ စကားများကို စိတ်ဝင်စားသွားကြရကာ နားစွင့်နေမိကြ၏။

သို့သော် ထိုအနက်ရောင်သိုင်းသမားက မဟူရာသိုင်းနတ်သမီးအကြောင်း မပြောတော့ဘဲ အခြားအကြောင်းများကို





သာ ပြောဆိုနေကြသောကြောင့် နားစွင့်နေသော သူများမှာ စိတ်ပျက်သွားကာ မိမိတို့ဘာသာ မိမိတို့ ဆက်လက် စားသောက်နေကြလေ၏။

ယင်းအချိန်မှာပင် အပြင်ဖက်မှ တစ်ဒေါက်ဒေါက် ထောက်လာသော တောင်ဝှေးသံ ကြားလိုက်ရလျှင် သိုင်းသမားတစ်ယောက်က....

'ဟော....ထုံးစံအတိုင်း ပုံပြင်ဘိုးဘိုးကတော့ အချိန်မှန်မှန် ရောက်လာပြီ၊ ပုံပြင်ဘိုးဘိုးက ဒီကနေ့ ဘယ်သိုင်းပုံပြင် ဇာတ်လမ်းကို ပြောပြမလဲမသိဘူး'

ထိုသူ၏စကား မဆုံးမီမှာပင် ဆိုင်တံခါးဝသို့ အဘိုးအို တစ်ယောက် ရောက်ရှိလာ၏။

အဘိုးအိုက လက်ထဲတွင် တောင်ဝှေးတစ်ချောင်း ကိုင်ဆောင်ထားပြီး မီးခိုးရောင်အင်္ကျီရှည်ကြီးကိုဝတ်ဆင်ထား၏။

အဘိုးအို၏ ဆံပင် မုတ်ဆိတ်များမှာ နှင်းပွင့်များပမာ ဆွတ်ဆွတ်ဖြူနေပြီး မျက်ခုံးမွေးရှည်ကြီးများမှာ ပါးပြင်နှစ်ဖက်သို့တိုင် ကျဆင်းလျက်ရှိနေ၏။

စန်းချုံယွဲ့မှာ ပုံပြင်အဘိုးအိုဆိုသူကို တစ်ခါမှ မမြင်ဘူးသဖြင့် စူးစိုက်ကြည့်နေမိ၏။

ပုံပြင်ဘိုးဘိုးဆိုသည့် အဘိုးအိုက ဆိုင်ထဲသို့ ချက်ချင်း မဝင်သေးဘဲ အပေါက်ဝမှရပ်ကာ ဆိုင်ထဲသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ရင်း....

'အောင်မာ၊ ဒီကနေ့ဆိုင်ထဲမှာ တော်တော်စုံပါလား၊ အိမ်း ဒီကနေ့တော့ မင်းတို့ကို ငါအထူးလက်ဆောင်အဖြစ် သိုင်းပုံပြင်တစ်ခုကို ပြောပြရတော့မှာပေါ့၊ ဟဲ ဟဲ ဟဲ'

အဘိုးအိုက ရယ်မောပြောကြားလိုက်ရင်း ဆိုင်ထဲသို့ တောင်ဝှေးကို တစ်ခေါက်ခေါက်ထောက်ကာ ဝင်ရောက်လာခဲ့၏။

'လောင်ချန်း၊ ငါ့အတွက် ထုံးစံအတိုင်းဟေ့'

အဘိုးအိုက ပြောလိုက်လျှင် ဆိုင်ရှင်အဘိုးအိုအတွက် ကြီးမားသော အရက်အိုးကြီးသုံးလုံးနှင့် ဟင်းပွဲရှစ်ပွဲကို အဘိုးအို ထိုင်နေရာ စားပွဲထက်သို့ လာရောက်ချထားပေးလိုက်၏။

သိုင်းသမားတစ်ယောက်က အဘိုးအိုအား အရိုအသေ ပြုလိုက်ကာ....

ပုံပြင်ဘိုးဘိုးခင်ဗျား ဒီကနေ့ ဘယ်သိုင်းပုံပြင်အကြောင်းကို ပြောမှာပါလဲခင်ဗျား'

'ပုံပြင်ဘိုးဘိုးဆိုသည့် အဘိုးအိုက အရက်ခွက်ထဲသို့ အရက်များ လောင်းထည့်လိုက်ရင်း....

'ဒီကနေ့ ငါပြောမယ့် သိုင်းပုံပြင်ကတော့ အင်မတန်မှ ဆန်းကြယ်ပြီး လျှို့ဝှက်နက်နဲတဲ့ သိုင်းပုံပြင်တစ်ပုဒ်ပဲဖြစ်တယ်၊ ခဏနေပါဦးကွာ၊ ငါ ဒီအရက်တစ်အိုး ကုန်အောင်သောက်ပြီးမှ ပြောပြပါ့မယ်'





အဘိုးအိုက ပြောလိုက်ကာ အရက်ခွက်ကို ကောက်ကိုင်ရင်း တကွပ်ကွပ် မော့သောက်လိုက်၏။

ထို့နောက် တူနှစ်ချောင်းဖြင့် ဟင်းဖတ်များ ကောက်စားလိုက် အရက်သောက်လိုက်နှင့် အတော်ပင် အလုပ်ရှုပ်လျက် ရှိနေ၏။

ဆိုင်ထဲရှိ အဖြူရောင်သိုင်းသမားများရော အနက်ရောင်သိုင်းသမားများပါ အဘိုးအိုပြောကြားမည်ဆိုသည့် လျှို့ဝှက်ဆန်းကြယ်သောပုံပြင်ကို စိတ်ဝင်တစား စောင့်မျှော်လျက် ရှိနေကြသည်။

စန်းချုံယဲ့မှာလည်း အရက်ကို တစိမ့်စိမ့်သောက်ရင်း စောင့်ဆိုင်းနေမိလေတော့၏။

• • •

'အဟမ်း'

အရက်အိုးကြီးတစ်အိုး ပြောင်စင်သွားသည်နှင့် အဘိုးအိုက သူ၏သိုင်းပုံပြင်ကို စတင်ပြောကြားလိုက်တော့၏။

'ရှင်စူဟိုင် ပင်လယ်လို့ခေါ်တဲ့ ပိစွ်ရေအိုင်ကြီးထဲမှာ ရှောက်လှင်အယ်လို့ခေါ်တဲ့ ကျွန်းကြီးတစ်ကျွန်းရှိသတဲ့၊ အဲ့ဒီ

ကျွန်းကြီးပေါ်မှာ ယန့်စန်လန့်လို့ အမည်ရှိတဲ့ သိုင်းပညာရှင်ကြီးတစ်ယောက် နေထိုင်တယ်၊ သိုင်းပညာရှင်ကြီးယန့်စန်လန့်ဟာ တစ်နေ့မှာ ရှင်စူဟိုင်ပင်လယ်ထဲက ပုလဲလုံးကြီးတွေကို ပေါင်းစပ်တီထွင်ပြီး ဓားတစ်လက်ပြုလုပ်တယ်၊ ဒီဓားကို သူက ပုလဲရောင်ခြည်ဓားလို့ အမည်ပေးလိုက်တယ်၊ ပုလဲရောင်ခြည်ဓားဟာ အမြဲအသင်းတန်းတွေထွက်နေပြီး ညဆိုရင် မီးထွန်းစရာတောင်မလိုဘူး၊ ပတ်ဝန်းကျင်ကို ဓားထုတ်လိုက်တာနဲ့ လင်းထိန်သွားစေနိုင်တယ်၊ အလွန်တန်ဖိုးရှိတဲ့ ဓားပေါ့ကွယ်၊ ဓားက နှစ်ဖက်သွားဓားဖြစ်ပြီး အရမ်းထက်မြက်တယ်၊ ဓားချင်း ခုတ်ချလိုက်တာနဲ့ တစ်ဖက်ကဓားဟာ ပြတ်ထွက်သွားနိုင်တယ်၊ ယန့်စန်လန့်ဟာ ပုလဲရောင်ခြည်ဓားကို တီထွင်ပြုလုပ်ပြီးသာနဲ့ ဓားကို ဘယ်သူ့လက်ထဲအပ်ရမှန်းမသိ ဖြစ်နေတယ်'

ပုံပြင်ဘိုးဘိုးက စကားကိုဖြတ်လိုက်ပြီး အရက်တစ်အိုးကုန်အောင် မော့သောက်လိုက်၏။ ဟင်းဖတ်များ ကောက်ဝါးလိုက်ပြီး....

'ဓားကလဲ အရမ်းကောင်းနေတာကိုး၊ သူကလဲ နှမျောနေမိတယ်၊ နောက်ဆုံးမှာ သူက အကြံတစ်ခုရလိုက်ပြီး၊ သိုင်းပြိုင်ပွဲကြီး ကျင်းပမယ်၊ နိုင်တဲ့လူကို ဒီပုလဲရောင်ခြည်ဓားကို ဆုအဖြစ် ပေးမယ်ဆိုတော့ သိုင်းလောကသားတွေ ရောက်လာပြီး အယ်ကျွန်းကြီးကို ခြေကုန်သုတ်သွားကြတာပေါ့၊ ဒီသိုင်းပြိုင်ပွဲ





ကြီးဟာ ဆင်မတန်ကို ကြီးကျယ်ခမ်းနားပြီး ကြက်ပျံမကျ စည်ကားလှတယ် အနယ်နယ် အရပ်ရပ်က သိုင်းသမားတွေ လာကြတာပေါ့'

အဘိုးအိုက ခဏရပ်လိုက်ပြီး၊ အရက်သောက်ကာ ဆက်ပြောလိုက်မြန်၏။

'ဒီသိုင်းပြိုင်ပွဲကို လာကြတဲ့လူတွေအထဲမှာ သံမြင်းဗလကြီး စီယွန်ချိန်ရဲ့သား စီကွမ်ချိန်၊ နဂါးပျံဓားသမားကြီး ပိုင်ထိုက်ကွမ်းရဲ့သား ပိုင်ထိုက်မူ၊ အနောက်ကျွန်းသခင်မကြီး ကျင်ဖေ့ရဲ့ သမီးကလေး ကျင်းကျင်းတို့လဲ ပါဝင်ကြတယ်၊ သူတို့သုံးယောက်က အသက်မတိမ်းမယိမ်း၊ တက်သစ်စလူငယ် သိုင်းသမားကလေးတွေပဲ၊ သိုင်းပြိုင်ပွဲကိုလာရင်း သံမြင်းဗလကြီး စီယွန်ချိန်ရဲ့သား စီကွမ်ချိန်နဲ့ အနောက်ကျွန်းသခင်မကြီး ကျင်းဖေ့ရဲ့ သမီးကလေး ကျင်းကျင်းတို့ဟာ မေတ္တာမျှသွား ခဲ့ကြတယ်'

'ဒါကို မကျေမနပ်ဖြစ်သွားရတာကတော့ နဂါးပျံဓားသမားကြီး ပိုင်ထိုက်ကွမ်းရဲ့သား ပိုင်ထိုက်မူပဲ၊ တကယ်တော့ ပိုင်ထိုက်မူက ကျင်းကျင်းကို တစ်ဘက်သတ် ချစ်ကြိုက်နေတာကိုး၊ သူက ကျင်းကျင်းကို အမျိုးမျိုး လှည့်ပတ်ချဉ်းကပ်ခဲ့ပေမယ့်၊ ကျင်းကျင်းက ပိုင်ထိုက်မူကို လုံးဝစိတ်မဝင်စားဘူး၊ ကျင်းကျင်းက စီကွမ်ချိန်ရဲ့မေတ္တာကို လက်ခံခဲ့တယ်၊ အဲ့ဒီမှာ

တင် ပိုင်ထိုက်မူဟာ စီကွမ်ချိန်ကို အမုန်းကြီးမုန်းပြီး ဓားသက်ကျစ်စဉ်းလဲတဲ့ စိတ်ကူးတွေ စတင်ကြံစည်လာမိတော့တယ်'

ပုံပြင်ဘိုးဘိုးက စကားကိုဖြတ်လိုက်ပြန်ပြီး အရက်ကို မော့သောက်လိုက်ပြန်၏။ ပြီးမှ သူကဆက်ပြောလိုက်ပြန်၏။

'ဒီပြိုင်ပွဲကြီးမှာ နောက်ဆုံးအနိုင်ရသွားတဲ့ လူက စီကွမ်ချိန် ဖြစ်နေတယ်၊ စီကွမ်ချိန်ဟာ ပြိုင်ပွဲမှာအနိုင်ရပြီး ပုလဲရောင်ခြည်ဓားလဲရ၊ ချစ်သူလဲရဆိုတော့ အရမ်းကိုပျော်ရွှင်နေမိတာပေါ့၊ စီကွမ်ချိန်နဲ့ ကျင်းကျင်းတို့ဟာ ပုလဲရောင်ခြည်ဓားနဲ့အတူ စီကွမ်ချိန် နေထိုင်ရာ ခိုလန်တောင်ရှိ ချယ်ရီရိုတိုက်ကြီးကို ပြန်လာခဲ့ကြတယ်၊ စီကွမ်ချိန်ရဲ့ ဖခင်ဖြစ်တဲ့ သံမြင်းဗလကြီး စီယွန်ချိန်ဟာ သားဖြစ်သူရဲ့ အောင်ပွဲအတွက် အရမ်းကိုပျော်ရွှင်နေတာပေါ့'

'နောက်တစ်လလောက်အကြာမှာ စီကွမ်ချိန်နဲ့ကျင်းကျင်းတို့ကို ကြီးကျယ်ခမ်းနားစွာ လက်ထပ်ပေးလိုက်တယ်၊ လက်ထပ်ပွဲမှာ ပိုင်ထိုက်မူလဲ တက်ရောက်လာပါတယ်၊ သူဟာ ဟန်ဆောင်ပြီးပြုံးနေရတာပေါ့လေ၊ စီကွမ်ချိန်နဲ့ကျင်းကျင်းတို့မှာ ကလေးတစ်ယောက်ရလာတဲ့အချိန်မှာ ပိုင်ထိုက်မူရဲ့ ဖခင်ကြီး နဂါးပျံဓားသမား ပိုင်ထိုက်ကွမ်းသေဆုံးသွားရပြီး ပိုင်ထိုက်မူဟာ နဂါးပျံရဲ့တိုက်ကြီးမှာ အကြီးအကဲတစ်ယောက် ဖြစ်လာတယ်'





'သူက အဲဒီအချိန်အထိ ကျင်းကျင်းကို လက်မလျှော့သေးဘူး၊ သူက စီကွမ်ချိန်ကို လက်တုံ့ပြန်ဖို့ပဲ ကျားချောင်းသလို အကွက်ကောင်းချောင်းနေတယ်၊ တစ်နေ့မှာ ပိုင်ထိုက်မူက စီကွမ်ချိန်နဲ့ ကျင်းကျင်းတို့ကို သူ့ရဲ့တိုက်ကို ဖိတ်ကြားပြီး ညစာစားပွဲတစ်ရပ်နဲ့ ဂုဏ်ပြုဧည့်ခံတယ်၊ စီကွမ်ချိန်နဲ့ ကျင်းကျင်းတို့ကလဲ ပိုင်ထိုက်မူရဲ့အကြံကိုမသိဘဲ လာကြတာပေါ့၊ ညစာစားပွဲမှာ ပိုင်ထိုက်မူက စီကွမ်ချိန်စားမယ့် အစားအစာတွေထဲမှာ ကြိုတင်ပြီး အဆိပ်တွေခပ်ထားတာကိုး၊ သူခပ်တဲ့အဆိပ်က အတော့်ကိုထူးဆန်းတယ်၊ ချက်ချင်းမသိသာဘူး၊ တစ်ပတ်လောက်ကြာမှ အဆိပ်တန်ခိုးပြပြီး တစ်ချက်တည်းသေတဲ့ အဆိပ်မျိုးပဲ၊ ဒီအဆိပ်ကို ပိုင်ထိုက်မူက အဆိပ်ပါရဆရာကြီး တစ်ယောက်ဆီက ငွေကြေးအမြောက်အမြားပေးပြီး ဝယ်ယူထားခဲ့တာပဲ'

'စီကွမ်ချိန်ဟာ အဆိပ်ခပ်ထားတဲ့ညစာကို စားသောက်မိပြီး တစ်ပတ်အကြာမှာ အူတွေအပိုင်းပိုင်းပြတ်ပြီး သေရရှာတာပဲ၊ ကျင်းကျင်းဟာ ဒါတွေကိုရိပ်မိတာနဲ့ ဈာပန အခမ်းအနားပြီးတာနဲ့ သူ့မိခင်နေထိုင်ရာ အနောက်ပင်လယ်ကို ပြန်သွားတော့တယ်၊ အနောက်ပင်လယ်ရောက်တော့ သူ့မိခင် အနောက်မယ်တော်ကြီး ကျင်းဖေ့ကလဲ ဆုံးနေ ရှာပြီ၊ ဒီတော့ ကျင်းကျင်းက အနောက်ပင်လယ်မှာ သခင်မတစ်ယောက် ဖြစ်လာတယ်'

ပိုင်ထိုက်မူက ဇွဲကောင်းကောင်းနဲ့ပဲ အနောက်ပင်လယ်ကို လိုက်လာပြီး ကျင်းကျင်းကို လက်ထပ်ခွင့် တောင်းတယ်၊

ကျောင်းကျောင်းက လှုလယ်ခေါင်မှာ ရှိင်းရှိင်းပျပျ ပြောလွှတ်လိုက်တယ်။ ပိုင်ထိုက်မူဟာ အတော်ကို ရှက်သွားပြီး မစားရတဲ့အမဲ သဲနှံပက်မယ်ဆိုတဲ့အကြံနဲ့ ပြန်သွားတယ်၊ ပုလဲရောင်ခြည်မေးက ကျောင်းကျောင်းလက်ထဲမှာရောက်နေပြီ၊ ကျောင်းကျောင်းက စီကွမ်ချိန် စုဥပနက်စွပြီးတာနဲ့ တစ်ခါတည်းယူလာခဲ့တာ၊ ကျောင်းကျောင်းကလဲ ပိုင်ထိုက်မူ ဒေါကန်ကန်နဲ့ပြန်သွားတော့ မကြာခင်မှာ သူ့ကိုအကောက်ကြံမယ်ဆိုတာ ရိပ်မိနေတယ်'

ပုံပြင်ဘိုးဘိုးက စကားကိုခဏရပ်လိုက်ပြီး ဆိုင်ရှင်ကို လက်ဟန်ချောင်း ထောင်ပြလိုက်ပြန်၏။

ဆိုင်ရှင် အရက်အိုးကြီးသုံးအိုးကို ယူလာကာ အဘိုးအို၏ စားပွဲအပေါ်သို့ တင်ထားပေးလိုက်၏။

အဘိုးအိုက ဆက်လက်ပြောလိုက်၏။

'ပုလဲရောင်ခြည်မေးကို ပိုင်ထိုက်မူက သူခိုးလူစွမ်းကောင်းတွေ စေလွှတ်ပြီး ခိုးယူခိုင်းလိုက်တယ်၊ ဒါပေမယ့် ကျောင်းကျောင်းက လုံခြုံတဲ့နေရာမှာထားတော့ ပုလဲရောင်ခြည် မေးကို ဘယ်သူမှ မရကြဘူး၊ စီကွမ်ချိန်နဲ့ ကျောင်းကျောင်းတို့က ရခဲ့တဲ့ ကလေး စီမော်ချိန်ဟာ အသက်ဆယ့်ရှစ်နှစ်အရွယ် ရောက်လာတယ်၊ စီမော်ချိန်အရွယ်ရောက်လာတော့ ကျောင်းကျောင်းကအဖြစ်အပျက်တွေကို ပြောပြလိုက်တယ်၊ စီမော်ချိန်ဟာ ပုလဲ ရောင်ခြည်မေးကိုယူပြီး လူယုတ်မာပိုင်ထိုက်မူကို သွားပြီး သတ်သင်ပစ်မယ်ဆိုပြီး ထွက်လာခဲ့တယ်၊ ဒါပေမယ့် သူဟာ ပိုင်ထိုက်မူကို မသတ်ဖြစ်ခဲ့ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ပိုင်ထိုက်မူဟာ သူ့အမှားတွေကိုနောင်တရပြီး တရားဘောင်ထဲကို ဝင်သွားခဲ့ပြီ၊ ပိုင်ထိုက်မူရဲ့သမီး ဒေါင်းမင်းသမီးပိုင်ချောင်းချောင်းဆအင်မတန်ချောမောလှပတဲ့ မိန်းမပျိုတစ်ယောက် ဖြစ်တယ်၊ ရန်သူတွေ ဝိုင်းနေတဲ့ကြားက ပိုင်ချောင်းချောင်းကို စီမော်ချိန်ကကယ်တင်ပြီး ပိုင်ချောင်းချောင်းနဲ့ စီမော်ချိန်တို့ မေတ္တာမျှသွားကြတယ်၊ စီမော်ချိန်နဲ့ ပိုင်ချောင်းချောင်းတို့ လက်ထပ်မင်္ဂလာပွဲမှာ ကျောင်းကျောင်းက ပုလဲရောင်ခြည်မေးကိုလက်ဖွဲ့လိုက်တယ်၊ ပိုင်ထိုက်မူဟာ နောင်တတွေရပြီး သူ့ကိုယ်သူသတ်သေသွားတယ်၊ ကိုင်း ငါ့ဇာတ်လမ်းကတော့ ဆုံးသွားပြီဟေ့'

ပုံပြင်ဘိုးဘိုး သူ့ဇာတ်လမ်းကို အဆုံးသတ်လိုက်၏၊

နားထောင်နေသူများမှာ အားမလိုအားမရ ဖြစ်သွားကြရသည်။ သိုင်းသမားတစ်ယောက်က....

'ဟာ ပုံပြင်ဘိုးဘိုးပြောဘာ ဒီတစ်ခါတစ်မျိုးကြီးပဲ၊ ပုလဲရောင်ခြည်မေးက နောက်ပိုင်းမှာ ဘယ်သူ့လက်ထဲ ရောက်သွားသလဲ'

ပုံပြင်ဘိုးဘိုးက မျက်ခုံးနှစ်ဖက် မြှင့်လိုက်ရင်း....

'ပုလဲရောင်ခြည်မေးဟာ နောက်ပိုင်းမှာ ပိုင်ရှင် အဆက်ဆက် ပြောင်းပြီး သိုင်းလောကကနေ ပျောက်ကွယ် သွားခဲ့တယ်၊ နောက်ဆုံးသတင်း ကြားရတာကတော့ ပုလဲရောင်ခြည်

ခေါးဟာ ဘစ်လာတီတောင်ထိပ်က ဘစ်ကျုံကျောင်းတော်မှာ ရှိနေတဲ့ ချင်ပင်ကျန်ခေါးလို့ခေါ်တဲ့ ခေါးစိမ်းနဲ့အတူ ရှိနေတယ်လို့ ပြောသံ ကြားရတယ်'

အားလုံး တိတ်ဆိတ် ငြိမ်သက်သွားမိကြ၏။ ဘစ်ကျုံကျောင်းတော်မှ ချင်ပင်ကျန်ခေါ် ရတနာခေါးစိမ်းနှင့် ပုလဲရောင်ခြည်ခေါးသာ အမှန်တကယ် ရှိနေမည်ဆိုပါက မည်သူမျှ အနားကပ်ခွင့် ရနိုင်မည် မဟုတ်တော့ပါချေ။

ဘစ်ကျုံကျောင်းတော် မဆိုထားနှင့် ဘစ်လာတီတောင်ကိုပင် ရှာတွေ့မည် မဟုတ်ပါချေ။

စန်းချုံယဲ က အရက်ကိုသောက်ရင်း အခြေအနေကို အကဲခတ်နေမိ၏။ ယင်းအချိန်မှာပင် သိုင်းသမားတစ်ယောက်က ပုံပြင် ဘိုးဘိုးအား....

'ပုံပြင်ဘိုးဘိုးက သိုင်းလောကမှာ အတော့်ကို နှံ့စပ်တယ်ဆိုတော့ အခုတစ်လော သိုင်းလောကမှာ နာမည်ကြီးနေတဲ့ မဟူရာသိုင်းနတ်သမီးဆိုတာ ဘယ်သူပါလဲ၊ နတ်သမီးတောင် သိုင်းပြိုင်ပွဲမှာ သူလာမယ်ဆိုတာ ဟုတ်ပါ့မလား'

ပုံပြင်ဘိုးဘိုးက အရက်ကို မော့သောက်လိုက်ရင်း....

'အင်း ဒီနေရာမှာတော့ ငါက ယုန်ကလေးလိုနှာစေးနေမှ ဖြစ်မယ်၊ နှာစေးမနေရင် ကျိန်းသေ အသက်ပျောက်မှာ သေချာတယ်၊ မဟူရာသိုင်းနတ်သမီးနဲ့ ပတ်သက်လို့ ငါမသိတာ





အမှန်ပါပဲ၊ ဒါပေမယ့် နတ်မီးတောင် သိုင်းပြိုင်ပွဲမှာ သူလာမယ်လို့တော့ သတင်းကြားရတယ်'

ထို့နောက် သိုင်းလောကသားများသည် ကိုယ့်အစုနှင့်ကိုယ် ဆက်လက် စားသောက်နေကြလေ၏။

'ကိုင်း ငါတော့သွားပြီ'

ပုံပြင် ဘိုးဘိုးက ငွေရှင်းပေးလိုက်ပြီးနောက် တောင်ဝှေးကို တဒေါက်ဒေါက် ထောက်ကာ ဆိုင်ထဲမှ ထွက်ခွာသွားတော့၏။

ပုံပြင်ဘိုးဘိုး ထွက်ခွာသွားသည်နှင့် သိုင်းသမား တစ်ယောက်က....

'ဒီအဘိုးကြီးက မဟုတ်မဟတ်ပုံပြင်တွေလိမ်ညာပြောသွားတာပဲ၊ ဘာမှ ယုတ္တိမရှိဘူး'

သိုင်းသမားတစ်ယောက်က မျက်မှောင်ကြုတ်လိုက်ရင်း....

'သူပြောသွားတာ အမှန်တွေကွ၊ ဇာတိလမ်းသာ မတူပေမယ့် ခေါးကတော့ တူနေတယ်၊ ပုလဲရောင်ခြည်ခေါးဟာ တကယ်ရှိနေရမယ်ဆိုတာ ငါယုံကြည်တယ်'

အနက်ရောင် သိုင်းသမားတစ်ယောက်က ....

'မဟူရာသိုင်းနတ်သမီးက ဘာဖြစ်လို့ ဒီလောက်တောင် နာမည်ကြီးနေရတာလဲကွ'

လက်မောင်းတွင် သံကွင်းများ စွပ်ထားသည့် သံကွင်းဂိုဏ်းသားက....

'မဟာရာသိုင်းနတ်သမီးက မကောင်းသူပယ် ကောင်းသူကယ်နေတဲ့သူဆိုတော့ နာမည်ကြီးတာပေါ့ကွာ၊ နောက်ပြီး သူက လက်နက်ပုန်း အသုံးပြုတဲ့ နေရာမှာလဲ ပြိုင်ဘက်ကင်း ပညာရှင်လို့ ပြောသံကြားရတယ်'

ယင်းအချိန်မှာပင် ဆိုင်ရှင်က အပြေးအလွှား ရောက်လာပြီး သိုင်းသမားများအား...

'အပြင်ဘက်မှာ စွန်လက်သည်း လင်မယား လာနေတာကို တွေ့ရတယ်၊ အားလုံး သတိထားကြပါ'

'ဟာ'

'ဟင်'

ဆိုင်ရှင်၏ စကားကြောင့် အားလုံးမှာ အံ့အားသင့်သွားကြရ၏။ စွန်လက်သည်း ဇနီးမောင်နှံမှာ ရက်စက်ကြမ်းကြုတ်သော စုံတွဲဖြစ်ပြီး စိတ်မထင်လျှင် မထင်သလို ပြုမူတတ်သူများ ဖြစ်ကြသည်။

ထိုလင်မယားသည် သိုင်းပညာ မြင့်မားကြသူများ ဖြစ်ကြပြီး ထူးဆန်းသော သိုင်းပညာရပ်များကို လူသေကောင်များနှင့်အတူ လူသေခေါင်းထဲဝင်ကာ လေ့ကျင့်တတ်လေ့ ရှိကြသည်။





စွန်လက်သည်း ဇနီးမောင်နှံကို လုပ်ကြံသတ်ဖြတ်သူများပေါ်များလှသော်လည်း ထိုသူများမှာ သူတို့လင်မယားနှစ်ယောက် လက်ချက်နှင့်ပင် သေဆုံးသွားကြရသည်မျည်း ဖြစ်လေသည်။

ယခုလည်း သောက်မဝ အရက်ဆိုင်အတွင်းတွင် စွန်လက်သည်း ဇနီးမောင်နှံနှင့် ရန်ငြိုးရှိနေသူများ ရှိနေကြမည်သာ ဖြစ်ပေ၏။

ထို့ကြောင့်လည်း ရန်ငြိုးရှိနေကြသူများမှာ စွန်လက်သည်း ဇနီးမောင်နှံ ဟူသော အမည်ကို ကြားလိုက်ရသည်နှင့် ထိတ်လန့် ချောက်ချားသွားကြရခြင်းပင် ဖြစ်ပေတော့လေသည်။

ရန်ငြိုးရှိသည်ဟု ထင်ရသော အနက်ရောင် သိုင်းသမားတစ်ယောက်က ပြတင်းပေါက်မှ လွှားထွက်ကာ အပြင်ဘက်သို့ ထွက်ပြေးရန် ဟန်ပြင်လိုက်၏။

'ဝှစ်'

'စုန်း'

'အား'

ရှတ်တရက် အပြင်ဖက်မှ ကြိုတင်တို့ကာခိုက်လိုက်သံ ကြားလိုက်ရပြီး ထိုသူမှာ ဆိုင်ထဲသို့ ပြန်လည် လွင့်ပျံ ကျရောက်လာရ၏။

အားလုံးက ကြည့်လိုက်ကြရာ ထိုသူ၏ ခေါင်းတွင် လက်ငါးချောင်းရာ အပေါက်များ ဖြစ်ပေါ်နေပြီး သွေးများ စီးကျကာ အသက်ပျောက်နေပြီကို တွေ့လိုက်ကြရ၏။

'ချလွမ် ချွင် ချွင်'

'အသင့်ပြင်ကြ'

အနက်ရောင်သိုင်း သမားများက မားလုံးသံကွင်းများကို ဆွဲထုတ်ရင်း အသင့်ပြင်လိုက်ကြ၏။

မကြာမီ ဆိုင်တံခါးဝတွင် လူရိပ်နှစ်ရိပ် ထွက်ပေါ်လာ၏။ ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက် ဖြစ်၏။

နှစ်ယောက်စလုံး ဆံပင်များကိုဖားလျားချထားကာ မျက်လုံးများမှာ မြူးကြောင်ကြောင် ဖြစ်နေကြ၏။

အသားအရေမှာ ဖြူဖပ်ဖြူရော်ဖြစ်ကာ အရိုးစုများပမာ ဖြစ်နေပေ၏။

စွန်လက်သည်း ဇနီးမောင်နှံကို ကြည့်ရသည်မှာ လူသေကောင်နှစ်ကောင်ပမာ တွေ့မြင်နေရပြီး လက်ချောင်းများမှာ စွန်လက်သည်းများပမာ ချွန်ထက်ကာ ကောက်ကွေး နေကြ၏။

'ဟား ဟား ဟား'

'ဟား ဟား ဟား'





စွန်လက်သည်း ဇနီးမောင်နှံက ဆိုင်ထဲမှ လဲကျ အသက်ပျောက်နေသော အလောင်းနှင့် အနက်ရောင်သိုင်းသမားများကို ကြည့်ကာ တဟားဟား ရယ်မောလိုက်ကြ၏။

အနက်ရောင်သိုင်းသမား တစ်ယောက်က စွန်လက်သည်း ဇနီးမောင်နှံကို လှံရှည်ဖြင့် ထိုးချိန်လိုက်ရင်း....

'ခင်ဗျားတို့နှစ်ယောက်ဟာ နာမည်နဲ့ လိုက်အောင် တော်တော် ရက်စက်ကြပါလား၊ ဘာဖြစ်လို့ အပြစ်မရှိတဲ့ လူတစ်ယောက်ကို သတ်ပစ်လိုက်ရတာလဲ'

စွန်လက်သည်း ဇနီးမောင်နှံ နှစ်ယောက် အနက်မှ ယောကျ်ားဖြစ်သူ စွန်လက်သည်း ဝေ့ကန်က ခြောက်သွေ့အက်ကွဲသော လေသံဖြင့်....

'ဒီကောင်က ငါတို့ကို လုပ်ကြံဖို့ ကြိုးစားခဲ့တဲ့လူတွေထဲမှာ တစ်ယောက် အပါအဝင်ဖြစ်တယ်၊ အခုသူက ထွက်ပြေးဖို့ ကြိုးစားလို့ သတ်ပစ်လိုက်ရတာပဲ၊ ဒါကို မင်းတို့က မကျေနပ်ဘူးလား'

စန်းချုံယဲ့ကမူ ချောင်ကျကျစားပွဲတစ်လုံးမှာနေ၍ ပွဲကြည့်ပရိသတ်အဖြစ် အသာကြည့်နေမိ၏။

ဝေ့ယန်း၏ စကားမဆုံးမီမှာပင် အနက်ရောင်သိုင်းသမားက လှံရှည်ကို ဒိုးခနဲ ဝေ့ယမ်းပစ်လိုက်ပြီး....

'ဘာဖြစ်လို့ ကျေနပ်ရမှာလဲကွ၊ တို့အဖော်ကို မင်းက သတ်လိုက်တာပဲ၊ မင်းကို ပြန်သတ်ရမယ်'

'ယား'

'ဝှစ်'

စကားဆုံးသည်နှင့် လှံရှည်ကိုင် သိုင်းသမားက လှံရှည်ကို ဓိုးခနဲ ဝေ့ယမ်းကာ ဝေ့ယန်ကို ပစ်ထိုးလိုက်တော့၏။

'ဖြောင်း'

'အား'

ဝေ့ယန်က လုံးဝရှောင်တိမ်းခြင်းမရှိဘဲ လှံရှည်ကို ဖမ်းဆုပ်လိုက်ပြီး စွန်လက်သည်းကုပ်ဆဲ့ ပညာရပ်ဖြင့် ထိုသူ၏မျက်နှာကို ကုပ်ချလိုက်ရာ ထိုသူ၏ မျက်နှာမှာ လက်ငါးချောင်းရာ အပေါက်ဖြစ်သွားကာ အော်ဟစ်ပြီးလဲကျသွားရလေတော့၏၊

ကျန်သူများမှာ ရှေ့မတိုးဝံ့ကြတော့ဘဲ နောက်သို့ ဆုတ်သွားကြရ၏။ စွန်လက်သည်း ဝေ့ယန်း၏ ဇနီးမှာ စွန်လက်သည်းလန်းအော် ဖြစ်၏။

လန်းအော်ကို ကြည့်ရသည်မှာ သရဲမလေးတစ်ယောက်၏ အသွင်သဏ္ဌာန်မျိုးဖြစ်နေပြီး မြင်ရသည်မှာ အလွန်ပင် ချောက်ချားစရာ ကောင်းလှပေ၏။

စွန်လက်သည်းဝေ့ယန်က အနက်ရောင် သိုင်းသမားများကို တစ်ချက်ကြည့်လိုက်ပြီး....





'မင်းတို့ကောင်တွေ နောက်တစ်ခါ ငါတို့လင်မယားကို လာပြီး နှောင့်ယှက်ကြမယ်ဆိုရင် ဒီနှစ်ယောက်လိုပဲ အသေဆိုးနဲ့ သေကြရမယ်၊ တစ်ယောက်မကျန် သတ်ပစ်မယ်'

စွန်းလက်သည်းဇနီးမောင်နှံက အနက်ရောင်သိုင်းလောကသားများကို ကြုံးဝါးပြောဆိုလိုက်ပြီးနောက် ထွက်ခွာသွားတော့၏။

မကြာမီ၊ အနက်ရောင် သိုင်းလောကသားများကလည်း သူတို့အဖော်နှစ်ယောက်၏ အလောင်းများကို သယ်ဆောင်ကာ ထွက်ခွာသွားတော့၏။

ဆိုင်ထဲတွင် တဖြည်းဖြည်း လူရှင်းသွား၏။ နောက်ဆုံးတွင် စန်းချုံယဲ့တစ်ယောက်တည်းသာ ကျန်ရှိနေလေတော့၏။

ဆိုင်ရှင်က စန်းချုံယဲ့အား....

'မောင်ရင်က တယ်ကလာလို့ ဘယ်ကိုသွားမှာလဲ'

'ကျွန်တော်က ကူးတို့နဲ့ ဟိုဘက်လမ်းကို ကူးမှာပါ၊ ကူတို့ ရှိသေးတယ်မဟုတ်လား'

ဆိုင်ရှင်က ပြတင်းပေါက်မှနေကာ မြစ်ဆိပ်သို့ လှမ်းကြည့်လိုက်ရင်း....

'လှေတစ်စင်းတော့ ရှိသေးတယ်၊ မောင်ရင်ခုနေသွားရင် မီနိုင်သေးတယ်'

စန်းချုံယဲ့က ဆိုင်ရှင်ကို ငွေရှင်းပေးလိုက်ပြီး မြစ်ဆိပ်သို့ ထွက်ခွာလာခဲ့၏။

အတော်ကလေး မိုးချုပ်နေပြီဖြစ်၏။ ဝန်းကျင်တစ်ခုလုံး မှောင်မည်း တိတ်ဆိတ်လျက် ရှိနေ၏။

မြစ်ဆိပ်တွင် လှေတစ်စင်းကိုတွေ့လိုက်ရ၏။ လှေသမားမှာ မှောက်ဝိုင်းကြီးတစ်လုံးကို ဆောင်းထားပြီး လှော်တက်ကြီး တစ်ချောင်း ကိုင်ဆောင်ထား၏။

'ဆရာလေး၊ ဘယ်ကိုသွားမှာလဲ'

လှေသမားက စန်းချုံယဲ့ကို မြင်လိုက်ရလျှင် မေးမြန်းလိုက်၏။ စန်းချုံယဲ့က....

'ကျုပ်ကို ဟိုဘက်ကမ်းကို ပို့ပေးပါ'

'ကောင်းပါပြီ၊ လှေပေါ်တက်ပါ'

စန်းချုံယဲ့ကလှေပေါ် လှမ်းတက်လိုက်၏။ လှေသမားက လှေကို တစ်ဘက်ကမ်းသို့ ဦးတည်ကာ လှော်ခတ်သွား၏။

ဝှမ်ဟိုမြစ်ရေမှာ ရေစီးအလွန်သန်သောကြောင့် လှေသမားမှာ အထူးသတိထားကာ လှော်ခတ်နေရ၏။

ရုတ်တရက် မျက်နှာချင်းဆိုင်မှ လှေတစ်စီးက အမှောင်ထုထဲတွင် ဘွားခနဲ ထွက်ပေါ်လာသည်ကို မြင်လိုက်ကြရ၏။





ထိုလှေတွင် ဝတ်စုံနက်နှစ်ယောက်တို့ လိုက်ပါလာကြ၏။

'ရှိုး ရှိုး ရှိုး'

'ဝှစ် ဝှစ် ဝှစ်'

ဝတ်စုံနက်နှစ်ယောက်ထံမှ လက်နက်ပုန်းများက စန်းချုံယဲ့ထံသို့ ပစ်လွှင့် ဝင်ရောက်လာ၏။

'ဖြန်း'

'ဖြန်း'

စန်းချုံယဲ့က အင်္ကျီလက်စကြီးနှစ်ဖက်ကို ဝေ့ယမ်းပစ်လိုက်ရာ လက်နက်ပုန်းများမှာ ပြန်လည် လွင့်စဉ် ထွက်သွားရ၏။

တစ်ခဏချင်းမှာပင် လှေနှစ်စင်းမှာ ပူးကပ်သွားမိကြ၏။

'ထန်း ထန်း ထန်း ထန်း'

'အား....အင့်'

ခါးသံများ ထွက်ပေါ်လာပြီးနောက် ဝတ်စုံနက် နှစ်ယောက်မှာ ရေထဲသို့ ထိုးဆင်းကျသွားရ၏။ ဝတ်စုံနက် နှစ်ယောက်မှာ ရေထဲမှပြန်ပေါ်မလာကြတော့ပေ။

'သူ... သူတို့က ဘယ်သူတွေလဲ ဆရာလေး'

လှေသမားက စန်းချုံယဲ့ကို ကြောက်ကြောက်လန့်လန့်ဖြင့် မေးမြန်းလိုက်လေ၏။

စန်းချုံယဲ့က ခေါင်းခါယမ်းပြလိုက်ရင်း....

'ကျုပ်လဲမသိဘူး၊ သူတို့အာ ကျုပ်ကိုလုပ်ကြံဖို့ ကြိုးစားကြတာပဲ'

မကြာမီ လှေကလေးက တစ်ဖက်ကမ်းသို့ ရောက်ရှိလာကာ စန်းချုံယဲ့က လှေသမားကို ငွေတုံးကလေးတစ်တုံး ပေးအပ်လိုက်ပြီး ကမ်းပေါ်သို့ တက်လာခဲ့၏။

စန်းချုံယဲ့၏ သိုင်းသမားဘဝ အစသည်ကား....



(၂)

မိုးသည် သည်းထန်စွာ ရွာသွန်းလျက်ရှိနေ၏။

ရှောင်လင်သိုင်းကျောင်းတော်ကြီးကို မိုးရေစက်များသာ တဖြန်းဖြန်းရိုက်ခတ်လျက်ရှိ၏။

လေပြင်း တိုက်ခတ်နေသဖြင့် သစ်ပင် ကြီးငယ်များမှာ ယိမ်းထိုးလှုပ်ခါလျက်ရှိနေ၏။

ရှောင်လင်ကျောင်းတော်ရှေ့ ကျောက်သားပြင်ထက်တွင် လူငယ်နှစ်ဦးက ဒူးထောက်ထိုင်လျက်ရှိနေကြ၏။

လူငယ်နှစ်ဦးစလုံး မိုးရေများဖြင့် စိုရွှဲနေကာ ချမ်းတုန်နေကြလေပြီ။

ဤနေရာသို့ သူတို့ရောက်နေကြသည်မှာ သုံးရက် ရှိသွား
လေပြီ။ သူတို့ဆိုသည်မှာ စမ်းချုံယဲ့နှင့် ရှောင်ဟန်ချူးတို့ပင်
ဖြစ်ကြ၏။

စန်းချုံယဲ့နှင့် ရှောင်ဟန်ချူးတို့သည် သိုင်းပညာမျာ
သင်ကြားလိုသဖြင့် ရှောင်လင်ကျောင်းတော်သို့ လာရောက်
ကြခြင်းပင် ဖြစ်၏။

သူတို့က ရှောင်လင်ကျောင်းတော်သို့ ရောက်လာခဲ့ကြသေ
လည်း ကျောင်းတော်တံခါးက ယခုထက်ထိ ဖွင့်ဟမလာသေ
ချေ။

သုံးရက်ပြည့်မြောက်သည့်အထိ တံခါးက ပွင့်ဟမလာသေ
ချေ။

စန်းချုံယဲ့နှင့် ရှောင်ဟန်ချူးတို့သည် ဇွဲကောင်းကော
ဖြင့် ဒူးထောက် ထိုင်နေကြဆဲပင် ဖြစ်၏။

သူတို့နှစ်ယောက်က ညီအစ်ကိုရင်းချာပမာ ချစ်ခင်ကြ
များ ဖြစ်၏။

သုံးရက်လုံးလုံး သူတို့သည် အစာမစား ရေမသောက်
ဇွဲကောင်းစွာ စောင့်ဆိုင်းနေခဲ့ကြခြင်းပင် ဖြစ်၏။

မရှောင်လင်သိုင်းကျောင်းတော်တွင် သိုင်းပညာသင်ခွင့် ရ
ရန်မှာ လွယ်ကူသော ကိစ္စမဟုတ်ပါချေ။

ဇွဲ၊ သတ္တိ၊ ကောင်းသော လူငယ်လူရွယ်များကိုသာ လက်
ခံပြီး သိုင်းပညာများ သင်ကြားပေးလေ့ရှိသည်။





စန်းချုံယဲ့နှင့် ရှောင်ဟန်ချူးတို့သည် တစ်မြို့တည်းသား
များ ဖြစ်ကြပြီး သိုင်းပညာ ဝါသနာပါသူများ ဖြစ်ကြလေ
သည်။

သူတို့နှစ်ယောက်က ရှောင်လင်သိုင်း ကျောင်းတော်ကြီးတွင်
သိုင်းပညာများ သင်ယူခွင့်ရရန် ခရီးဝေးမှ လာခဲ့ကြခြင်းပင်
ဖြစ်သည်။

သူတို့သည် သုံးရက်လုံးလုံး နေပူမရှောင် မိုးရွာမရှောင်
စောင့်ဆိုင်းနေကြရ၏။

သူတို့၏ မျက်လုံးများသည် ပိတ်ထားသော တံခါးကြီး
ကိုသာ မျှော်လင့်တကြီး ကြည့်နေမိကြသည်။

'ဝေါ ဝေါ ဝေါ'

မိုးက သည်းထန်စွာ ရွာကောင်းနေဆဲပင် ဖြစ်၏။ စန်းချုံ
ယဲ့ရော ရှောင်ဟန်ချူးပါ မေးများပင် တဆတ်ဆတ် တုန်
ရင်လာရသည်။

'ဟင်း ဟင်း ဟင်း'

သုံးရက်လုံးလုံး ပင်ပန်းမှု အရှိန်ကြောင့် နှစ်ယောက်စလုံး
လဲပြိုကျလုမတတ် ဖြစ်နေကြရ၏။

မည်သို့ပင်ဖြစ်စေ သူတို့နှစ်ယောက်က နောက်ဆုံးအချိန်
အထိ ဇွဲကောင်းကောင်းဖြင့် စောင့်ဆိုင်းနေကြမည်သာ ဖြစ်
ပေသည်။

• • •

မီးရောင်များက လင်းထိန်လျက် ရှိနေ၏။

နေရာမှာ ရှောင်လင်ကျောင်းတော်၏ သမာဓိ ခန်းမဆောင်ကြီးအတွင်း၌ ဖြစ်၏။

မိုးသံလေသံများမှာ အပြင်ဖက်တွင် ဆူညံ ပွက်လောရိုက်လျက် ရှိနေ၏။

လျှပ်ရောင်လျှပ်ပန်းများက တဝင်းဝင်းတလက်လက် ဖြစ်နေကာ မိုးထစ်ချုန်းသံကြီးများကလည်း စာဂျိမ်းဂျိမ်း ထွက်ပေါ်နေ၏။

သမာဓိခန်းဆောင်ကြီးအတွင်း ရှောင်လင် ဘုန်းတော်ကြီးများက ဣန္ဒြေရစွာ ထိုင်နေကြ၏။

အဝါရောင်သင်္ကန်းကြီးထက်၌ အနီရောင်သင်္ကန်းကြီးလွှမ်းခြုံထားသော ဘုန်းတော်ကြီးမှာ ရှောင်လင်ဂိုဏ်းချုပ် ဆရာတော်ကြီး ကျီးတို့ပင်ဖြစ်ပေ၏။

ဆရာတော်ကြီး ကျီးတို့၏ မုတ်ဆိတ်ဖြူကြီးများမှာရင်ဘတ်အထိ ဝဲဆင်းကျနေရုံ မျှမက မျက်ခုံးမွေးဖြူကြီးများမှာ ပါးပြင် နှစ်ဖက်သို့တိုင် ဝဲဆင်းကျလျက်ရှိနေကြ၏။

လက်ထောက် ဂိုဏ်းချုပ်ကြီး ကျီစန်က ဂိုဏ်းချုပ်ကြီး ကျီးတို့ကို အရိုအသေပြုလိုက်ကာ....

'ဂိုဏ်းချုပ်ကြီးခင်ဗျား ကျောင်းတော်အပြင်ဖက်မှာ လူငယ်နှစ်ယောက် ရောက်နေတာ သုံးရက်ရှိသွားပါပြီ၊ သူတို့ဟာ ဇွဲ





သတ္တိ အတော်ကောင်းတဲ့ လူငယ်တွေ ဖြစ်ပါတယ်၊ သူတို့ကို လက်ခံသင့် မခံသင့် ဆုံးဖြတ်ပေးစေချင်ပါတယ်'

လက်ထောက်ဂိုဏ်းချုပ်ကြီး ကျီစန်က ပြောလိုက်ရာ ဂိုဏ်းချုပ် ဆရာတော်ကြီး ကျီးတို့က မုတ်ဆိတ်ရှည်ကြီးကို လက်တစ်ဖက်ဖြင့် သပ်လိုက်ရင်း....

'အင်း ဒီလူငယ်နှစ်ယောက် စရောက်လာကတည်းက ကျုပ်သိပါတယ်၊ ဒီကလေးနှစ်ယောက်ဟာ သိုင်းလောကမှာ တစ်ချိန်မှာ လျှမ်းလျှမ်းတောက် ကျော်ကြားမယ့် သိုင်းသမားကောင်းတွေရဲ့အင်္ဂါနဲ့ ညီညွတ်ပါပေတယ်၊ သူတို့ နှစ်ယောက် မနက်မိုးလင်းတဲ့အချိန်အထိ ကျောင်းတော်ရှေ့မှာ စောင့်ဆိုင်းနေကြမယ်ဆိုရင် အထဲကိုသာ ခေါ်လာခဲ့ပေတော့'

'ကောင်းလှပါပြီ ဂိုဏ်းချုပ်ကြီး'

ထို့နောက် ဂိုဏ်းချုပ်ကြီး ကျီးတို့က....

'သိုင်းလောကအတွက် အလားအလာကောင်းရှိတဲ့ လူငယ်လူရွယ်တွေကို ပြုစုပျိုးထောင်ပြီး လေ့ကျင့် ပညာသင်ကြားပေးရမယ်၊ ရှောင်လင် ကျောင်းတော်က သိုင်းပညာတွေကို နောင်တစ်ခေတ်ရဲ့ လူငယ်လူရွယ်တွေလက်ထဲမှာ ဆက်လက် ပြန့်ပွားအောင်သင်ကြားပေးကြရမယ်၊ ဒီလူငယ်နှစ်ယောက်အပြင် နောက်ထပ်ရောက်လာတဲ့ လူငယ်လူရွယ်တွေ အထဲက သေချာ ရွေးချယ်ပြီး လက်ခံကြ'

ဂိုဏ်းချုပ်ကြီး ကျီးတို့က မိန့်ကြားတော်မူလိုက်ပြီးနောက် သမာဓိခန်းဆောင်ကြီးအတွင်းမှ ပြန်လည်ထွက်ခွာသွားတော့သည်။

ဂိုဏ်းချုပ်ကြီး၏ စကားကြောင့် ဘုန်းတော်ကြီးများမှာ အလွန်ပင်ဝမ်းသာအားရ ဖြစ်သွားကြရလေတော့၏။

• • •

အရုဏ်ဦး....

လေပြည်လေညင်းကလေးများက တသုန်သုန် တိုက်ခတ်နေသလို အရှေ့ဖက် မိုးကုပ်စက်ဝိုင်းဆီမှ အရုဏ်ဦးအလင်းရောင်တန်းကြီးများက လက်တံရှည်ကြီးများအလား ထွက်ပေါ်လာခဲ့လေပြီ။

အိပ်ဆန်းထလာသော ငှက်ကလေးများ၏ စိုးစီစိုးစီ အသံကလေးများကိုပင် ကြားနေရလေပြီ။

ကျောင်းတော်ရှေ့ မြေကွက်လပ်တွင် လူငယ်နှစ်ဦးက ဇွဲကောင်းကောင်းနှင့် ထိုင်နေကြဆဲ။





သူတို့နှစ်ယောက်က တံခါးမကြီးကိုသာ စူးစိုက်ကြည့်နေမိကြလေ၏။

'ဂျဲလောက်'

'ကျွဲ'

မကြာမီ တံခါးမကြီးက တဖြည်းဖြည်း ပွင့်ဟလာလည်ကို တွေ့မြင်လိုက်ရ၏။

စန်းချုံယဲ့နှင့် ရှောင်ဟန်ချူးတို့ မိတ်ဆွေနှစ်ယောက်မှာ အလွန်ပင် ဝမ်းသာအားရဖြစ်သွားကြရ၏။

တံခါးမကြီးပွင့်ဟသွားပြီးနောက် အတွင်းမှဘုန်းတော်ကြီးသုံးပါးထွက်လာသည်ကို တွေ့မြင်လိုက်ရ၏။

ဘုန်းတော်ကြီးသုံးပါးက စန်းချုံယဲ့နှင့် ရှောင်ဟန်ချူးတို့ထံ ဣန္ဒြေရရဖြင့် လျှောက်လာကြ၏။

ဘုန်းတော်ကြီးများကို မြင်လိုက်ရလျှင် စန်းချုံယဲ့နှင့် ရှောင်ဟန်ချူးတို့က အရိုအသေပြုလိုက်ကြ၏။

ဘုန်းတော်ကြီးတစ်ပါးက....

'ကိုင်း ဒကာလေးတို့နှစ်ယောက် ကျောင်းတော်ထဲကိုဝင်ကြပါ၊ ဂိုဏ်းချုပ်ကြီးက ဒကာတို့နှစ်ယောက်ကို သမာဓိ ခန်းဆောင်ကြီးမှာ စောင့်ဆိုင်းနေပါတယ်'

'ဟင်'

'ဟာ'

ကြား လိုက် ရ သော စ ကား ကြောင့် စန်းချုံယဲ့နှင့် ရှောင်ဟန်ချူးတို့မှာ ထခုန်မိလုမတတ် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြရ၏။

သူတို့က အလွန် နာမည်ကျော်ကြားသော ရှောင်လင် ကျောင်းတော်ကြီးအတွင်းသို့ ဝင်ရောက်ခွင့် ရကြပြီ မဟုတ်ပါ လား။

စန်းချုံယဲ့နှင့် ရှောင်ဟန်ချူးတို့မှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက် မိကြ၏။

ပြီးနောက် သူတို့က ဘုန်းတော်ကြီးများကို အရိုအသေပြု ကာ မှတ်တတ်ရပ်လိုက်ကြ၏။

သုံးရက်လုံးလုံး မိုးထဲရေထဲတွင် ထိုင်ထားခဲ့ကြရသဖြင့် နှစ်ယောက်စလုံး လဲကျမသွားစေရန် ကိုယ်ကို မနည်း ထိန်း ထားရ၏။

ထို့နောက် သူတို့က ဘုန်းကြီးများခေါ်ဆောင်ရာသို့လိုက် ပါလာခဲ့၏။

သမာဓိခန်းမဆောင်ကြီး အတွင်းတွင် လက်ထောက် ဂိုဏ်း ချုပ်ကြီးများ၊ ဂိုဏ်းခွဲမှူးများနှင့်အတူ ဂိုဏ်းချုပ်ဆရာတော် ကြီးကို ဖူးတွေ့လိုက်ရ၏။





စန်းချုံယဲ့နှင့် ရှောင်ဟန်ချူးတို့က ဂိုဏ်းချုပ်ဆရာတော် ကြီးနှင့် ဂိုဏ်းခွဲမှူးကြီးများကို ဂါရဝပြုလိုက်၏။

ရှောင်လင် ဂိုဏ်းချုပ်ဆရာတော်ကြီး ကျီးတို့က သူတို့နှစ် ယောက်ကို ကြည့်လိုက်ပြီး....

'ကိုင်း မင်းတို့နှစ်ယောက်ဟာ ဇွဲသတ္တိအင်မတန်ကောင်းတဲ့ လူငယ်လူရွယ်တွေဖြစ်တယ်၊ မင်းတို့ နှစ်ယောက်ရဲ့ ဇွဲသတ္တိကို ချီးကျူးတဲ့အနေနဲ့ မင်းတို့နှစ်ယောက်ကို ငါတို့ရဲ့ ရှောင်လင် ကျောင်းတော်က သိုင်းပညာတွေကို သင်ကြားပေးဖို့ ဆုံးဖြတ် လိုက်ပြီ'

ဂိုဏ်းချုပ်ဆရာတော်ကြီး၏ စကားကြောင့် စန်းချုံယဲ့နှင့် ရှောင်ဟန်ချူးတို့မှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြရကာ ဆရာတော်ကြီးကို ထပ်မံဂါရဝပြုလိုက်မိကြ၏။

ထို့နောက် ဂိုဏ်းချုပ်ကြီးကျီးတို့က ဘုန်းတော်ကြီးနှစ်ပါး ကို ဆင့်ခေါ်လိုက်ပြီး စန်းချုံယဲ့နှင့် ရှောင်ဟန်ချူးတို့ကို သိုင်းပညာများ သင်ကြားပေးရန် အပ်နှံလိုက်၏။

ဘုန်းတော်ကြီးတစ်ပါးမှာ လျှောင်ရင်ဖြစ်ပြီး အုတ်တစ် ချပ်ဆောင်ကြီးကို ကြီးကြပ်ကွပ်ကဲရသူဖြစ်၏။
နောက်ဘုန်းတော်ကြီးတစ်ပါးမှာကျိစန်ဖြစ်ကာ ကြယ်တံ ခွန်ဆောင်ကြီးကို ကြီးကြပ်ကွပ်ကဲရသူ ဖြစ်၏။

ရှောင်ဟန်ချူးကို ဘုန်းတော်ကြီးလျောင်ရင်ထီတွင် သီးသန့် အပ်နှံလိုက်ပြီး စန်းချုံယဲ့ကို ဘုန်းတော်ကြီး ကျိစန်းထံတွင် အပ်နှံပေးလိုက်၏။

အုတ်တစ်ချပ်ဆောင်နှင့် ကြယ်တံခွန်ဆောင်တို့မှာ သိုင်းပညာ သိုင်းကွက်ခြင်းမတူကြပေ။

ဘုန်းတော်ကြီးလျောင်ရင်က ရှောင်ဟန်ချူးကို အုတ်တစ်ချပ်ဆောင်ကြီးသို့ ခေါ်ဆောင်သွားသလို ဘုန်းတော်ကြီးကျိစန်းက စန်းချုံယဲ့အား ကြယ်တံခွန်ဆောင်သို့ ခေါ်ဆောင်သွားလေတော့၏။

• • •

ရာသီစက်ဝန်းသည် တစ်ပတ်လည်လာခဲ့လေပြီ။

စန်းချုံယဲ့နှင့် ရှောင်ဟန်ချူးတို့သည် ရှောင်လင်ကျောင်းတော်ကြီးသို့ ရောက်ရှိနေခဲ့ကြသည်မှာ တစ်နှစ်ပြည့်မြောက်ခဲ့ကြလေပြီ။

စန်းချုံယဲ့ သင်ကြားရသောသိုင်းပညာနှင့်ရှောင်ဟန်ချူး သင်ကြားရသော သိုင်းပညာချင်း မတူကြပေ။





စန်းချုံယဲ့က ဓားပညာကိုသင်ကြားနေစဉ် ရှောင်ဟန်ချူးက လက်ဝါးသိုင်းကွက်များကို သင်ကြားနေရ၏။

စန်းချုံယဲ့ကို ဘုန်းတော်ကြီး ကျိစန်က ဓားပညာ မှန်သမျှ အစအဆုံး အိတ်သွန်ဖာမှောက် သင်ကြားပေးခဲ့၏။

ထိုနည်းတူစွာ ရှောင်ဟန်ချူးအား သူ၏ဆရာ ဘုန်းတော်ကြီး လျောင်ရင်က ကျားလက်ဝါး၊ နဂါးလက်သည်း၊ဟသာကြိုးကြာ စသော လက်နက်မဲ့သိုင်းပညာရပ်များကို စုံလင်စွာ သင်ကြားပေးခဲ့၏။

သို့နှင့် တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးလာခဲ့ရာ သုံးနှစ်ပြည့် မြောက်လာခဲ့လေတော့၏။

သုံးနှစ်တာ ကာလအတွင်း သူတို့နှစ်ယောက်သည် ထိပ်တန်း သိုင်းသမားများအဆင့်သို့ ရောက်ရှိလာခဲ့ကြရ၏။

• • •

ညဥ့်လေသည် တသုန်သုန်တိုက်ခတ်လျက်ရှိနေ၏။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်လျက်ရှိ၏။ ညဲဥ့်အမှောင်ထုအောက်တွင် ကြယ်တံခွန်ဆောင်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေ၏။

စန်းချုံယဲ့က အိပ်မပျော်သေးသဖြင့် အပြင်သို့ ထွက်လာခဲ့၏။

'ဝှစ်'

'ဟူး'

ရှတ်ဘရက် သူ့နားထဲတွင် အစတ်လေတိုးသံ တစ်ချက်ကို ကြားလိုက်ရသဖြင့် ခြေလှမ်းအစုံမှာ ရှတ်ချည်း ရပ်တန့်သွားရ၏။

စန်းချုံယဲ့က လေတိုးသံကို နားစွင့်ကြည့်လိုက်၏။

'ရှမ်း'

ရှတ်ဘရက် သူ့နံဘေးမှ ဓားလေတိုးသံတစ်ချက် ကြားလိုက်ရပြီး ဝင်းလက်ပြိုးပြက်သော ဓားရိပ်တစ်ရိပ်ကို ဖျပ်ခနဲ တွေ့လိုက်ရသောကြောင့် စန်းချုံယဲ့မှာ နံဘေးသို့ အမြန်ဆုံး ခုန်ရှောင်ပေးလိုက်ရပြီးဖြစ်၏။

'ဝှီး'

ကံကောင်းထောက်မသဖြင့် ဓားချက်က သူ့ကိုယ်နံဘေးမှ ပွတ်ကာသီကာကလေး လွဲချော်ထွက်သွားရ၏၊

သူက ခုန်ပျံရှောင်တိမ်းပေးလိုက်ရင်း အလစ်တွင် ဝင်ရောက်တိုက်ခိုက်လိုက်သော ရန်သူကို စူးစိုက်ကြည့်လိုက်ရာ တစ်ကိုယ်လုံး ဝတ်စုံနက်ဝတ်ဆင်ထားပြီး မျက်နှာတွင် မျက်နှာဖုံးစွပ်ထားသူ ဝတ်စုံနက် တစ်ယောက်ကို တွေ့မြင်လိုက်ရ၏။





'ခင်ဗျားဘယ်သူလဲ၊ ဘာဖြစ်လို့ ကျုပ်ကိုတိုက်ရတာလဲ'

စန်းချုံယဲ့က မျက်နှာဖုံးစွပ်ဝတ်စုံနက်ကို စူးရှခက်ထန်သော လေသံဖြင့် မေးမြန်းလိုက်၏။

'ယား'

'ဝှစ် ဝှစ် ဝှစ် ဝှစ်'

'ဟူး ဟူး ဟူး ဟူး'

မျက်နှာဖုံးစွပ်ဝတ်စုံနက်က ဘာမှပြန်မပြောဘဲ ဓားကိုသာ အဆက်မပြတ် ဝေ့ယမ်းကာ မုန်တိုင်းကျသည့်အလား ထရကြမ်း တိုက်ခိုက်ပစ်လိုက်၏။

စန်းချုံယဲ့မှာ ပြင်းထန်မြန်ဆန်လှသော ဓားချက်များကြားတွင် လိပ်ပြာတစ်ကောင်ပမာ ခုန်ပျံရှောင်တိမ်း ပေးလိုက်ရ၏။

မျက်နှာဖုံးစွပ်ဝတ်စုံနက်၏ ဓားချက်များက ပိုမိုမြန်ဆန်လာ၏။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ဓားချက်လေးငါးချက်ကို ဆက်တိုက် တိုက်ခိုက်ပစ်နိုင်စွမ်းရှိ၏၊

စန်းချုံယဲ့မှာ မဘတ်သာတော့ဘဲ ဓားများတင်ထားသော စင့်ထက်မှ ဓားတစ်လက်ကိုဆွဲယူကာ ဝတ်စုံနက်ကို တန်ပြန် တိုက်ခိုက်လိုက်ရလေတော့၏။

ရှောင်လင်ဘုန်းကြီး တရားထိုင်၊ ရှောင်လင်ဘုန်းကြီးယပ်၊ ရှောင်လင်ကျောင်းကြီးတောင်ပြောင်း ဓားကွက်များဖြင့် တစ် ကွက်ပြီးတစ်ကွက် တိုက်ခိုက်ပစ်လိုက်၏။

'ယား'

မျက်နှာဖုံးစွပ် ဝတ်စုံနက် ဓားသမား၏ ဓားချက်များ စန်းချုံယွဲ့၏ ကိုယ်ပေါ်သို့ မိုးသီးမိုးပေါက်များပမာ အဆက် မပြတ် ကျရောက်လာနေဘည်။

'ထန်း'
'ချမ်း'

စန်းချုံးယွဲ့က ဓားကို ကန့်လန့်ဖြတ် ကိုင်လိုက်ပြီး ပြင်းထန် သော အတွင်းအားဖြင့် မရပ်မနား တိုက်ခိုက်လိုက်သော်လည်း ဝတ်စုံနက်က လှပသေသပ်စွာ ရှောင်တိမ်းပေးသွားလေ သည်။

'ဝှစ်'
'ဟူး'

ရုတ်တရက် ဝတ်စုံနက်က လေထဲမှာပင် ကျွမ်းတစ်ချ ပစ်လိုက်ကာ အလွန်မြန်ဆန်သော ကြယ်ခြွေဓားချက်ကို အသုံး ပြုရင်း စန်းချုံယွဲ့၏ ရင်ဝကို ဓားဖြင့် ပိုင်းချပစ်လိုက်လေ သည်။





စန်းချုံယွဲ့၏ ကြယ်ခြွေဓားချက်ကို မြင်လိုက်ရလျှင် ရင်ထဲ တွင် ထိတ်ခနဲဖြစ်သွားပြီး ကိုယ်ကို နောက်သို့ အမြန်လှန်ချကာ ရှောင်တိမ်းပေးလိုက်ရ၏။

'ထန်း'

နှစ်ယောက်သား ပြန်အကျတွင် ဓားချင်းပူးကပ်သွားမိကြ ၏။ နှစ်ယောက်စလုံးက ဓားသွားတစ်လျှောက် အတွင်းအားပို့ ပို့လွှတ်ကာ ဓားချင်း ဆိုင်တွန်းထားမိကြ၏။

ပြင်းထန်သော အတွင်းအားများ၏ တွန်းထားမှုကြောင့် ဓားနှစ်လက်စလုံးမှာ နှင်းပွင့်ပမာ ဆွတ်ဆွတ်ဖြူကာ အဖြူ ရောင် အခိုးငွေ့များက ထောင်းခနဲ ထွက်ပေါ်လာရလေ သည်။

ဓားနှစ်လက်မှာ ဂဟေဆော်သည့်အလား ပူးကပ်နေကာ အလယ်ခေါင်တွင် ဟန့်ရပ်လျက်ရှိနေ၏။

နှစ်ယောက်စလုံးက ကြီးမားသော အတွင်းအားကို ကိုယ်စီဖြင့် တွန်းထားကြသော်လည်း တစ်ဖက်နှင့်တစ်ဖက် ရွေ့လျားမသွားကြပေ။

'ထန်း'
'ဝှစ်'

မကြာမီ နှစ်ယောက်စလုံး ဓားချင်းကွာကာ နောက်သို့ ကျွမ်းပစ်ထွက်သွားကြရ၏။

ယင်းအချိန်ကလေးမှာပင် စန်းချုံယဲ့၏ ဓားဖျားက ဝတ်စုံနက်၏ မျက်နှာမှ မျက်နှာဖုံးကို ခွာချပစ်လိုက်ကာ မျက်နှာဖုံးမှာ လွင့်စဉ်ထွက်သွားရလေ၏။

‘ဟင် ဆရာတော်ကျီစန်ပါလား’

မျက်နှာဖုံးကွာကျသွားသည်နှင့် ဝတ်စုံနက်၏ ထွက်ပေါ်လာသော မျက်နှာကို မြင်လိုက်ရလျှင် စန်းချုံယဲ့မှာ ထိတ်လန့်အံ့သြသွားကာ ဘုန်းတော်ကြီးကျီစန်ကို ဒူးထောက် ဂါရဝပြုလိုက်၏။

ဘုန်းတော်ကြီးကျီစန်က မျက်နှာပေါ်မှ ရုပ်ဖျက်ထားသည်များကို လျင်မြန်စွာပယ်ဖျက်လိုက်ပြီး....

‘စန်းချုံယဲ့၊ ငါ မင်းနဲ့ ဓားပညာကို စမ်းသပ်ကြည့်တာ၊ မင်းဟာ ဓားပညာမှာ ထိပ်တန်းအဆင့်ကိုတောင်ရောက်နေပြီ၊ ဘယ်သူမှ ငါ့ကို လက်ရည်တူ မယှဉ်ပြိုင်နိုင်ဘူး၊ မင်းတစ်ယောက်တည်းပဲ ငါ့ကို လက်ရည်တူယှဉ်ပြိုင်နိုင်တယ်၊ မင်းဟာ တကယ့်ကိုချီးကျူးထိုက်တဲ့ တပည့်ကောင်းတစ်ယောက်ပဲ၊ မင်းကို ငါ ဓားပညာတွေ သင်ကြားပေးရတာ သင်ပေးရကျိုးနပ်ပါပြီ’

စန်းချုံယဲ့က ဘုန်းတော်ကြီးကျီစန်ကို အရိုအသေပြုလိုက်ကာ....

‘ဆရာတော်မှန်းသိလို့ တိုက်ခိုက်မိတာ ခွင့်လွှတ်တော်မူပါဘုရား’





ဘုန်းတော်ကြီးကျီစန်က ပြုံးရယ်တော်မူလိုက်ကာ....

‘မင်းရဲ့ သိုင်းပညာအစစ်အမှန်ကို သိချင်လို့ ငါက တမင်ကြမ်းကြမ်းတမ်းတမ်းထိုးခုတ်တိုက်ခိုက်ခဲ့တာပဲ၊ ငါက ညှာနေတာ မဟုတ်ဘူး၊ ဒါတောင် မင်းက လွတ်အောင်ရှောင်ပြီး ပြန်တိုက်ခိုက်နိုင်တာကို ချီးကျူးလို့ ငါ ဂုဏ်ယူလို့ မဆုံးပါဘူး၊ ကိုင်း အပြင်မှာသိပ်အေးနေပြီ အထဲကိုဝင်ကြစို့’

‘ကောင်းလှပါပြီ ဘုရား’

ထို့နောက် ဘုန်းတော်ကြီးကျီစန်နှင့် စန်းချုံယဲ့တို့သည် ကြယ်တံခွန်ဆောင်ကြီးအတွင်းသို့ ပြန်လည်ဝင်ရောက်သွားကြတော့၏။

ထိုအချိန်တွင် အမှောင်ရိပ် တစ်နေရာဆီမှ ကြည့်နေသော လူရိပ်တစ်ရိပ်သည်လည်း လေတိုက်ခတ်သလို ထွက်ခွာ ပျောက်ကွယ်သွားရလေတော့၏။

• • •

‘ဒေါင် ဒေါင် ဒေါင်’

‘ဒေါင် ဒေါင် ဒေါင်’



၆

ရွှေဝင်လင် သိုင်း ကျောင်းတော်ကြီးမှ ကျောက်ခေါင်း လောင်းကြီးများ၏ ထိုးနှက်သံကြီးများက တစ်ပြိုင်တည်း ထွက်ပေါ်လာကြ၏။

အချိန်မှာ အရုဏ်တက်ချိန်ဖြစ်၍ တစ်ခါမှုယခုကဲ့သို့မထိုးဖူး သဖြင့် စန်းချုံယွဲ့နှင့် ဘုန်းတော်ကြီးကျီစန့်တို့မှာ သမား ခန်းမဆောင်ကြီးသို့ အပြေးအလွှားလာခဲ့ကြရ၏။

'ဟင်'

'အို'

တွေ့လိုက်ရသောမြင်ကွင်းကြောင့် နှစ်ယောက်စလုံး ထိတ် လန့် အံ့သြသွားမိကြရ၏။

သိုင်းကျမ်းများထားရာစင်မြင့်ကြီးအနီးတွင် အုတ်တစ်ချ ဆောင် တာဝန်ခံ ဘုန်းတော်ကြီး လျောင်ရင်မှာ ပါးစပ် သွေးများအန်ထွက်ကာ အသက်ပျောက်နေသည်ကိုတွေ့လိုက် ကြရခြင်းကြောင့်ပင် ဖြစ်၏။

ရွှေဝင်ဟန်ချူးကိုမူမတွေ့ရပေ။ ရွှေဝင်ဟန်ချူးမှာပျော ချင်း မလှ ပျောက်ဆုံးလျက်ရှိနေ၏။

ယင်း အချိန်မှာပင် ရွှေဝင်လင်ဂိုဏ်းချုပ် ဆရာတော်ကြီး ကျုံးတို့ ရောက်ရှိလာသဖြင့် အားလုံးက ဆရာတော်ကြီး ဂါရဝပြုလိုက်ကြ၏။





လက်ထောက်ဂိုဏ်းချုပ်ကြီးက ဂိုဏ်းချုပ်ကြီး ကျုံးတို့ကို ဂါရဝပြုလိုက်ကာ....

'ဂိုဏ်းချုပ်ကြီးခင်ဗျား၊ ရွှေဝင်ဟန်ချူး သစ္စာဖောက်သွား ပါပြီ၊ ရွှေဝင်ဟန်ချူးဟာ ကျွန်တော်တို့ ရွှေဝင်လင်ကျောင်း တော်က အမြတ်တနိုး သိမ်းဆည်းထားတဲ့ စကြာဝဠာ သိုင်း ကျမ်းကို ခိုးယူထွက်ပြေးသွားတဲ့ အပြင် အုတ်တစ်ချပ်ဆောင် တာဝန်ခံ ဆရာတော်လျောင်ရင်ကိုပါ အားမာန်ငါးသွယ်လက် ဝါးနဲ့ ရိုက်ပြီးသတ်ဖြတ်သွားခဲ့ပါတယ်'

'ဗုဒ္ဓေါ....'

ရွှေဝင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီး ကျုံးတို့မှာ မျက်လုံး အစုံ ပြူးကျယ်သွားကာ မျက်ခုံးအစုံမြင့်တက်သွားရင်း ဗုဒ္ဓေါ ဟုပင် ရေရွတ်မိလိုက်၏။

'ဟင်'
'ဟာ'

လက်ထောက်ဂိုဏ်းချုပ်ကြီး၏ စကားကြောင့် စန်းချုံယွဲ့ နှင့် ဘုန်းတော်ကြီး ကျီစန့်တို့ပင် အံ့သြချောက်ချားသွားကြ ရတော့၏။

စကြာဝဠာသိုင်းကျမ်းမှာ အလွန် ရက်စက် ကြမ်းကြုတ် သော သိုင်းကျမ်းတစ်ခုဖြစ်သဖြင့် ရွှေဝင်လင် ကျောင်းတော်

တွင် ထပ်မံသင်ကြားပေးခြင်း မပြုတော့ဘဲ သိမ်းဆည်းထားခဲ့သည်။

စကြာဝဠာသိုင်းကျမ်းတွင် လက်နက်ပညာ၊ လက်နက်ပုန်းပညာ၊ အတွင်းအားပညာ စသည်ဖြင့် အဆင့်မြင့် နည်းပညာများ ပါဝင်နေ၏။

ရှောင်ဟန်ချူး၏ ရက်စက်ယုတ်မာမှုကို သိလိုက်ရသောအခါ အားလုံး၏အကြည့်မှာ စန်းချုံယွဲ့ဆီသို့ ကျရောက်လာကြ၏။

သိုင်းကျမ်းသူခိုး လူသတ်ကောင် ရှောင်ဟန်ချူးက စန်းချုံယွဲ့နှင့်အတူ ရှောင်လင်ကျောင်းတော်သို့ တစ်ချိန်ကရောက်ရှိလာခဲ့ကြသည် မဟုတ်ပါလား။

စန်းချုံယွဲ့က ကျောက်သားမြင်ထက်တွင် ဒူးထောက်လိုက်ရင်း....

'မှန်လှပါ တပည့်တော်ဟာ ဒီကိစ္စကိုလုံးဝမသိခဲ့ရပါဘူး၊ တပည့်တော်ဟာ ဒီကို ရောက်လာကတည်းက ကြယ်တံခွန်ဆောင်မှာပဲနေပြီး ဆရာတော်ကျိစန်နဲ့အတူ ဓားပညာတွေသင်ကြားနေခဲ့ပါတယ်၊ ရှောင်ဟန်ချူးနဲ့ တစ်ပတ်နေလို့တစ်ခါ မတွေ့ခဲ့ရပါဘူး၊ ရှောင်ဟန်ချူးရဲ့ ယုတ်မာပက်စက်တဲ့အကြံအစည်ကို တပည့်တော် လုံးဝမသိခဲ့ပါဘူး'

ဂိုဏ်းချုပ်ဆရာတော်ကြီး ကျီးထို့က ခေါင်းကို ကဆတ်ဆတ် ညိတ်လိုက်ရင်း....

'အိမ်း....စန်းချုံယွဲ့ပြောတာ မှန်ပါပေတယ်၊ မင်းတို့နှစ်ယောက်ဟာ တို့မျိုးရဲ့ ရှောင်လင်သိုင်းကျောင်းတော်ကြီးကို





အတူတကွရောက်လာကြပေမယ့် စိတ်ဓာတ်ချင်းက မတူခဲ့ကြပါဘူး၊ နေရတော့လဲ အဆောင်တစ်ဆောင်စီ နေကြရတာပဲ၊ တစ်ယောက်အကြံ တစ်ယောက် ဘယ်သိကြပါ့မလဲ'

ထို့နောက် ဂိုဏ်းချုပ်ဆရာတော် ကျီးထို့က ချာပန်ကိစ္စကို အမြန်ဆုံးစီစဉ်စေလိုက်ကာ....

'ကိုင်း ..စကြာဝဠာသိုင်းကျမ်းဟာ အလွန်ရက်စက်ကြမ်းကြုတ်တဲ့အတွက် ငါတို့ကျောင်းတော်မှာ ဆက်လက်မပြန့်ပွားရအောင်လို့ သိမ်းဆည်းထားခဲ့တယ်၊ ဒီသိုင်းကျမ်းကို မသမာသူတွေလက်ထဲ ရောက်မသွားဖို့က အထူး အရေးကြီးတယ်၊ ရှောင်ဟန်ချူးလက်ထဲကတစ်ဆင့် အနက်ရောင် ဒုစရိုက်သိုင်းသမားတွေလက်ထဲရောက်သွားမှာစိုးရတယ်၊ ဒီသိုင်းကျမ်းသာ အနက်ရောင်ဒုစရိုက် သိုင်းသမားတွေလက်ထဲ ရောက်သွားရင် သိုင်းလောကတစ်ခုလုံးအတွက် ထိတ်လန့် ချောက်ချားစရာကောင်းတဲ့ အဖြစ်ဆိုးကြီးတွေ ဖြစ်ပေါ်လာနိုင်တယ်၊ နောက်တစ်ချက်က ငမိုက်သား ရှောင်ဟန်ချူးကို လက်ရဖမ်းပြီး ကျောင်းတော်ကို ခေါ်ဆောင်လာခဲ့ဖို့ပဲ၊ ဒီတော့ စန်းချုံယွဲ့ကို ဒီတာဝန်ပေးရမယ်၊ စန်းချုံယွဲ့ မင်း ဒီတာဝန်ကို ထမ်းဆောင်နိုင်ပါ့မလား၊ စကြာဝဠာသိုင်းကျမ်းနဲ့အတူ ရှောင်ဟန်ချူးကို ငါတို့ဆီအပါခေါ်ဆောင်လာရမယ်၊သိုင်းလောကမှာ ရှောင်ဟန်ချူးကို မတွေ့ တွေ့အောင် လိုက်ရှာပေတော့'

'ကောင်းလှပါပြီဘုရား၊ တပည့်တော် ရှောင်ဟန်ချူးတို့ မတွေ့ တွေ့အောင်ရှာဖွေပြီး စကြာဝဠာသိုင်းကျမ်းနဲ့ အတူ ကျောင်းတော်အရောက် ဆောင်ကျဉ်းလာခဲ့ပါ့မယ် ဘုရား'

'အိမ်း....ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းလေစွ'

ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီး ကျိုးထို့က ခေါင်းတညိတ်ညိတ်နှင့် ရေရွတ်လိုက်၏။ နောက်တစ်နေ့နံနက်အရုဏ်တက်သည်နှင့် စန်းချုံယွဲ့သည် ဆရာတော်ကြီးများကိုကန်တော့လိုက်ကာ ရှောင်လင်သိုင်းကျောင်းတော်ကြီးမှ ထွက်ခွာလာခဲ့လေတော့၏။

သူသည် ငမိုက်သားသစ္စာဖောက်ကောင် ရှောင်ဟန်ချူးကို သိုင်းလောကအနှံ့ လိုက်လံရှာဖွေရမည်ဖြစ်၏။ ရှောင်ဟန်ချူးတွင် အလွန်ရက်စက်ကြမ်းကြုတ်သော စကြာဝဠာသိုင်းကျမ်း ပါရှိသွားသည် မဟုတ်ပါလား။



(၃)

စန်းချုံယွဲ့သည် သူနှင့် ရှောင်ဟန်ချူးတို့၏ ဇာတိချက်မြုပ်ဖြစ်သော ယွန်ထိုင်မြို့သို့ ပထမဆုံးပြန်လာခဲ့၏၊

ယွန်ထိုင်မြို့ရောက်၍ စုံစမ်းကြည့်လိုက်သောအခါ ရှောင်ဟန်ချူး၏ လုပ်ရပ်များကို ထပ်မံကြားသိလိုက်ရ၏။

ရှောင်ဟန်ချူးသည် ယွန်ထိုင်မြို့မှ သူဌေးကြီးမိသားစုကို သတ်ဖြတ်ကာ ရွှေငွေရတနာများကို ယူဆောင်သွားသည်ဆိုသော သတင်းဆိုးကြီးပင်တည်း။

ထို့ပြင် ရှောင်ဟန်ချူးသည် မြို့သူမြို့သားများကိုပင်ကြိမ်းမောင်းသွားကြောင်း ကြားသိလိုက်ရ၏။

ရှောင်ဟန်ချူး မည်သည့်နေရာသို့ ထွက်ခွာသွားသည်ကိုမူ မည်သူကမျှ မပြောနိုင်ကြချေ။

စန်းချုံယဲ့က နေရာအနှံ့ လိုက်လံ စုံစမ်းကြည့်သော်လည်း ရွှောင်ဟန်ချူးက လိပ်တစ်ကောင် ရေထဲငုပ်သွားသည့်ပမာ ပျောက်ချင်းမလှ ပျောက်ကွယ်လျက်ရှိနေ၏။

ရွှောင်ဟန်ချူးသည် ယွန်ထိုင်မြို့မှ သူဌေးမိသားစုကို သတ်ဖြတ်ပြီး အဖိုးတန် ရွှေငွေရတနာများကိုယူဆောင်ကာ အခေါ်သို့ ထွက်ခွာသွားဟန်တူပေ၏။

မည်သို့ပင်ဖြစ်စေ စန်းချုံယဲ့က စိတ်ဓာတ်မကျ၊ စိတ်မပျက်မိပေ။ သူက ရွှောင်ဟန်ချူးကို မြေလှန်ရှာရန် ဆုံးဖြတ်လိုက်မိ၏။

ရွှောင်လင် သိုင်းကျောင်းတော်ကြီးမှ သင်ကြားပေးလိုက်သော သိုင်းပညာကိုအသုံးပြုကာ ရွှောင်ဟန်ချူးသည် မတရားမှု၊ ဒုစရိုက်မှုများကို ဆက်တိုက် ကျူးလွန်နေလေပြီ။

ရွှောင်ဟန်ချူးသည် ရုပ်ပြောင်း ရုပ်လွဲ အမျိုးမျိုးဖြင့် သွားလာလျက်ရှိနေ၏။

ပိုတို့မြို့....

လောင်း၊ ကုန်းလမ်းဆုံရာမြို့ဖြစ်ပြီး အထူး စည်ကားလှသော မြို့ ဖြစ်၏။ မြို့တစ်မြို့လုံး စားသောက်ဆိုင်၊ အရက်ဆိုင်၊ တည်းခိုဆောင်၊ ကုန်စုံဆိုင်ကြီးများနှင့် ပြည့်နှက်လျက် ရှိလေသည်။





စန်းချုံယဲ့သည် ရွှောင်ဟန်ချူးကို လိုက်လံ စုံစမ်းရင်း ပိုတို့ဆိပ်ကမ်းမြို့ကလေးသို့ ရောက်ရှိလာခဲ့၏။ သူက တည်းခိုဆောင် တစ်ဆောင်တွင် အခန်းတစ်ခန်းကို ငှားလိုက်၏။

အချိန်မှာ မိုးချုပ်ကာနီး ဖြစ်၏။ မီးရောင်ကလေးများက ပိုတို့မြို့တွင်းတွင် လင်းလက်စ ပြုလာလေပြီ။ စန်းချုံယဲ့က ညစာ စားသောက်ပြီး မြစ်ဆိပ်ဖက်သို့ လမ်းလျှောက်ထွက်လာခဲ့၏။

မြစ်ဆိပ်တွင် တံငါလှေများနှင့် ခရီးသွားကူးတို့လှေများက ရှိနေ၏။ စန်းချုံယဲ့က လျှောက်လာရင်း တံငါလှေများအနီးသို့ ရောက်ရှိလာကြ၏။

ယင်းအချိန်မှာလူတစ်ယောက်က စန်းချုံယဲ့ဆီသို့ လျှောက်လာပြီး....

'ဆရာလေးက စန်းချုံယဲ့လား'

'ဟုတ်တယ် ကျုပ်က စန်းချုံယဲ့ပဲ၊ ခင်ဗျားကဘယ်သူလဲ'

ထိုသူမှာ ပိန်ပိန်ပါးပါး၊ မျက်နှာသွယ်သွယ်ဖြစ်၏။ အညိုရောင် ဝတ်စုံကို ဝတ်ဆင်ထား၏။ ထိုသူက လေသံ တိုးတိုးဖြင့်....

'ဆရာရွှောင်ဟန်ချူးက အရာကို စာပေးခိုင်းလိုက်လို့ပါ'

'ရွှောင်ဟန်ချူး ဟုတ်လား၊ သူ အခုဘယ်မှာလဲ'

'သူရှိတဲ့နေရာကို စာထဲမှာရေးထားပါတယ်'

ထိုသူက အင်္ကျီအိတ်ထဲမှစာတစ်စောင်ထုတ်ပေးကာ နေရာမှ ခပ်သုတ်သုတ်ထွက်ခွာသွားတော့၏။

'ဒီလူ ဘယ်သူပါလိမ့်၊ သူ ဘယ်သူ ဘယ်ဝါ ဆိုတာလဲ ပြောမသွားဘူး'

စန်းချုံယွဲ့ကစဉ်းစားရင်း လူရှင်းသော မြစ်ဆိပ်တစ်နေရာသို့ ရောက်လာခဲ့ကာ စာကို ဖွင့်ဖတ်ကြည့်လိုက်၏။ စာထဲမှ လက်ရေးမှာ ရှောင်ဟန်ချူး၏လက်ရေးပင်ဖြစ်၏။

စန်းချုံယွဲ့....

မင်း ငါ့ကိုတွေ့ချင်ရင် ဒီကနေ့ည ဖူစန် ရေအိုင်ထဲက ဒေါင်းစိမ်းကျွန်းကို လာခဲ့ပါ။

ရှောင်ဟန်ချူး

စန်းချုံယွဲ့က စာဆုံးသွားသည်နှင့် စာကို လက်ဝါးဖြင့် ပွတ်တိုက်လိုက်ရာ စာရွက်မှာ အမှုန့်များဖြစ်ကာ လွင့်စဉ် ထွက်သွားရလေ၏။

ပြီးနောက် သူက မြင်းလှည်းတစ်စီးငှားကာ ပို့ ထိုမြို့ အနောက်ဖက်ရှိ ဖူစန်ရေအိုင်ကြီးရှိရာသို့ လာခဲ့၏။

ရေအိုင်ကြီး၏အစပ်တွင် ကူးတို့လှေငယ်တစ်စီးက ရှိနေ၏။ လှေဦးတွင်ထိုင်နေသူမှာ စောစောက သူ့ကိုစာလာပေးသည့် လူပင် ဖြစ်၏။





'ကြွပါဆရာ ကြွပါ'

ထိုသူက စန်းချုံယွဲ့ကို တွေ့မြင်လိုက်ရသည်နှင့်လှေပေါ်သို့ ဖိတ်ခေါ်လိုက်၏။ စန်းချုံယွဲ့က လှေပေါ် တက်လိုက်သည်နှင့် ထိုသူက ရေလယ်သို့ လှေကလေးကို စတင် လှော်ခတ်သွား၏။

လရောင်အောက်တွင် လှေကလေးသည် တရိပ်ရိပ် ပြေးလျက် ရှိနေ၏။

မကြာမီ လှေကလေးသည် မှောင်မည်းတိတ်ဆိတ်နေသော ကျွန်းကြီးတစ်ကျွန်းဆီသို့ ရောက်ရှိလာခဲ့၏။ လှေသမားက လှေကို ကမ်းစပ်တွင် ထိုးကပ်လိုက်ကာ....

'ကိုင်း... ဆရာလေး၊ ဒီကနေသာ တက်သွားပေတော့၊ မကြာခင်မှာ အိမ်ကလေးတစ်လုံး တွေ့ရလိမ့်မယ်'

စန်းချုံယွဲ့က ညကြည့်မျက်လုံးအားဖြင့် စူးစိုက် ကြည့်လိုက်ရာ ကမ်းစပ်တွင် ကျွန်းပေါ်သို့တက်သော တောလမ်းအလေးတစ်ခုကို တွေ့မြင်လိုက်ရ၏။

သူက လှေပေါ်မှဆင်းလိုက်ပြီး တောလမ်းကလေးအတိုင်း လျှောက်လာခဲ့၏။ တောလမ်းကလေးမှာ ကွေ့ကွေ့ ကောက်ကောက်နှင့်ရှိနေပြီး မကြာမီ တောစပ်တစ်နေရာတွင် မီးရောင်ကလေး လင်းလက်နေသော အိမ်ကလေးတစ်လုံးကို တွေ့မြင်လိုက်ရ၏။

သူက အိမ်ကလေးဆီသို့ လျှောက်လာခဲ့၏။ အိမ်ထဲတွင် မီးထွန်းထားသဖြင့် တစ်စုံတစ်ယောက်ရှိနေသည်မှာ ကျိန်းသေနေ၏။ စန်းချုံယဲ့က အိမ်တံခါးကိုတွန်းဖွင့်ပြီး အတွင်းသို့ ဝင်လိုက်၏။

အိမ်ထဲတွင် လူတစ်ယောက်က စားပွဲဘစ်လုံးတွင်ထိုင်ကာ အေးဆေးစွာ အရက်သောက်လျက်ရှိနေ၏။

ထိုသူကိုမြင်လိုက်ရလျှင် စန်းချုံယဲ့မှာ ထောင်းခနဲဒေါသထွက်သွားရပြီး မျက်မှောင်ကြုတ်လိုက်မိ၏။

ထိုသူသည်ကား ရှောင်လင် သိုင်းကျောင်းတော်ကြီးမှ အလွန်အလိုရှိနေသည့် ရှောင်ဟန်ချူး ဖြစ်နေသောကြောင့်ပင်တည်း။

ရှောင်ဟန်ချူးက စန်းချုံယဲ့ကို မြင်လိုက်ရလျှင် တဟဲဟဲ ရယ်မောလိုက်ပြီး....

'စန်းချုံယဲ့ မင်းနဲ့ငါ ပြန်တွေ့ကြရပြီနော်၊ မင်း ဝမ်းမသာဘူးလား၊ ငါနဲ့ပူးပေါင်းရင် မင်းအတွက် အများကြီးအကျိုးရှိမှာပါ'

စန်းချုံယဲ့က မျက်မှောင်ကြုတ်လိုက်ကား စူးရှခက်ထန်သော လေသံဖြင့်....

'ရှောင်ဟန်ချူး မင်း ဘာတွေလျှောက်လုပ်နေတာလဲ၊ မင်းကြောင့် ငါ့မှာ မျက်နှာ ဘယ်လောက်ပျက်နေရသလဲ၊





မင်းကို ငါ ရှောင်လင်ကျောင်းကို ခေါ်ဆောင်သွားရလိမ့်မယ်'

ရှောင်ဟန်ချူးက ဟက်ခနဲ ရယ်မောလိုက်ရင်း....

'စန်းချုံယဲ့ ဒါတွေ နောက်မှ ပြောတာပေါ့ကွာ၊ လောလောဆယ် တို့နှစ်ယောက် ကြုံတုန်းကြုံခိုက် ပျော်ပျော်ပါးပါး အရက်သောက်ကြရအောင်လား၊ လာစမ်းပါ သူငယ်ချင်းရ'

စန်းချုံယဲ့က ဘာမှ မပြောတော့ဘဲ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။ ရှောင်ဟန်ချူးက အရက်ခွက်များထဲသို့ အရက်များ လောင်းငှဲ့ထည့်လိုက်ကာ....

'စန်းချုံယဲ့ မင်း ငါ့ကို လိုက်ရှာနေတာ မဟုတ်လား'

စန်းချုံယဲ့က မျက်ခုံးနှစ်ဖက် မြှင့်လိုက်ရင်း....

'ဒါကို မင်းက ဘယ်လိုလုပ် သိနေတာလဲ'

ရှောင်ဟန်ချူး ရယ်မောလိုက်ကာ....

'ငါ့မှာ လူတွေအများကြီး ရှိပါတယ်။ နောင်ဆိုရင် ငါက ဂိုဏ်းကြီးတစ်ဂိုဏ်း ထူထောင်ပြီး ဂိုဏ်းချုပ်ကြီးတစ်ယောက်အဖြစ် တောင်းခံယူလိုက်ဦးမယ်'

စန်းချုံယဲ့က ရှောင်ဟန်ချူးကို စူးစိုက်ကြည့်ရင်း....

'ရှောင်ဟန်းချူး၊ မင်း ဘာကြောင့် ဒီလိုလုပ်သွားတယ်ဆိုတာ ငါ့ကို ရှင်းပြစမ်းပါ၊ မင်းလုပ်ရပ်တွေကို ငါ ဘယ်လိုမှ

နားမလည်တော့ဘူး၊ အလျင်တုန်းက မင်းဟာ ဒီလိုစိတ်ဓာတ်မျိုးတွေ မရှိပါဘူး'

ရှောင်ဟန်ချူးက အရက်တစ်ခွက် မော့သောက်လိုက်ရင်း....

'စန်းချုံယွဲ့ ငါက အလျင်ကတည်းက သိုင်းလောကမှာ သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်း တည်ထောင်ပြီး ဂိုဏ်းချုပ်ကြီးတစ်ယောက်ဘဝမျိုးကို သိပ်လိုလားတောင့်တခဲ့မိတယ်။ ငါ့စိတ်ကူးကို ဘယ်သူ့မှ မပြောပြခဲ့ဘူး၊ မင်းဇာတောင် မသိခဲ့ရဘူး မဟုတ်လား၊ အခုဆိုရင် ငါ့စိတ်ကူးတွေဟာ အကောင်အထည်ပေါ်လာတော့မယ်၊ နောင်ဆိုရင် ငါဟာ သိုင်းလောကတစ်ခုလုံးကို ချယ်လှယ်ကြီးစိုးနိုင်တော့မယ်၊ ဟား ဟား ဟား'

စန်းချုံယွဲ့က နှာခေါင်းရှုံ့ကာ မြက်ရယ်ပြုသော လေသံဖြင့်....

'ရှောင်ဟန်ချူး၊ မင်းတော့ ရူးနေပြီ၊ ကိုင်း အခု မင်းယူသွားတဲ့ စကြာဝဠာသိုင်းကျမ်း ဘယ်မှာလဲ၊ ဒီသိုင်းကျမ်းကို ငါ ပြန်ယူသွားရမယ်၊ မင်းကို ဂိုဏ်းချုပ်ကြီးတွေက အတော့်ကို ဒေါ်ပွနေကြတယ်'

ရှောင်ဟန်ချူးက ဟက်ခနဲ ရယ်မောလိုက်ရင်း....

'စန်းချုံယွဲ့၊ မင်းနဲ့ငါ ရန်သူမဖြစ်ချင်ဘူး၊ ဒီတော့ ဒီကိစ္စတွေကို မင်း မေ့ပစ်လိုက်ပါတော့၊ ငါနဲ့ ပူးပေါင်းပြီး ရှေ့





လုပ်ငန်းတွေကို လုပ်ဆောင်ကြရအောင်လား၊ မင်းအတွက် ငါက အကျိုးအမြတ်ကိုရတိုင်း တစ်ဝက်ခွဲပေးမှာပါ'

စန်းချုံယွဲ့က ခေါင်းခါယမ်းပြလိုက်ပြီး....

'ဒီကိစ္စတွေကို ဘယ်နည်းနဲ့မှ မေ့ဖျောက်လို့ မဖြစ်ဘူး၊ ရှောင်လင်ဂိုဏ်းချုပ်ကြီးတွေက ငါ့ကို တာဝန်ပေးလိုက်တယ်။ မင်းကို ခေါ်လာရမယ်၊ စကြာဝဠာသိုင်းကျမ်းကို ပြန်ယူလာရမယ်'

ရှောင်ဟန်ချူးက မျက်နှာကို တစ်ချက်မဲ့လိုက်ပြီး....

'မင်းက ငါပြောတာကို လက်မခံဘဲကိုး၊ ငါက မင်းအတွက် ပြောနေတာပါ၊ မင်း ငါနဲ့ လက်တွဲရင် အများကြီး အကျိုးရှိမှာပါ'

စန်းချုံယွဲ့က လက်ကာပြလိုက်ပြီး....

'တော်ပါတော့ကွာ၊ ဒါတွေ ပြောမနေပါနဲ့တော့၊ ငါပြောတာသာ ထုတ်ပေးစမ်းပါ၊ စကြာဝဠာသိုင်းကျမ်း ဘယ်မှာလဲ'

'သိုင်းကျမ်းကို ငါက လုံခြုံစိတ်ချရတဲ့ နေရာမှာ ဝှက်ထားပြီးပြီ၊ အေးအေးဆေးဆေး အချိန်ရမှ ငါလေ့ကျင့်ရမယ်၊ အခုနေမှာတော့ ငါ့မှာ လူအင်အား၊ ငွေအင်အား စုဆောင်းနေရလေတော့ လေ့ကျင့်ဖို့ အချိန်မရသေးဘူး'

'ကျိုင်း ဒါဆိုရင်လဲ မင်းကို ငါ တစ်ပါတည်း ခေါ်ဆောင်သွားရလိမ့်မယ်၊ မင်း ငါနဲ့ ခုချက်ချင်း လိုက်ခဲ့ပေတော့'

စန်းချုံယဲ့က ပြောရင်း ရှောင်ဟန်ချူး၏ လက်ကောက်ဝတ်တစ်ဖက်ကို ဖမ်းဆုပ်လိုက်၏။

'ဝှစ်'

ရှောင်ဟန်ချူးက လျင်မြန်စွာ ရှောင်တိမ်းပေးလိုက်ပြီး …

'စန်းချုံယဲ့၊ မင်း ငါ့ကို ဖမ်းမိဖို့ဆိုတာ အိပ်မက်ထဲမှာပဲ ဖြစ်လိမ့်မယ်၊ အခု ငါက မင်းကို ခေါ်ယူတွေ့ဆုံရတာက ငါနဲ့ ပူးပေါင်းလုပ်ဖို့ပဲ၊ ဒါကို မင်းက လက်မခံဘူးလား'

'ငါ လုံးဝလက်မခံနိုင်ဘူး၊ ငါလိုချင်တာက စကြာဝဠာ သိုင်းကျမ်းပဲ၊ မင်းသိမ်းထားတဲ့ နေရာကို မင်းကိုယ်တိုင် လိုက်ပြရမယ်'

ရှောင်ဟန်ချူးက အေးစက်စက် ရယ်မောလိုက်ရင်း….

'စန်းချုံယဲ့ မင်း အခုပြောနေတာတွေ ငါ လုံးဝလက်မခံဘူး၊ ကိုင်း ငါသွားတော့မယ်'

ပြောပြောဆိုဆိုပင် ရှောင်ဟန်ချူးက ထိုင်ရာမှထလိုက်၏။ စန်းချုံယဲ့က ရှောင်ဟန်ချူးရှေ့မှပိတ်ရပ်လိုက်ရင်း….

'ရှောင်ဟန်ချူး၊ မင်းကို ငါခေါ်သွားရလိမ့်မယ်'

'ဝှစ်'

'ဝုန်း'





ရုတ်တရက် ရှောင်ဟန်ချူးက စန်းချုံယဲ့ကို လက်ဝါးတစ်ဖက်ဖြင့်တွန်းထုတ်ပစ်လိုက်ရာ စန်းချုံယဲ့က သူ့လက်ဝါးတစ်ဖက်ဖြင့် ပြန်လည်တွန်းထုတ်ပစ်လိုက်၏။

လက်ဝါးနှစ်ခုမှာ အလယ်ခေါင်တွင် ဆုံတွေ့ကာ ဝုန်းခနဲ မြည်ဟည်းသွားရ၏။ နှစ်ယောက်စလုံး နောက်သို့ ယိုင်လဲသွားကြရ၏။

ဤသည်ကိုအခွင့်ကောင်းယူကာ ရှောင်ဟန်ချူးက မြ-ပေါက် အပြင်ဖက်သို့လွှားထွက်သွားတော့၏။

'ဟိတ် ရှောင်ဟန်ချူး မပြေးနဲ့'

စန်းချုံယဲ့ကအော်ဟစ်ရင်း ရှောင်ဟန်ချူးနောက်သို့ ပြေးလိုက်သွား၏။ ရှောင်ဟန်ချူးက ကွေ့ကွေ့ ကောက်ကောက်နှင့် ရှိနေသော တောလမ်းကလေးအတိုင်း ပြေးလွှား နေလေသည်။

မကြာမီ ရှောင်ဟန်ချူးက လမ်းအတိုင်း မပြေးတော့ဘဲ တောအုပ်ထဲပြေးဝင်ကာ သစ်ပင်များအကြား ပျောက်ကွယ်သွားတော့၏။

စန်းချုံယဲ့က ရှောင်ဟန်ချူးနောက်သို့ ပြေးလိုက်သော်လည်း တောမှာ အထူးပင် နက်ရှိုင်းကာ သစ်ပင်ကြီးများက လက်ယှက်ထိုးတည်ရှိနေကြသဖြင့် ရှောင်ဟန်ချူးကို ဖမ်းမမိလိုက်တော့ပေ။ ရှောင်ဟန်ချူးက ထွက်ပြေးလွတ်မြောက်သွားပြီ ဖြစ်၏။

မိုတ်ဆွေရင်းကိုငဲ့ညှာလိုက်သဖြင့် လွတ်မြောက် သွားခြင်း ပင် ဖြစ်၏။ နောက်တစ်ခါတွင် ငဲ့ညှာ၍ ရတော့မည် မဟုတ် ကြောင်းကို သူက ကောင်းကောင်းကြီး ရိပ်စားမိလိုက်၏။

သူက တိုက်ခတ်နေသော လေတိုးသံကို နားစွင့်ကြည့်လိုက် သော်လည်း ရှောင်ဟန်ချူးက တစ်နေရာတွင်ခိုအောင်းနေဟန် ပုံရ၏။

သူက နေရာအနှံ့ လိုက်ရှာသော်လည်း မတွေ့ရတော့ပေ။ နှင်းချုံယဲ့ဘာ မရတွေ့ရတော့သည့်နောက်ဆုံး ပို့တို့မြို့ ဏလေးကို ပြန်လာခဲ့တော့၏။



(၅)

Japan

လေပြင်းသည် တဟူးဟူးတိုက်ခတ်လျက်ရှိနေ၏။

လေပြင်းတိုက်ခတ်မှုကြောင့် သဲမှုန်ဖုန်မှုန့်များက အထက် သို့ လွင့်ပျံတက်လျက်ရှိ၏။ လေပြင်းနှင့် ဖုန်မှုန်သဲမှုန်များကြား တွင် မြင်းညိုတစ်ကောင်က လည်ဆံတဖွားဖွား ခွာသံတဖြောင်း ဖြောင်းနှင့် အပြင်းနှင်လာ၏။

မြင်းစီးသမားမှာ လူရွယ်တစ်ယောက်ဖြစ်ကာ ဓား တစ် လက်ကို ပိုးလွယ်ထားပြီး မြင်းကို အပြင်းနှင်လျက် ရှိနေလေ သည်။

မြင်းစီးသမားလူရွယ်မှာ စန်းချုံယဲ့ပင်ဖြစ်၏။

စန်းချုံယွဲ့က ရှောင်ဟန်ချူးနှင့် ပတ်သက်ပြီး သတင်းတစ်ခု ကြားရသောကြောင့် နန်ကင်းမြို့သို့အပြင်းလိုက်လာခြင်းပင် ဖြစ်၏။

နန်ကင်းမြို့တွင် ရှောင်ဟန်ချူးက အနက်ရောင် သိုင်းလောကသားများနှင့်တွေ့ဆုံရန်ချိန်းဆိုထားကြောင်းကိုကြားသိလိုက်ရသောကြောင့်ပင် ဖြစ်၏။

ယခုတစ်ကြိမ်တွင်မူ သူ့ကာ ရှောင်ဟန်ချူးကိုအလွတ်ပေး၍ မဖြစ်တော့ပါချေ။

စန်းချုံယွဲ့က မြင်းကို အပြင်းနှင်နေသလို မြင်းညိုကြီးကလည်း လေအဟုန်ကို ခွင်းကာ ခွာသံ တဖြောင်းဖြောင်းနှင့် ပြေးလွှားလျက်ရှိနေသည်။

'ဟင်'

ရုတ်တရက် တောစပ်တစ်နေရာမှ ပြေးထွက်လာသော အနီရောင် လူရိပ်ကြီးတစ်ရိပ်ကို တွေ့လိုက်ရသောကြောင့် စန်းချုံယွဲ့မှာ အံ့အားသင့်သွားရကာ မြင်းကိုရပ်တန့်မိလိုက်သည်။

တောစပ်မှပြေးထွက်လာသော အနီရောင်လူရိပ်ကြီးမှာ ဝတ်ရှုံနီ လာမာကြီး တစ်ပါး ဖြစ်ပြီး တစ်ကိုယ်လုံး ဒဏ်ရာများနှင့် သွေးများနှင့် ချင်းချင်းနီရဲလျက် ရှိနေသည်။

'ဝေါ့'





ကြည့်နေရင်းမှပင် ဝတ်ရှုံနီလာမာကြီးသည် ပါးစပ်မှသွေးများ အန်ထွက်ကျလာကာ မြေပေါ်သို့ ဝုန်းခနဲ ထိုးလဲကျသွားရသည်။

'ဟင်'

စန်းချုံယွဲ့က မြင်းထက်မှလွှားထွက်လိုက်ပြီး ဝတ်ရှုံနီ လာမာကြီးဆီသို့ပြေးကာ ဖေးမပေးလိုက်သည်၊ ဝတ်ရှုံနီ လာမာကြီးက လေသံသဲ့သဲ့ဖြင့်....

'လူ....လူလေး နောက်မှာ ရန်သူတွေလိုက်လာတယ်၊ ငါ့ကိုကူညီရင် မင်းပါဒုက္ခရောက်ရလိမ့်မယ်'

စန်းချုံယွဲ့က တည်ကြည်လေးနက်သောလေသံဖြင့်....

'အရှင်ဘုရား တပည့်တော်ဟာ အဖြူရောင်သစ္စာဘက်တော်သား သိုင်းသမားတစ်ယောက်ဖြစ်ပါတယ်၊ မတရားမှုကို လုံးဝမနှစ်မြို့ပါဘူး၊ အရှင်ဘုရားကို တပည့်တော် ကာကွယ်ပေးရလိမ့်မယ်'

ယင်းအချိန်ကလေးမှာပင် တောစပ်မှ လူရိပ်သဏ္ဌာန်များ ထွက်ပေါ်လာတော့၏။ ထိုသူများသည် ဓားများ လှံများ ကိုင်ဆောင်ထားကြပြီး အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားကြ၏။

မျက်နှာများမှာ ခက်ထန်ကြမ်းကြုတ်လှသော ဒုစရိုက်သိုင်းသမားများဖြစ်ကြောင်း သိသာထင်ရှားလှပေ၏။ ချက်

ချင်းပင် အနက်ရောင်ဒုစရိုက်သိုင်းသမားများက စန်းချုံယဲ့နှင့် ဝတ်ရုံနီလာမာကြီးအနီးသို့ ရောက်ရှိလာကြ၏။

ထိုလူစုထဲမှ တစ်ယောက်က စန်းချုံယဲ့အား....

'ဟိတ်ကောင် ကိုယ့်လမ်းကိုယ်သွားရင် သက်သာလိမ့်မယ်၊ နို့မဟုတ်ရင်တော့ ဒီလာမာကြီးလိုပဲ ငါတို့လက်ချက်နဲ့အသက် ပျောက်သွားရလိမ့်မယ်'

စန်းချုံယဲ့က ဝတ်ရုံနီလာမာကြီးကို သစ်ပင်ကြီးတစ်ပင် ခြေရင်းတွင် အသာချထားလိုက်ပြီး ထိုသူများကို ရင်ဆိုင်လိုက်၏။

'ကျုပ်က အဖြူရောင်သိုင်းလောကသား တစ်ယောက်ပဲ၊ ကျုပ်ရှေ့မှာ မတရားမှုတွေ့ရင် လက်ပိုက်ကြည့်မနေတတ်ဘူး၊ မင်းတို့နဲ့ ဒီဝတ်ရုံနီလာမာကြီးက ဘယ်လို ပတ်သက်နေသလဲ၊ ဘာဖြစ်လို့ ရက်ရက်စက်စက်တိုက်ခိုက်ရတာလဲ'

ထိုလူစုထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူ လူထွားကြီးက စူးရှခက်ထန်သော လေသံဖြင့်....

'ဟိတ်ကောင် ဒါက ငါတို့ကိစ္စပါ၊ ဒီဝတ်ရုံနီလာမာကြီး ကို ငါတို့ လက်လွှတ်ခံလို့မဖြစ်ဘူး၊ မင်းက ငါတို့လုပ်ငန်းမှာ ဝင်ရှုပ်ရင်တော့ ရှင်းပစ်ရမှာပဲ၊ ဟိတ်ကောင်တွေ ဒီကောင့်ကို ဝိုင်းပြီး တစ်စစီပိုင်းပစ်လိုက်ကြစမ်းကွာ'





'ယား'
'ဟိုင်း'
ချက်ချင်းပင် မာန်သွင်းအော်ဟစ်သံများနှင့်အတူ ဓားသံ လှံသံများက ဆူညံပွက်လောရိုက်သွားရ၏။
'ထန်း ထန်း ထန်း ထန်း'
'ချွမ်း ချွမ်း ချွမ်း ချွမ်း'

စန်းချုံယဲ့မှာ မတတ်သာတော့ဘဲ ဓားကို ရွှမ်းခနဲဆွဲထုတ်ကာ တန်ပြန်တိုက်ခိုက်လိုက်ရ၏။

ဝတ်စုံနက်များက စန်းချုံယဲ့ကို စက်ဝိုင်းသဏ္ဍာန် ဝိုင်းရံကာ ပြင်းထန်စွာတိုက်ခိုက်လိုက်ကြ၏။

စန်းချုံယဲ့က အချိန်ကြာရှည်ဆိုင်းမနေတော့ဘဲ လေပွေ ဓားချက်နှင့်ပင် ဝတ်စုံနက်များကို ပညာပေးလိုက်ရတော့၏။ လေပွေဓားချက်မှာ ပြင်းထန်မြန်ဆန်သော ဓားကွက်ကြီးတစ် ကွက်ပင် ဖြစ်၏။

'ဝှစ် ဝှစ် ဝှစ် ဝှစ်'
'အား အင့် အိုး အီး'

စန်းချုံယဲ့၏ လေပွေဓားချက်ကြောင့် ဝတ်စုံနက် လေး ယောက်မှာ လူတခြား ဓားတခြားဖြစ်ကာ သွေးသံရဲရဲဖြင့် လွင့်စဉ်ထွက်သွားကြရလေတော့၏။

'ယား'
'ချမ်း'

ယင်းအချိန်မှာပင် ဝတ်စုံနက်ခေါင်းဆောင်က ဓားနှစ်လက်ကို တစ်ဖက်စီကိုင်ကာ ဝေ့ယမ်းရင်း စန်းချုံယဲ့ထံသို့ခုန်ပျံတိုက်ခိုက်လိုက်၏။ စန်းချုံယဲ့က ဓားကို ကန့်လန့်ဖြတ်တိုင်လိုက်ပြီး ဓားဓားချင်း ပူးကပ်ပေးလိုက်ကာ ကြိုးကြာခြေကွက်ဖြင့် ထိုသူ၏ဝမ်းပိုက်ကို ကန်ထုတ်ပစ်လိုက်၏။

'ဝုန်း'
'အား'

ဝတ်စုံနက်ခေါင်းဆောင်မှာ အသံနက်ကြီးဖြင့် အော်ဟစ်ကာ လွင့်စဉ်ထွက်သွားရ၏၊ ပါးစပ်မှသွေးများ အန်ထွက်ကျကာ မေ့မျောသွားရလေတော့၏။

ဝတ်စုံနက်များသည် စန်းချုံယဲ့ကို ဆက်လက် မတိုက်ခိုက်ဝံ့ကြတော့ဘဲ သူတို့ခေါင်းဆောင်အလောင်းကို သယ်မကာ ထွက်ပြေးကုန်ကြရတော့၏။

ဝတ်စုံနက်များ တစ်ယောက်မှမရှိတော့လျှင် စန်းချုံယဲ့က ဝတ်ရုံနီလာမာကြီးကိုပွေ့ယူကာ ပြုစုပေးလိုက်၏။ ဝတ်ရုံနီလာမာကြီးမှာ ပါးစပ်မှသွေးများ အန်ထွက်ကျနေရင်း'

'လူ...လူကလေး ဒီကောင်တွေဟာ မိုးကြိုးရဲတိုက် အနက်ရောင် ဒုစရိုက်သိုင်းသမားတွေပဲ'





ဝတ်ရုံနီလာမာကြီးက ပါးစပ်မှသွေးများအန်ထွက်ကျလာရင်းက ခဏနားလိုက်၏။ ပြီးမှ စကားကို ဆက်လက်ပြောကြားလိုက်၏။

'သူတို့ဟာ ကျွန်ုပ်ဆီက အဖိုးတန်ပစ္စည်းတစ်ခုကို လိုက်လုယူနေကြခြင်းပဲဖြစ်တယ်၊ ကျုပ်ရဲ့တွဲနာမည်က မာဝေကျိုလို့ခေါ်တယ်၊ ကျုပ်ဟာ ဝတ်ရုံနီလာမာ ကျောင်းတော်က အထွတ်အမြတ်ထား ကိုးကွယ်တဲ့ နဂါးမယ်တော် ရုပ်တုကြီးရဲ့ မျက်လုံးတစ်ဖက်က ပတ္တမြားကြီးကို ခိုးယူလာခဲ့မိတယ်၊ နဂါးမယ်တော် ပွဲတော်ကာလဲ ရက်က အင်မတန်ကို နီးကပ်နေပြီ၊ ကျုပ်ဟာ နောင်တ အကြီးအကျယ်ရပြီး ဒီပတ္တမြားမျက်လုံးကို ကျောင်းတော်ကိုပို့ဖို့အသွားမှာ ခုလိုမိုးကြိုးရဲတိုက်က ကောင်တွေနဲ့ တွေ့ပြီး ဒုက္ခရောက်ရတာပဲ'

ဝတ်ရုံနီလာမာကြီးက ခဏနားပြီးမှ ဆက်ပြောလိုက်၏။

'ကျွန်ုပ်ကတော့ ကျောင်းတော်ရောက်အောင် မသွားနိုင်တော့ဘူး၊ ဒီပတ္တမြားမျက်လုံးကို ကျွန်ုပ်ကိုယ်စား မင်းကနဂါးမယ်တော်ရုပ်တုရဲ့ လပ်နေတဲ့ မျက်လုံးတစ်ဖက်မှာ ပြန်တပ်ပေးလိုက်ပါ'

ဝတ်ရုံနီလာမာကြီးက ပြောရင်း အင်္ကျီအတွင်းအိတ်ထဲမှ ကတ္တီပါအိတ်တစ်လုံးကို ထုတ်ပေးလိုက်၏။ ထို့ပြင် ကျောက်စိမ်းဖြင့်ပြုလုပ်ထားသော ဓားပျံတစ်လက်ကို ပေးလိုက်ကာ....

'ဒီကျောက်စိမ်းခွေးရုပ်ကို ထုတ်ပြရင် မင်းကို လာမာကြီး တွေက ကျောင်းဆောင်ထဲဝင်ခွင့်ပြုပါလိမ့်မယ်၊ အား အား'

ရုတ်တရက် ဝတ်ရုံနီ လာမာကြီးသည် အတွင်းဒဏ်ရာမှ ပြင်းထန်သော ဝေဒနာကြောင့် ပါးစပ်မှ သွေးများ အန်ထွက် ကျလာကာ ဇက်ကျိုးကျသွားရတော့၏။ ဝတ်ရုံနီလာမာကြီး သည်ကား အသက်ဆုံးရှုံးသွားရရှာလေပြီ။

စန်းချုံယဲ့က ဝတ်ရုံနီလာမာကြီးပေးခဲ့သောကျောက်စိမ်း ခွေးရုပ်ကလေးကို အင်္ကျီအတွင်းအိတ်ထဲသို့ထည့်လိုက်ပြီး ဆတ္တ ပါအိတ်ကို ဖွင့်ကြည့်လိုက်၏။

အတွင်းတွင် အနီရောင်တဖျပ်ဖျပ် တောက်လက်နေသော ပတ္တမြားတစ်လုံးကြီးတစ်လုံးကို တွေ့မြင်လိုက်ရ၏။

ပတ္တမြားကြီးမှာ အရည်အသွေး ကောင်းလှကာ ဝတ်ရုံနီ လာမာကျောင်းဆောင်မှ နဂါးမယ်တော်ရုပ်တုကြီး၏ မျက်လုံး တစ်ဖက်တွင် တပ်ဆင်ခြင်း ဖြစ်ကြောင်းကို လာမာကြီးက မသေဆုံးမီ ပြောထားခဲ့၏။

စန်းချုံယဲ့က ပတ္တမြားကြီးကို ကတ္တီပါအိတ်အတွင်း ပြန် ထည့်ကာ အင်္ကျီအတွင်းအိတ်ထဲသို့ အသေအချာပြန်ထည့်ထား လိုက်၏။ ထို့နောက် သူက ဝတ်ရုံနီလာမာကြီး၏ အလောင်း ကို သစ်ပင်ကြီးခြေရင်းမှာပင် ကောင်းမွန်စွာ မြှုပ်နှံပေးလိုက် ၏။





သူက မြေပုံကို ဂါရဝပြုလိုက်ပြီး မြင်းညိုကြီးအပေါ်သို့ လွှားတက်လိုက်၏။ နန်ကင်းမြို့တွင် ရှောင်ဟန်ချူနှင့် အနက် ရောင်သိုင်းလောကသားများတွေ့ဆုံပွဲမှာ ရက်အနည်းငယ် လို နေသေး၏။

ထိုလိုနေသော ရက်များအတွင်း သူက ဝတ်ရုံနီလာမာကြီး များ နေထိုင်ရာ အင်းကုံးစန်း တောင်သို့ သွားရောက်ပြီး နဂါးမယ်တော်ရုပ်တုမှ ပတ္တမြားကို သွားရောက်ပေးအပ်ရပေ မည်။

သူက မြင်းပေါ်သို့ လွှားတက်ကာ ဇက်ကြိုးကို တစ်ချက် ခါလိုက်သည်နှင့် မြင်းညိုကြီးသည် လေးညို့မှ ပစ်လွှတ်လိုက် သော မြားတစ်စင်းအလား တစ်ဟုန်ထိုး ပြေးထွက် သွား တော့၏။

• • •

**အင်းကုံးစန်းတောင်....**

တောင်ထိပ်ရှိ ဝတ်ရုံနီလာမာ ကျောင်းတော်ကြီးကို လှမ်း မြင်လိုက်ရလေပြီ။စန်းချုံယဲ့က တောင်ခြေတွင် မြင်းကို ထား

ခဲ့ရာ တောင်တက်လမ်းအတိုင်း ကိုယ်ဖော့ပညာဖြင့် တက်ရောက်လာခဲ့၏။

မကြာမီ အုတ်တံတိုင်းကြီး တစ်ခုအနီး ရောက်လာရာ တံခါးမကြီးအနီးတွင် စောင့်ကြပ်နေကြသော ဝတ်ရုံနီလာမာကြီးများကို တွေ့မြင်လိုက်ရ၏။

စန်းချုံယဲ့က တံခါးမကြီးဆီသို့ လျှောက်သွားလိုက်ကာ ဝတ်ရုံနီလာမာကြီးများကို ဂါရဝ ပြုလိုက်ကြ၏။

ဝတ်ရုံနီလာမာကြီးတစ်ပါးက စန်းချုံယဲ့ကို စူးစမ်းအကဲခတ်ကြည့်လိုက်ပြီး —

'မောင်ရင်က ဘယ်သူလဲ'

'ကျွန်တော်က စန်းချုံယဲ့ပါ၊ ရှောင်လင်ကျောင်းတော်က သိုင်းသမားတစ်ယောက်ပါပဲ'

တံခါးစောင့် ဝတ်ရုံနီလာမာကြီးက မျက်မှောင် ကြုတ်လိုက်ပြီး....

'ရှောင်လင် ကျောင်းတော်က သိုင်းသမားက ဒီနေရာကို ဘာလာလုပ်တာလဲ'

စန်းချုံယဲ့က ဘာမှ ပြန်မပြောတော့ဘဲ အင်္ကျီအိတ်ထဲမှ ကျောက်စိမ်းခေါင်းပုံကလေးကို ထုတ်လာကာ လာမာကြီးအား ပေးအပ်လိုက်၏။





'အို'

ကျောက်စိမ်းခေါင်းပုံကို တွေ့လိုက်ရလျှင် တံခါးစောင့် ဝတ်ရုံနီလာမာကြီးများမှာ အံ့သြတုန်လှုပ်ကာ မျက်လုံးများ ပြူးကျယ် ဝိုင်းစက် ကုန်ကြရတော့၏။

ဝတ်ရုံနီလာမာကြီးက ကျောက်စိမ်းခေါင်းပုံကိုစူးစိုက်ကြည့်ရင်း....

'မင်း မင်း ဒီခေါင်းကို ဘယ်က ရလာတာလဲ'

စန်းချုံယဲ့က ခရီးသွားရင်း ဝတ်ရုံနီလာမာကြီး မာဝေကျီနှင့် တွေ့ဆုံခဲ့ရပုံများကို ပြောပြလိုက်၏။

'ကျွိ'

'ဝေါ်'

ချက်ချင်းပင် ဝတ်ရုံနီလာမာကြီးများက တံခါးမကြီးကို ဖွင့်လိုက်ပြီး စန်းချုံယဲ့ကို ကျောင်းတော်ကြီးအတွင်းသို့ ခေါ်ဆောင်သွားကြ၏။

'ဒေါင် ဒေါင် ဒေါင်'

'ဒေါင် ဒေါင် ဒေါင်'

ကျောက်ခေါင်းလောင်းကြီးများ၏ သာယာသော ထိုးနှက်သံများက တစ်ခဲနက် ထွက်ပေါ်လာ၏။

ခန်းမဆောင်ကြီးအတွင်းသို့ ဝတ်ရုံနီလာမာ ဂိုဏ်းချုပ်ကြီးများနှင့် ဂိုဏ်းထောက်ဂိုဏ်းအုပ် လာမာကြီးများ စုံလင်စွာ စင်ရောက်လာကြ၏။

ခန်းမဆောင်ကြီးအတွင်းတွင် ကြိုတင် ရောက်နှင့်နေကြသော ဝတ်ရုံနီလာမကြီးများက ဂိုဏ်းချုပ်ကြီးများကို ဦးများညွတ်ကာ အရှိအသေ ပြုလိုက်ကြ၏။

စန်းချုံယဲ့ကလည်း ဝတ်ရုံနီလာမ ဂိုဏ်းချုပ်ကြီးများကို ဂါရဝပြုလိုက်၏။

ဝင်ရုံနီလာမကြီးတစ်ပါးက ကျောက်စိမ်းခေါးပုံကို ဂိုဏ်းချုပ်ကြီးလက်သို့ ပေးအပ်လိုက်၏။

ဝယ်ရုံနီလာမ ဂိုဏ်းချုပ်ကြီးက ကျောက်စိမ်းခေါးပုံကို အသေအချာ စစ်ဆေးကြည့်လိုက်ပြီး...

'ဒီကျောက်စိမ်းခေါးပုံဟာ မာဝေကျီရဲ့ ခေါးပဲ၊ မာဝေကျီဟာ နဂါးမယ်တော်ရဲ့ မျက်လုံးတစ်ဖက်က ပတ္တမြားကို ခိုးယူထွက်ပြေးသွားခဲ့တယ်၊ မာဝေကျီနဲ့ မင်း တွေ့ခဲ့ပြီးပြီလား'

စန်းချုံယဲ့က ဂိုဏ်းချုပ်ကြီးကို အကျိုးအကြောင်း ပြောပြလိုက်၏။ ဝတ်ရုံနီလာမ ဂိုဏ်းချုပ်ကြီးမှာ တအံ့တဩ ဖြစ်သွားရကာ...,

'အို မောင်ရင်မှုစဟာ တကယ့်ကို ရိုးသားတဲ့ အဖြူရောင်သိုင်းသမားတစ်ယောက်ပဲ၊ ဒီပြင်လူသာဆိုရင် ဒီပတ္တမြားကြီးကို ကျောင်းတော်ကို လာမပို့ဘဲ တခြားကို ယူဆောင်သွားကြမှာပဲ၊ မောင်ရင်ကတော့ တကယ့်ကို ချီးကျူးထိုက်တဲ့ လူငယ်





တစ်ယောက်ပဲ၊ နဂါးမယ်တော်ရဲ့ မျက်လုံးတစ်ဖက်ကို မောင်ရင်ကိုယ်တိုင်ပဲ ပြန်တပ်ပေးလိုက်ပါ'

ထို့နောက် ဂိုဏ်းချုပ်လာမကြီးများက စန်းချုံယဲ့အား တောင်ထိပ်ရှိ နတ်ဘုရားကျောင်းကြီးအတွင်းသို့ ခေါ်ဆောင်သွားကြ၏။

နတ်ဘုရားဂူကျောင်းကြီးအတွင်း ကျောက်ဖယောင်းတိုင်များ၊ အမွှေးတိုင်အိုးကြီးများဖြင့် ပူဇော်ထားကာ နဂါးမယ်တော်ရုပ်တုကြီးမှာ အလွန်ကြီးမားလှသော ရုပ်တုကြီးပင် ဖြစ်သည်။

လက်ရှစ်ဖက်ပါရှိသော နဂါးမယ်တော် ရုပ်တုကြီး၏ အသွင်သဏ္ဍာန်မှာ မီးရောင်အောက်တွင် အလွန်ကြောက်စရာ ကောင်းလှပြီး လက်များထဲတွင် ကြားပန်များ၊ ဓားများ၊ လှံများ ကိုင်ဆောင်ထား၏။

သို့သော် နဂါးမယ်တော်ရုပ်တုကြီးတွင် မျက်လုံးတစ်ဖက် လစ်လပ်နေသည်ကို တွေ့လိုက်ရ၏။ မျက်လုံးတစ်ဖက်တွင် ပတ္တမြားနီကြီးတစ်လုံး တပ်ဆင်ထားရှိနေပြီ။ ကျန်တစ်ဖက်တွင်မူ အပေါက်ဟောင်းလောင်းကြီး ဖြစ်ပေါ်နေ၏။

'ဒေါင် ဒေါင် ဒေါင်'
'ဒေါင် ဒေါင် ဒေါင်'

ကျောက်ခေါင်းလောင်းကြီးများ ထိုးသံကာ ထွက်ပေါ်လာ လာပြီးနောက် ဝတ်ရှုံနီလာမာ ဂိုဏ်းချုပ်ကြီးများက နဂါးမယ်တော် ရုပ်တုကြီးရှေ့တွင် ပြားပြားဝပ် အရိုအသေပြုလိုက်ကြ၏။

ဝတ်ရှုံနီလာမာ ဂိုဏ်းချုပ်ကြီးက လက်နှစ်ဖက် အထက်သို့ မြှောက်လိုက်ပြီး....

'အို နဂါးမယ်တော်ကြီး၊ မယ်တော်ကြီးရဲ့ မျက်လုံးတစ်ဖက်မှ ပတ္တမြားကြီးကို ခိုးယူသွားသူဟာ လူ့ဘာရားသူ့ စီရင်သွားပါပြီ၊ အခု မယ်တော်ကြီးရဲ့ မျက်လုံးတော်ဟာ ကျောင်းတော်ထဲ ရောက်နေပါပြီ၊ အခုချက်ချင်းပဲ ပြန်လည် တပ်ဆင်ပေးပါတော့မယ်'

'သာဓု သာဓု သာဓု'

'သာဓု သာဓု သာဓု'

လာမာကြီးများက ကြေးစည်ကလေးများ ကိုင်ရင်း သာဓုခေါ်လိုက်ကြ၏။ ထို့နောက် ဝတ်ရှုံနီလာမာ ဂိုဏ်းချုပ်ကြီးက စန်းချုံယဲ့အား အချက်ပြလိုက်ရာ စန်းချုံယဲ့က ကိုယ်ဖော့အားဖြင့် နဂါးမယ်တော် ပုခုံးတစ်ဖက်သို့ လွှားတက်လိုက်သည်။

ပြီးနောက် သေတ္တာတွင် တစ်ချက်ခုန်ပျံကာ ကျွမ်းပစ်လိုက်ပြီး လပ်နေသော မျက်လုံးအနီး အရောက်တွင် အသင့်ကိုင်





ထားသော ပတ္တမြားကြီးအား မျက်လုံးအိမ်အတွင်းသို့ ထည့်ပေးလိုက်၏။

'သာဓု သာဓု သာဓု'

'သာဓု သာဓု သာဓု'

စန်းချုံယဲ့ အောက်သို့ ပြန်ရောက်လာသည်နှင့် ဝတ်ရှုံနီလာမာ ဂိုဏ်းချုပ်ကြီး များက သံပြိုင်ရေရွတ်ကြ၏။ ကျောက်ခေါင်းလောင်းကြီးများ၏ ထိုးနှက်လိုက်သံကြီးများကလည်း တစ်ခဲနက် ထွက်ပေါ်လာ၏။

စန်းချုံယဲ့က နဂါးမယ်တော်ရုပ်တုကြီးကို မော့ကြည့်လိုက်ရာ မျက်လုံးနှစ်ဖက်မှ နီရဲသော ပတ္တမြားကြီး နှစ်လုံးသည် ဖိုမှိုနီရဲလာသည်ဟုပင် ထင်မှတ်ရလေ၏။

ဝတ်ရှုံနီလာမာဂိုဏ်းချုပ်ကြီးများက နဂါးမယ်တော်ရုပ်တုကြီးအား အရိုအသေပြုလိုက်ကြပြန်၏၊ ပြီးနောက် စန်းချုံယဲ့ကို ကျောင်းဆန်းမဆောင်ကြီး အတွင်းသို့ ပြန်လည် ခေါ်ဆောင်လာကြ၏။

ဆန်းမဆောင်ကြီး အတွင်း ရောက်ရှိလျှင် ဝတ်ရှုံနီ လာမာ ဂိုဏ်းချုပ်ကြီးများက စန်းချုံယဲ့ကို အစားအသောက်များနှင့် ကျွေးမွေး ဧည့်ခံပြုလိုက်ကြ၏၊ စားသောက်နေစဉ်မှာပင် ဝတ်ရှုံနီလာမာဂိုဏ်းချုပ်ကြီးက စန်းချုံယဲ့အား

'နဂါးမယ်တော်ရုပ်တုကြီးဟာ ကျွန်ုပ်တို့ ဝတ်ရုံနီ လာမာကြီးများရဲ့ အမြတ်တနိုးထား ကိုးကွယ်ရာ မယ်တော်ကြီး ဖြစ်တယ်၊ မယ်တော်ကြီးရဲ့မျက်လုံးတစ်ဖက်ကို မာဝေကျီယူဆောင်သွားပြီးတဲ့နောက် ကျွန်ုပ်တို့ဟာ မာဝေကျီနောက်လိုက် မျက်လုံးတော် ပြန်ရဖို့ အပြင်းအထန်လိုက်ခဲ့ကြတယ်၊ ဒါပေမယ့် မာဝေကျီဟာ ရေထဲကျသွားတဲ့ ကျောက်ခဲတစ်ခဲလို ပျောက်ကွယ်သွားတော့တယ်၊ ကျွန်ုပ်တို့ဟာ မျက်လုံးတော်ကို မျှော်လင့်တောင်တနေတုန်း မောင်ရင်ရောက်လာပြီး မျက်လုံးတော် လာပြန်ပို့တာပဲ၊ နဂါးမယ်တော်ပွဲတော်ကာလအင်မတန်မှ နီးကပ်နေပြီ၊ ပွဲတော်မကျင်းပခင် မျက်လုံးတော်ပြန်ရလိုက်လို့ ကျွန်ုပ်တို့ အရှက်မကွဲရခြင်းပဲဖြစ်တယ်၊ နို့မို့ဆို ကျွန်ုပ်တို့ မဟာအရှက်တော်ကြီးကွဲရပြီ'

ဝတ်ရုံနီ လာမာဂိုဏ်းချုပ်ကြီးက စကားကို ခေတ္တရပ်ပြီးမှ ဆက်ပြောလိုက်ပြန်၏။

'ကျွန်ုပ်တို့ကျောင်းတော်ရဲ့ဂိုဏ်းသိက္ခာနဲ့ အရှက်ကိုကာကွယ်ပေးတဲ့ မောင်ရင့်ကို ကျွန်ုပ်တို့က အထူးလက်ဆောင် ပြန်ပေးရမယ်၊ ဒီလက်ဆောင်ကတော့ ကျွန်ုပ်တို့ ဝတ်ရုံနီ လာမာကျောင်းတော်က အမြတ်တနိုးထား သိမ်းဆည်းထားတဲ့ နဂါးဓားနဲ့ နဂါးသိုင်းကျမ်းပဲဖြစ်တယ်၊ ဒီနဂါးဓားနဲ့ နဂါးသိုင်းကျမ်းဟာ ရှေးနှစ်ပေါင်း ခြောက်ရာကျော်လောက် ကတည်းက ဂိုဏ်းချုပ်အဆက်ဆက် သိမ်းဆည်းထားခဲ့တဲ့ ရတနာဓားနဲ့





သိုင်းကျမ်းပဲ ဖြစ်တယ်၊ ဒီရတနာဓားနဲ့ သိုင်းကျမ်းဟာ ကျွန်ုပ်တို့ ဝတ်ရုံနီလာမာကျောင်းတော်အတွက် မြင့်မြတ်သောအကျိုးပြုမှုပေးသူကို ပေးအပ်ရမယ်လို့ ကတိ ထားခဲ့ကြတယ်၊ အခု မောင်ရင်က ကျွန်ုပ်တို့ကျောင်းတော်ကကိုးကွယ်တဲ့ နဂါး မယ်တော် ရုပ်တုကြီးရဲ့မျက်လုံးတော်ကို လာရောက်ပေးပို့တဲ့အတွက် ကျောင်းတော်အတွက် မြင့်မြတ်သောအကျိုးပြုမှုပဲ ဖြစ်တယ်၊ ဒါကြောင့် မောင်ရင့်အတွက် ကျွန်ုပ်တို့က ပြန်ပြီးကျေးဇူးပြုမယ့် ပစ္စည်းဟာ နဂါးဓားနဲ့ နဂါးသိုင်းကျမ်းပဲဖြစ်တယ်'

'ကောင်းလေစွ့ ကောင်းလေစွ ကောင်းမှလေစွ'

'ကောင်းလေစွ ကောင်းလေစွ ကောင်းလေစွ'

ထို့နောက် ဝတ်ရုံနီလာမာဂိုဏ်းချုပ်ကြီးက နဂါးဓားနှင့် နဂါးသိုင်းကျမ်းကို လာမာကြီးများအား ယူဆောင်ခိုင်းလိုက်သည်။

လာမာကြီးများက နဂါးဓားနှင့် နဂါးသိုင်းကျမ်းကို ယူဆောင်လာကြ၏။

'ရွှမ်း...'

ဝတ်ရုံနီလာမာဂိုဏ်းချုပ်ကြီးက နဂါးဓားကို ရွှမ်းခနဲ ဆွဲထုတ်ပစ်လိုက်ရာ ခန်းမဆောင်ကြီး တစ်ခုလုံး အေးစက်စက် ဓားရိပ်ဓားငွေ့များက ယှက်သန်းထွက်ပေါ်သွားရ၏။

နဂါးဓားမှာ ရတနာများဖြင့်စီခြယ်ထားသောဓားဖြစ်ပြီး အထူးလက်ရာမြောက်စွာ ထုလုပ်ထားသော ဓားပင် ဖြစ်ချေသည်။

ဓားမှာ နှစ်ဖက်သွားဓားဖြစ်ကာ ထူးခြားစွာ အနီရောင် တောက်ပလျက် ရှိသည်။

ဝတ်ရုံနီလာမာဂိုဏ်းချုပ်ကြီးက....

'ဒီဓားဟာ နဂါးမင်းရဲ့အသည်းနှလုံးနဲ့ပြုလုပ်ထားတယ်လို့ အဆိုရှိတယ်၊ တစ်ချိန်က ဒီတောင်ထိပ်မှာ နဂါးတွေနေထိုင် ခဲ့တယ်လို့လဲ ဆိုရိုးစကား ရှိတယ်၊ ရှေးက နဂါးတွေ ပျော် မြူးတဲ့ ရေအိုင်ကြီးနဲ့ ကျောက်လိုဏ်ဂူကြီးတွေရှိနေတယ်၊ နဂါး ဓားနဲ့ နဂါးသိုင်းကျမ်းကိုပေါင်းစပ်ပြီး ဆရာတော်ကြီးတွေက တီထွင်ပြုလုပ်ထားခဲ့တာပဲ၊ နဂါးသိုင်းကျမ်းကတော့ အတွင်း အား အများဆုံး ပါဝင်တယ်၊ ဓားချက် ဓားကွက်တွေကို အတွင်းအား ကြီးမားပြည့်ဝအောင် အကူအညီပေးဖို့ပဲ ဖြစ် တယ်'

ဝတ်ရုံနီလာမာကြီးက ပြောကြားရင်း နဂါးဓားနှင့် နဂါး သိုင်းကျမ်းကို စန်းချုံယွဲ့အား ပေးအပ်လိုက်၏။

'ခေါင် ခေါင် ခေါင်'

'ခေါင် ခေါင် ခေါင်'





ကျောက်ခေါင်းလောင်းကြီးများ၏ ထိုးနှက်လိုက်သံများ က ထွက်ပေါ်လာပြန်သည်။

'ဝှစ် ဝှစ် ဝှစ်'

စန်းချုံယွဲ့က နဂါးဓားကို လေထဲတွင်ဝှေ့ယမ်းကြည့်လိုက် ရာ အနီရောင်ဓားစက်ဝိုင်းကြီးတစ်ခုက လင်းလက် တောက်ပ သွားသည်ကို တွေ့မြင်လိုက်ရသည်။

ဝတ်ရုံနီလာမာဂိုဏ်းချုပ်ကြီးက စန်းချုံယွဲ့အား....

'မောင်ရင်လေးက ရှောင်လင်ကျောင်းတော်က ဓားသမား တစ်ယောက်လို့ သိရတယ်၊ ရှောင်လင်ကျောင်းတော်က ဓား ကွက်တွေကို ကျုပ်တို့ မြင်ရ တွေ့ရခဲ့တယ်၊ မောင်ရင်လေး ရောက်တုန်းရောက်ခိုက် ကျုပ်တို့ကျောင်းတော်က ဓားသမား တစ်ယောက်နဲ့ ချစ်ကြည်ရေး ဓားပွဲတစ်ပွဲလောက် စမ်းပြသွား စမ်းပါ၊ ကျုပ်က တောင်းဆိုလိုက်ပါတယ်၊ တစ်ယောက်နဲ့ တစ်ယောက် ထိခိုက်မှုမရှိစေရပါဘူး၊ ရှုံးတာနိုင်တာအတွက် လဲ ချစ်ကြည်ရေးပြိုင်ပွဲဖြစ်တဲ့အတွက် ဘယ်လိုမှသဘောထား ပါဘူး'

စန်းချုံယွဲ့မှာ မတတ်သာတော့ဘဲ လက်ခံလိုက်ရကာ....

'ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး၊ ကျွန်တော် ချစ်ကြည်ရေး အနေနဲ့ ယှဉ်ပြိုင်ပေးပါ့မယ်'

'ဖြောင်း ဖြောင်း ဖြောင်း'

ဝတ်ရုံနီလာမာဂိုဏ်းချုပ်ကြီးက လက်ခုပ်သံ အချက်ပေးလိုက်ရာ ခန်းမဆောင်ကြီးအတွင်းသို့ လူရိပ်တစ်ရိပ်က ထိုးသင်းကျရောက်လာ၏။

ထိုသူက ဝတ်ရုံနီလာမာဂိုဏ်းချုပ်ကြီးနှင့် လာမာကြီးများကို ဒူးထောက် ဂါရဝ ပြုလိုက်၏။

ထိုသူက အနီနှင့်အဖြူ နှစ်ရောင်စပ်ဝတ်စုံကို ဝတ်ဆင်ထားသည့် အသက်နှစ်ဆယ် ဝန်းကျင်ခန့် လူရွယ်တစ်ယောက်ပင်ဖြစ်၏။

ထိုလူရွယ်က လက်ထဲတွင် ပြာလဲ့လဲ့ တောက်ပနေသော ဓားတစ်လက်ကို ကိုင်ဆောင်ထား၏။

ဝတ်ရုံနီလာမာကြီးက စန်းချုံယဲ့အား...

'စန်းချုံယဲ့၊ သူကတော့ ကျွန်ုပ်တို့ ကျောင်းတော်က အကောင်းဆုံးဓားသမားလို့ သတ်မှတ်ခြင်းခံထားရတဲ့ လင့်ဟူကျောင်း ဖြစ်တယ်၊ လင့်ဟူကျောင်းဟာ ဓားပညာမှာတော့ အထွတ်အထိပ်ကို ရောက်ရှိနေပြီ'

ထို့နောက် ဂိုဏ်းချုပ်ကြီးက လင့်ဟူကျောင်း ဆိုသော ဓားသမားလူရွယ်အား မတ်တတ်ရပ်ရန် အချက်ပြလိုက်ပြီး...

'လင့်ဟူကျောင်း၊ သူကတော့ ရှောင်လင်သိုင်း ကျောင်းတော်ကြီးက ဓားသမားစန်းချုံယဲ့ ဖြစ်တယ်၊ စန်းချုံယဲ့နဲ့မင်း





နှစ်ယောက်ချင်း ချစ်ကြည်ရေးဓားပွဲတစ်ပွဲ ယှဉ်ပြိုင်ကြရမယ်၊ တစ်ယောက်နဲ့ တစ်ယောက် ထိခိုက်မှု မရှိအောင် သတိထား တိုက်ခိုက်ကြရမယ်၊ ဒီပွဲဟာ စိန်ခေါ် တိုက်ခိုက်တာမျိုး မဟုတ်ဘူး၊ တစ်ဂိုဏ်းနဲ့တစ်ဂိုဏ်း ချစ်ကြည်ရေး ယှဉ်ပြိုင်ခြင်း ဖြစ်တယ်'

ထို့နောက် ခန်းမဆောင်ကြီး၏ အလယ်ခေါင် စက်ဝိုင်းကြီးအတွင်း စန်းချုံယဲ့နှင့် လင့်ဟူကျောင်းတို့ မျက်နှာချင်းဆိုင် ရပ်ကာ တစ်ယောက်ကိုတစ်ယောက် အရိုအသေ ပြုလိုက်ကြ၏။

'ဒေါင်'

ပြိုင်ပွဲ စတင်ရန် အချက်ပေးကျောက်ခေါင်းလောင်းသံကြီးက ထွက်ပေါ်လာလေပြီ၊ ဝတ်ရုံနီ လာမာဂိုဏ်းချုပ်ကြီးက အနီရောင် ဝတ်ရုံလွှာကြီးကို ဝှေ့ယမ်းကာ ပြိုင်ပွဲ စတင်ရန် အချက်ပေးလိုက်၏။

စန်းချုံယဲ့က နဂါးဓားကိုအသုံးမပြုပေ။သူ မူလယူဆောင်လာသော ဓားကိုပင် အသုံးပြု တိုက်ခိုက်မည် ဖြစ်၏။

'ချွမ်'

'ချွလွင်'

စန်းချုံယဲ့နှင့် လင့်ဟူကျောင်းတို့က ဓားများကိုအသီးသီး ဆွဲထုတ်လိုက်ကြ၏။

စန်းချုံယဲ့၏ ဓားက ဖြူဝင်း တောက်ပနေသလို လင့်ဟူကျောင်း၏ဓားက ပြာလဲ့လဲ့ တောက်ပလျက်ရှိနေ၏။

လင့်ဟူကျောင်းသည် ခန္ဓာကိုယ်ကြံ့ခိုင်လှသူ တစ်ယောက်ဖြစ်ပြီး မျက်လုံးအစုံမှာ ကြည်လင်စူးရှလှကာ ဓားကိုင်ဟန်မှာ ထိပ်တန်းဓားသမားတစ်ယောက်ဖြစ်ကြောင်း သိသာထင်ရှားလှပေ၏။

'ယား'

'ဟိုင်း'

ပွဲက စလေပြီ။စလျှင်စချင်းပင် လင့်ဟူကျောင်းက ရှေ့သို့ လှုံ့ရှုဓားပါ လွှားဝင် တိုက်ခိုက်ပစ်လိုက်၏။

'ထန်း'

ဓားနှစ်လက်မှ ပြင်းထန်စွာ ထိခတ်ကာ မီးများပွင့်ထွက်သွားရ၏။ စန်းချုံယဲ့က ဓားတစ်ချောက် အတွင်းအားထည့်ကာ လင့်ဟူကျောင်း၏ ဓားကို ခတ်ထုတ်လိုက်ခြင်းပင်ဖြစ်၏။

ဓားချင်းထိခတ်လိုက်သည်နှင့်နှစ်ယောက်စလုံးတစ်ယောက်၏ အတွင်းအားတလည်း ကြီးမား ပြင်းထန်လှပေ၏။





'ဝှစ် ဝှစ် ဝှစ်'

တစ်ခဏချင်းမှာပင် လင့်ဟူကျောင်း၏ လျှပ်မြက်သလို ဓားချက်များက စန်းချုံယဲ့ ကိုယ်ပေါ်သို့ မိုးသီးမိုးပေါက်များပမာ ကျဆင်းလာ၏။

စန်းချုံယဲ့က ဓားကို စက်ဝိုင်းသဏ္ဌာန် ဝေ့ယမ်းပြီး တိုက်ခိုက်ပစ်လိုက်ရာ လင့်ဟူကျောင်း၏ ဓားချက်များမှာ ပျက်ပြားသွားရသည်။

'ယား'

နှစ်ယောက်သား အထက်သို့ ထိုးတက်သွားမိကြ၏။ လေထဲတွင် ဓားချင်းဆိုင်လိုက်မိကာ မီးပွင့်မီးပွားများ တဖြန်းဖြန်း ပွင့်ထွက်သွားရ၏။

စန်းချုံယဲ့ ဓားကိုလှန်ကာ ပျံလွှားအသိုက်ဆင်း ဓားချက်ဖြင့် တိုက်ခိုက်ပစ်လိုက်သည်။

'ဝှီး'

လင့်ဟူကျောင်းက ဓားကို ကန့်လန့်ဖြတ် ကိုင်ကာ နဂါးမြစ်ဖြတ် ဓားချက်ဖြင့် စန်းချုံယဲ့ ဓားချက်ကို ကာကွယ်ပေးလိုက်၏။ လင့်ဟူကျောင်း၏ ဓားချက်က စန်းချုံယဲ့၏ ရင်ဝဆီသို့ ဟူးခနဲ ဝင်ရောက်လာ၏။

'ဟိုင်း'

စန်းချုံယွဲ့က လေထဲမှပင် ကျွမ်းတစ်ချက်ပစ်ကာ ရှောင်တိမ်းပေးလိုက်ရ၏။ ထို့ကြောင့် လင့်ဟူကျောင်း၏ ဓားချက်မှာ စန်းချုံယွဲ့၏ ရင်ဝအနီးမှ ပွတ်ကာသီကာကလေး လွဲချော်ထွက်သွားရလေသည်။

'ဟူး'

စန်းချုံယွဲ့က ရှောင်တိမ်းပေးလိုက်ရင်း နဂါးအမြီးယမ်း ဓားချက်နှင့် တိုက်ခိုက်ပစ်လိုက်ရာ ဓားချက်က လင့်ဟူကျောင်း၏ ကိုယ်အောက်ပိုင်းမှ အထက်သို့ ဘရွှေ့ရွှေ့ ရိုက်ခတ်သွားသည်။

လင့်ဟူကျောင်းက နောက်သို့ ကျွမ်းပစ်ကာ ရှောင်တိမ်းပေးလိုက်သဖြင့်သာ သက်သာရာရသွားခြင်း ဖြစ်၏။

ဓားကွက်ပါးဆယ် ကျော်လာသည်အထိ တစ်ယောက်နှင့် တစ်ယောက် အသာစီးရအောင် တိုက်ခိုက်နိုင်စွမ်း မရှိကြသေးပါချေ။

ဝန်းကျင်တစ်ခုလုံး ဓားရိပ်ဓားငွေ့များနှင့် ဖုံးလွှမ်းပြည့်နှက်လျက် ရှိနေ၏။ အဖြူရောင်ဓားအလင်းတန်းများနှင့် အပြာရောင် ဓားအလင်းတန်းများက ယှက်သန်းတိုက်ခိုက်လျက် ရှိနေ၏။

'ယား'





ရုတ်တရက် လင့်ဟူကျောင်းက မာန်သွင်းသံပြုရင်း ခုန်လွှားဝင်ရောက်လာကာ စန်းချုံယွဲ့အား အပေါ်စီးမှ ဖိ၍ ခုတ်ပိုင်းချလိုက်၏။

စန်းချုံယွဲ့က လင့်ဟူကျောင်း၏ ဓားချက်ကို ဓား ဓားချင်း ခတ်ထုတ်လိုက်ပြီးနောက် ရှေ့သို့ တစ်ချက်ဆန့်ကာ ဝေ့ယမ်းပစ်လိုက်၏။

'ဝှစ် ဝှစ် ဝှစ်'

'ယား'

လင့်ဟူကျောင်းမှာ ထိတ်လန့်အံ့သြကာ နောက်သို့ ခုန်ဆုတ်သွားရ၏။ အကြောင်းမှာ စမ်းချုံယွဲ့၏ ဓားချက်ကြောင့် လင့်ဟူကျောင်း၏ အင်္ကျီရင်ပတ်စကြီးမှာ ကွဲထွက်သွားခြင်းကြောင့်ပင်တည်း။

စန်းချုံယွဲ့ကသာ မညှာမတာ တိုက်ခိုက်လိုက်မည် ဆိုပါက လင့်ဟူကျောင်းမှာ ရင်ပတ်ကွဲထွက်ကာ နေရာမှာပင် အသက်ပျောက်သွားရပေလိမ့်မည်။

လင့်ဟူကျောင်းက ဓားကို လက်နှစ်ဖက်ဖြင့် ဆုပ်ကာ စန်းချုံယွဲ့အား အရိုအသေ ပြုလိုက်ရင်း....

'ခုလို ကျွန်တော့်ကို သက်ညှာလိုက်တဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်'

'ဒေါင်'

ကျောက်ခေါင်းလောင်းသံကြီးက ထွက်ပေါ်လာ၏။ ဝတ်ရုံနီဂိုဏ်းချုပ်ကြီးက လက်တစ်ဖက်မြှောက်လိုက်ကာ....

'စန်းချုံယဲ့ဟာ တကယ်ကို စိတ်ထားမှန်မြတ်တဲ့ သိုင်းသမားကောင်းတစ်ယောက်ပါပဲ၊ ကျုပ်တို့က သူ့ကို နဂါးခေါင်းနဲ့ နဂါးသိုင်းကျမ်း ပေးအပ်လိုက်တာဟာ မှန်ကန်တဲ့ လုပ်ရပ်တွေပဲ၊ ဒီချစ်ကြည်ရေး ခေါင်းပြိုင်ပွဲမှာ စန်းချုံယဲ့ အနိုင်ရသွားပါပြီ'

လာမာကြီးများအားလုံးက ကောင်းချီးဩဘာ ပေးလိုက်ကြ၏။ နောက်တစ်နေ့ နံနက်မှာပင် စန်းချုံယဲ့သည် ဝတ်ရုံနီလာမာကြီး ကျောင်းတော်ကြီးမှ ပြန်လည်ထွက်ခွာလာခဲ့လေတော့သည်။



(၅)

နန်ကင်းမြို့....

အထူးစည်ကားလှသော မြို့တစ်မြို့ပင် ဖြစ်၏၊ ခရီးသမ်းဆုံကျရာ မြို့ဖြစ်သည့်အတိုင်း ခရီးသွားများ၊ ကုန်သည်များ၊ သိုင်းလောကသားများ အဝင်အထွက် များပြားကာ ပြဿနာပေါင်းစုံ မကြာခဏ ပေါ်လေ့ရှိသော မြို့တစ်မြို့လည်း ဖြစ်သည်။

မြို့ထဲတွင် ဟည်းခိုဆောင်များ၊ အရက်ဆိုင်၊ စားသောက်ဆိုင်များနှင့် ပြည့်နှက်နေ၏၊

စန်းချုံယဲ့က ရှောင်ဟန်ချူးသတင်းကို ကြားသိထားရသည့်အတိုင်း နန်ကင်းမြို့သို့ ရောက်လာခဲ့ရလေပြီ။

ရှောင်ဟန်ချူးသည် မြို့ထဲရှိ စားသောက်ဆိုင်ကြီးတစ်ဆိုင်သည် အနက်ရောင် သိုင်းလောကသားများ ပိုင်ဆိုင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်ကြီးပင် ဖြစ်၏။ စားသောက်ဆိုင်ကြီး၏ အမည်မှာ နေကြာပန်းစားသောက်ဆိုင် ဖြစ်၏။

ငါးလပိုင်းခြောက်ရက်နေ့ ဖြစ်၏။ ထိုနေ့က နေကြာပန်းစားသောက်ဆိုင်ကြီးကို ထူးခြားစွာ ပိတ်ထားလိုက်လေပြီ။ လာရောက်စားသောက်ကြသူများကို ဆိုင်ထဲသို့ ဝင်ခွင့် မပြုတော့ပေ။

အနက်ရောင် သိုင်းလောကသားအချို့ ရောက်ရှိလာပြီး ဆိုင်ထဲသို့ ဝင်ရောက်သွားကြ၏။ တံခါးစောင့်များက တံခါးမကြီးကို ပြန်ပိတ်ထားလိုက်ကြ၏။

ဆိုင်ထဲတွင် ရှောင်ဟန်ချူးနှင့် အနက်ရောင်သိုင်းလောကသားများက တိုင်ပင် ဆွေးနွေးနေကြလေပြီ။

သူတို့ အနက်ရောင် သိုင်းလောကဂိုဏ်းကြီး တစ်ဂိုဏ်း တည်ထောင်ပြီး သိုင်းလောကကို ခြယ်လှယ် လွှမ်းမိုးရန် အတွက်ပင်ဖြစ်၏။

ယင်းအချိန်မှာပင် နေကြာပန်း စားသောက်ဆိုင် တံခါးသို့ အနက်ရောင်ဝတ်စုံနှင့် သိုင်းသမားတစ်ယောက် ရောက်လာ၏။





ထိုသူ၏ မျက်နှာမှာ မှုတ်ဆိတ် ပါးမြိုင်းမွေးများ ပြည့်နှက်နေပြီး မျက်နှာတွင် ဓားဒဏ်ရာ အမာရွတ်ကြီးတစ်ခုက ရှိနေ၏။

ထိုသူကို တွေ့မြင်လိုက်ရလျှင် တံခါးစောင့်များက တားဆီးလိုက်ပြီး....

'ခင်ဗျား ဘယ်သူလဲ၊ ဒီနေရာမှာ ဘယ်သူမှ လာခွင့် မရှိဘူး'

'ဟိတ် ငါက ဖိတ်ကြားခံထားရလို့ လာတာကွ၊ ငါ့နာမည် ဝမ်ချုံး၊ သံကွင်းဂိုဏ်းက အကြီးအကဲတစ်ယောက်ပဲ'

'ခင်ဗျားမှာ ဖိတ်စာပါလာသလား'

'ပါတာပေါ့ကွ၊ ဟောဒီမှာ'

ထိုသူက ပြောရင်း အင်္ကျီအိတ်ထဲမှ စာရွက်တစ်ရွက် ထုတ်ပြလိုက်၏။ စာရွက်ပေါ်တွင် မည်သည့်စာမှ ရေးသားထားခြင်း မရှိပေ။ ထို့ကြောင့် တံခါးစောင့် သိုင်းသမားမှာ ကြောင်အမ်းအမ်း ဖြစ်သွားကြရ၏။

ယင်းအချိန်မှာပင် ထိုသူက လက်နှစ်ဖက်ကို ဓော့ယမ်းလှုပ်ရှားပစ်လိုက်၏။

'ဝုန်း'

'ခွပ် ဖုန်း'

'အား အင့် အိုး'

မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာပင် ထိုသူ၏ ပြင်းထန်ကြမ်းတမ်းသော တိုက်ခိုက်မှုကြောင့် တံခါးစောင့်အနက်ရောင်သိုင်းသမား သုံးယောက်မှာ ခေါင်းချင်း ဆောင့်မိကာ မေ့မျောသွားကြလေတော့၏။

အပြင်ဖက်မှ အဖြစ်အပျက်များကို အတွင်းမှ လူများက ရိပ်မိကြဟန် မတူပေ။ ရှောင်ဟန်ချူးနှင့် အနက်ရောင် သိုင်းသမားများက သိုင်းလောကတွင် လှုပ်ရှားရန် တိုင်ပင်လျက်ရှိနေကြ၏။

မျက်နှာတွင် ဓားခုတ်ရာ သိုင်းသမားက အတွင်းသို့ ခပ်တည်တည်ပင် ဝင်ရောက်လာခဲ့၏။ အပေါ်ထပ်ဧည့်ခန်းမဆောင်ကြီးအတွင်း၊ အနက်ရောင်သိုင်းသမားများက တိုင်ပင်လျက်ရှိနေကြ၏။

ထိုသူက အပေါ်ထပ် တက်သော လှေကားကြီးအတိုင်း တက်လာခဲ့၏။ မကြာမီ အနက်ရောင်သိုင်းသမားများက စက်ဝိုင်းပုံဘဏ္ဍာန် ထိုင်ကာ တိုင်ပင် ဆွေးနွေးနေကြသည်ကို တွေ့မြင်လိုက်ရ၏။

ထိပ်ဆုံးမှ ထိုင်နေသူမှာ မျက်နှာဖုံးတစ်ခု စွပ်ထားသည်ကို တွေ့မြင်လိုက်ရ၏။ မျက်နှာဖုံးစွပ်ထားသူကထိုသူတက်လာသည်ကို တွေ့မြင်လိုက်ရလျှင်....

'မင်း ဘယ်သူလဲ၊ မင်းကို ဘယ်သူကဖိတ်ကြားလို့ တက်လာရတာလဲ'





ထိုသူက ဟက်ခနဲ ရယ်မောလိုက်ကာ....

'ကျုပ်က ကျုပ်ကို မဖိတ်ကြားလဲ တက်ရောက်လို့ ရတာပဲ၊ အခု ကျုပ်က ခင်ဗျားတို့နဲ့ ပူးပေါင်းရအောင် လာခဲ့တာပါ'

'မင်းက ဘယ်သူလဲ'

'ကျုပ်က ဝမ်ချုံး၊ သံကွင်းဂိုဏ်းက အကြီးအကဲ တစ်ယောက်ပဲ'

'ဘာ မင်းက သံကွင်းဂိုဏ်းက အကြီးအကဲ ဟုတ်လား၊ သံကွင်းဂိုဏ်းမှာ မင်းနာမည် တစ်ခါမှ မကြားဖူးပါလား'

မျက်နှာဖုံးစွပ်က တအံ့တသြနှင့် ပြောလိုက်၏။ မျက်နှာဓားဒဏ်ရာနှင့် လူက နှာခေါင်းရှုံ့ကာ ဟင့်ခနဲ ပြက်ရယ် ပြုလိုက်ပြီး....

'ဘယ်ကြားဖူးပါ့မလဲ၊ ကျုပ်က ဟန်ဆောင်ထားတာပဲ'

စကားဆုံးသည်နှင့် ထိုသူက မျက်နှာဖုံးစွပ်ဆီသို့ ခုန်ထွက်ကာ သွေးကြောနေရာ တစ်ခုကို ထိုးပိတ်လိုက်၏။

'ထောက်'

'အင့်'

'ဟာ'

'ဟင်'

မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာပင် ထိုသူ၏ အုံ့မခန်း လှုပ်ရှားမှုကြောင့် အနက်ရောင် သိုင်းသမားများမှာ တအံ့တသြ ဖြစ်သွားကြရ၏။

အနက်ရောင်သိုင်းသမားများကထပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် ထိုသူက မျက်နှာဖုံးစွပ်ကို ဖမ်းချုပ်ကာ ပြတင်းပေါက်အပြင်ဖက်သို့လွှားထွက်သွားလေပြီ။

'ဝှစ် ဝှစ် ဝှစ် ဝှစ်'

'ဝှီး ဝှီး ဝှီး ဝှီး'

အနက်ရောင်သိုင်းသမားများက လက်နက်ပုန်းများ ပစ်ခတ်ကာ တိုက်ခိုက်ကြသော်လည်း ထိုသူ၏အင်္ကျီစကလေးကိုပင် ထိအောင် တိုက်ခိုက်နိုင်စွမ်းမရှိပါချေ။

'ဟား'

'ဟူး'

အနက်ရောင်သိုင်းသမားများက နောက်မှ အတင်းလိုက်ကြသော်လည်း ထိုသူ၏ခြေဖျားကို မမီပေ။ ထိုသူကလေတိုက်ခတ်သလို မီးခိုးငွေ့တစ်ငွေ့ပမာ လွင့်မျော ပျောက်သွယ်သွားပြီ ဖြစ်၏။

မြို့ပြင်တောအုပ်အတွင်းရှိ ဘုံကျောင်းပျက်ကြီး တစ်ခုအထဲရောက်မှ ထိုသူက မျက်နှာဖုံးစွပ်အား....





'မင်းဟာ ဇီဝလောက်လွယ်လွယ်ကူကူအဖမ်းခံရတာထောက်ရင် ရှောင်ဟန်ချူးမဖြစ်နိုင်ဘူး၊ ရှောင်ဟန်ချူး အခု ဘယ်မှာလဲ'

ထိုသူကပြောရင်း မျက်နှာဖုံးစွပ်ကို မျက်နှာဖုံးချွတ်ကြည့်လိုက်ရာ ရှောင်ဟန်ချူး မဟုတ်ဘဲ အယောင်ဆောင် တစ်ယောက် ဖြစ်နေသည်ကိုသာ တွေ့မြင်လိုက်ရ၏။

ထိုသူက မျက်နှာပေါ်မှ ရှုပ်ဖျက်ထားသည့်များကို ပယ်ဖျက်ပစ်လိုက်သောအခါ ယောကျ်ားပီသခန့်ညားသော ဥပဓိရုပ်သွင်က ထွက်ပေါ်လာ၏။

'ရှောင်ဟန်ချူး ဘယ်မှာလဲ'

'ကျွန်....ကျွန်တော်မသိပါဘူး'

'ပြောင်း'

'အား'

မျက်နှာဖုံးခုတ်ရာ အမာရွတ်နှင့် ဟန်ဆောင်ထားသူမှာ စန်းချုံယဲ့ပင် ဖြစ်၏။

စန်းချုံယဲ့က ရှောင်ဟန်ချူး ဟန်ဆောင်ထားသူကိုလက်ဝါးဖြင့် တစ်ချက်ရိုက်ပစ်လိုက်ရာ ထိုသူမှာ အားခနဲ အော်ဟစ်ရင်း ပါးစပ်မှသွေးများ ကျလာရ၏။

စန်းချုံယဲ့က နောက်တစ်ချက် ရိုက်ရန် လက်ဝါးကိုမြှောက်လိုက်သောအခါ ထိုသူက လက်ကာပြလိုက်ပြီး....

'အား....မ မရိုက်ပါနဲ့၊ ကျွန် ကျွန်တော်ပြောပါမယ်'

'ကိုင်း ပြောစမ်း၊ ရှောင်ဟန်ချူး အခုဘယ်မှာလဲ'

'မိုး....မိုးကြိုးရဲတိုက်ကြီးမှာ ကျန်ရစ်ခဲ့ပါတယ်'

'အေး....ကောင်းပြီ၊ မင်းကိုတော့ တရားဥပဒေလက်ထဲ အပ်ရမယ်၊ ပြီးမှ ငါက မိုးကြိုးရဲတိုက်ကိုသွားပြီး မင်းတို့ဆရာ ရှောင်ဟန်ချူးကို သွားဖမ်းရမယ်'

ထို့နောက် စန်းချုံယဲ့က ထိုသူကို လည်ကုပ်မှဆွဲကိုင်ကာ ခေါ်ဆောင်သွားလေတော့၏။

● ● ●

မိုးကြိုးရဲတိုက်။

သိုင်းလောကမှ ဒုစရိုက်သမားအနက်ရောင် သိုင်းသမားများ စုံပျော်ရာ ရဲတိုက်ကြီးပင်ဖြစ်၏။ ရဲတိုက်ကြီးမှာ ကြီးမား ကျယ်ဝန်းလှသလို ရဲတိုက်ခြံဝင်းကြီးမှာလည်း အထူးပင်ကျယ် ဝန်းလှပေ၏။

မိုးကြိုးရဲတိုက်သခင်ကြီးမှာ ကဲရှောက်ယင်း ဖြစ်ပြီး





အနက်ရောင် သိုင်းလောက၏ သခင်ကြီးတစ်ဦးလည်း ဖြစ် ပေ၏။

ယခုအခါ မိုးကြိုးရဲတိုက်၏ ခန်းမဆောင်ကြီးအတွင်း ကဲရှောက်ယင်းနှင့် ရှောင်ဟန်ချူးတို့က တိုင်ပင်ဆွေးနွေး လျက် ရှိနေ၏။

သူတို့တိုင်ပင်ဆွေးနွေးနေသော အဓိကအကြောင်းအရာမှာ သိုင်းလောကကို လက်ဝါးကြီးအုပ် ချယ်လှယ်ရန်အတွက်ပင် ဖြစ်သည်။

ကဲရှောက်ယင်းက ခရမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ရှောင်ဟန်ချူးက အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

သူတို့နှစ်ယောက်က အရက်သောက်စားရင်း စကားပြော နေကြခြင်းပင်ဖြစ်၏။

ကဲရှောက်ယင်းက အရက်တစ်ခွက်သောက်လိုက်ရင်း....

'ရှောင်ဟန်ချူး မင်းအကြံတွေ အောင်မြင်ရပါစေမယ်၊ ငါတို့အနက်ရောင်သိုင်းလောကသားတွေ စုစည်းပြီး အင်အား ကောင်းလာဘာနဲ့ အဖြူရောင် သိုင်းဂိုဏ်းကြီးတွေကို ငါတို့ လက်အောက်ရောက်အောင် လုပ်ပစ်ရမယ်'

ရှောင်ဟန်ချူးက ခေါင်းတစ်ချက်ဆတ်လိုက်ရင်း....

'ဟုတ်တယ်၊ အနက်ရောင်သိုင်းလောကသားတွေကို အမြန် ဆုံး စုစည်းရမယ်၊ ကျုပ်တို့ အင်အားကောင်းလာရင် သိုင်း လောကတစ်ခုလုံးကို လွှမ်းမိုးပစ်ရမယ်'

ယင်းအချိန်မှာပင် အမြိုင်ဖက်မှ ဆူညံသော အသံများ ကြားလိုက်ရပြီး ခန်းမဆောင်ကြီး အတွင်းသို့ မိုးကြိုးရဲတိုက် အစောင့်သိုင်းသမားများ ဝင်ရောက်လာကြ၏။

အစောင့်သိုင်းသမားတစ်ယောက်က ကဲရွှောက်ယင်းကို အရို အသေ ပြုလိုက်ပြီး....

'သခင်ကြီးခင်ဗျား၊ အမြိုင်ဖက်မှာ စန်းချုံယွဲ့ဆိုတဲ့ သိုင်း သမား တစ်ယောက် ရောက်နေပါတယ်၊ ကျွန်တော်တို့ ဘယ် လိုမှ တားဆီးလို့ မရပါဘူး၊ သူက ခြံဝင်းထဲကို အတင်း ထိုး ဖောက် ဝင်နေပါတယ်'

'ဟင်'

'ဟာ'

ကြားလိုက်ရသောစကားကြောင့် ကဲရွှောက်ယင်းနှင့်ရွှောင် ဟန်ချူးတို့မှာ အံ့သြတုန်လှုပ်သွားကြရ၏။

'ဝုန်း'

'အား အင့်'

ယင်းအချိန်မှာပင် တံခါးမကြီးဆီမှ လက်ဝါး ရိုက်သံ တစ်ချက် ကြားလိုက်ရပြီး သိုင်းသမားနှစ်ယောက် လွင့်စဉ် ထွက်လာသည်ကို တွေ့မြင်လိုက်ကြရ၏။

တစ်ချိန်တည်းမှာပင် လူရိပ်တစ်ရိပ်က တံခါးမကြီး ဆီမှ နေ၍ အတွင်းသို့ခုန်ပျံဝင်ရောက်လာခဲ့၏။





ရွှောင်ဟန်ချူးက ရောက်လာသူကို စူးစိုက်ကြည့်လိုက်ရာ စန်းချုံယွဲ့ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ကဲရွှောက်ယင်းက စန်းချုံယွဲ့အား....

'ဟိတ် မင်း ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျုပ် ရဲတိုက်ထဲကို ခွင့်ပြုချက်မရဘဲ ဝင်လာတာလဲ'

စန်းချုံယွဲ့က ဟက်ခနဲ ရယ်မောလိုက်ကာ....

'ကျုပ်က စန်းချုံယွဲ့၊ ရွှောင်ဟန်ချူးကိုလာခေါ်တာပဲ'

ရွှောင်ဟန်ချူးကရယ်မောလိုက်ကာ....

'စန်းချုံယွဲ့ မင်းမှားနေပြီ၊ ငါ့ကို မင်း လွယ်လွယ်ကူကူနဲ့ ခေါ်လို့ရမယ် ထင်နေသလား'

စန်းချုံယွဲ့က မျက်မှောင်ကြုတ်လိုက်ကာ....

'ရွှောင်ဟန်ချူး ဒီတစ်ခါတော့ မင်းကို ငါ အလွတ်မပေး တော့ဘူး၊ မင်းကိုဖမ်းပြီး ရွှောင်လင် ကျောင်းတော်ကို ခေါ် ဆောင်သွားရမယ်'

'ရှီး ရှီး ရှီး'

'ဝှစ် ဝှစ် ဝှစ်'

ရုတ်တရက် ကဲရွှောက်ယင်းက လက်နက်ပုန်းများကို စန်း ချုံယွဲ့ထံသို့ ပစ်လွှတ်လိုက်၏။

'ဖြန်း ဖြန်း ဖြန်း'

စန်းချုံယွဲ့က သူ့ဆီသို့တစ်ဟုန်ထိုး လွင့်ပျံလာသည့် လက်နက်ပုန်းများကို အင်္ကျီလက်စကြီးဖြင့် ဖွဲ့ယမ်း ခတ်ထုတ်ပစ်လိုက်ရာ လက်နက်ပုန်းများမှာ ပြန်လည် လွင့်စဉ်ထွက်သွားကြရ၏။

'ဝိုင်းတိုက်ကြစမ်း'

'သတ်ကြ'

'မလွတ်စေနဲ့'

ချက်ချင်းပင် မိုးကြိုးရဲတိုက်သိုင်းသမားများက စန်းချုံယွဲ့ထံ ပြေးဝင်လာကြ၏။ စန်းချုံယွဲ့က ထိုသူများကို အရေးမစိုက်ဘဲ ရှောင်ဟန်ချူးဆီသို့သာ ခုန်ဝင် ဖမ်းချုပ်လိုက်ကြသည်။

'ဝှစ်'

'ထန်း'

ရုတ်တရက် ရှောင်ဟန်ချူးက ပြင်းထန်သောဓားချက်ဖြင့် တုံ့ပြန်တိုက်ခိုက်ပစ်လိုက်ရာ စန်းချုံယွဲ့မှာ မတတ်သာတော့ဘဲ ရှောင်ဟန်ချူး၏ဓားကို သူ့ဓားဖြင့် ကာကွယ် ခတ်ထုတ်ပစ်လိုက်ရ၏။

ရှောင်ဟန်ချူးက တစ်ဖက်သို့ ခုန်ထွက်လိုက်သည်နှင့် စန်းချုံယွဲ့ကို မိုးကြိုးရဲတိုက်သိုင်းသမားများက ဝိုင်းပြီးသား ဖြစ်သွားကြ၏။





'စန်းချုံယွဲ့၊ မင်းကို ငါတို့လူတွေက ဝိုင်းထားပြီးပြီ၊ မင်းအေးအေးဆေးဆေး အညံ့ခံလိုက်ရင် သက်သာမယ်၊ နို့မဟုတ်ရင်တော့ ငါကလဲ မင်းကိုညှာမနေနိုင်တော့ဘူး'

'ဟား ဟား ဟား'

စန်းချုံယွဲ့က တဟားဟားရယ်မောလိုက်ကာ....

'ရှောင်ဟန်ချူး၊ ငါက ဘယ်တော့မှ အညံ့ ခံတတ်တဲ့ လူစားမဟုတ်ဘူး၊ ငါကလဲ မင်းကို ညှာနေမှာမဟုတ်ဘူး'

ရှောင်ဟန်ချူးက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ကာ....

'ကောင်းပြီလေ၊ ဒါဆိုရင်လဲ မင်းထိုက်နဲ့ မင်းကံပဲ'

စကားဆုံးသည်နှင့် ရှောင်ဟန်ချူးက အနက်ရောင် သိုင်းသမားများကို အချက်ပြလိုက်၏။ အနက်ရောင်သိုင်းသမားများက ချက်ချင်းပင် စန်းချုံယွဲ့ထံသို့ပြေးဝင်တိုက်ခိုက်လာကြလေသည်။

'ယား'

'ဟိုင်း'

'ထန်း ထန်း ထန်း'

'ချွမ်း ချွမ်း ချွမ်း'

ရဲတိုက်ခန်းမဆောင်ကြီးအတွင်း တိုက်ခိုက်သံများကဆူညံပွက်လောရိုက်သွားရ၏။ စန်းချုံယွဲ့က ရှောင်ဟန်ချူးကို အဓိကထား ထိုးဖောက် တိုက်ခိုက်နေ၏။

'ဝှစ် ဝှစ် ဝှစ်'

'အား အင့် အီး'

စန်းချုံယွဲ့၏ လေပွေဓားချက်ကြောင့် မိုးကြိုးရဲတိုက် သိုင်းသမား အံတော်များများမှာ ဒဏ်ရာများရကာ နောက်သို့ ဆုတ်သွားကြရ၏။

'ချမ်း'

'အိုး'

မိုးကြိုး ရဲတိုက်သခင် ကဲရှောက်ယင်းမှာ သူ့ဓားကျိုး ထွက်သွားသည်ကိုကြည့်ရင်း ထိတ်လန့် ချောက်ချားစွာဖြင့် နောက်သို့ ခုန်ဆုတ်သွား၏။

ကျားနှင့်ဆင် လယ်ပြင်တွေ့ကြရသည့်ပမာ စန်းချုံယွဲ့နှင့် ရှောင်ဟန်ချူးတို့ ရင်ဆိုင်မိကြရလေပြီ။

ရှောင်ဟန်ချူးက ခနဲ့ပြုံးလိုက်ရင်း....

'စန်းချုံယွဲ့၊ မင်းရဲ့ ဓားပညာမှာ အတော့ကို တိုးတက်နေပါလား၊ မင်းလက်ထဲက ဓားကလဲ ဓားကောင်းပဲ၊ မင်းကို သတ်ပြီးမှ ဒီဓားတို့ကို ငါယူမယ်ကွ'

စန်းချုံယွဲ့က အေးစက်စက်ထန်သော လေသံဖြင့်....

'ရှောင်ဟန်ချူး၊ ဒီတစ်ခါတော့ မင်း ငါ့လက်ထဲက ပြေးမလွတ်တော့ပါဘူး'

'ယား'

'ဟိုင်း'





နှစ်ယောက်သား ဓားချင်းဆိုင်မိလိုက်ကြ၏။ ဓားနှစ်လက်မှာ ထန်းခနဲ မြည်းဟည်းကာ မီးများပွင့်ထွက်သွားရင်း နောက်သို့ ပြန်ကန်ထွက်သွားကြရ၏။

ရှောင်ဟန်ချူးက ပြင်းထန်မြန်ဆန်သော ဓားချက်များသာ ဆက်တိုက်ခုတ်ပိုင်းတိုက်ခိုက်နေ၏။

ရှောင်ဟန်ချူး၏ ဓားချက်များက စန်းချုံယွဲ့၏ကိုယ်ပေါ်သို့ မိုးသီးမိုးပေါက်များပမာ အဆက်မပြတ် ကျဆင်းလျက်ရှိနေ၏။ စန်းချုံယွဲ့ကိုင်ဆောင်ထားသော ဓားမှာ ဝတ်ရုံနီလာမာကြီးများ ပေးလိုက်သော နဂါးဓားပင် ဖြစ်၏။

နဂါးဓားချက်များကို ရှောင်ဟန်ချူးမှာ အလူးအလဲ ခုခံတိုက်ခိုက်နေရ၏။

မိုးကြိုးရဲတိုက်သခင်ကြီးက ကဲရှောက်ယင်းနှင့် ရဲတိုက် သိုင်းသမားများမှာ စန်းချုံယွဲ့ကို မည်သူကမျှ ဝင်ရောက် မတိုက်ခိုက်ရဲကြတော့ပေ။

သူတို့က စန်းချုံယွဲ့နှင့် ရှောင်ဟန်ချူးတို့ အကျိတ်အနယ် တိုက်ခိုက်နေကြသည်ကိုသာ အငေးသား ကြည့်နေမိကြလေတော့၏။ ယခုအချိန်တွင် သူတို့ ဝင်ရောက်တိုက်ခိုက်ပါကလည်း အသက်ပျောက်ကုန်ကြရမည် မဟုတ်ပါလား။

ဓားကွက် နှစ်ဆယ်ကျော်လာသည်နှင့်ပင် ရှောင်ဟန်ချူးမှာ စန်းချုံယွဲ့ကို မယှဉ်နိုင်တော့ဘဲ နောက်သို့ တဆုတ်တည်း ဆုတ်ပေးနေရတော့၏။ ရှောင်ဟန်ချူးတာ ဓားပညာတွင်

စန်းချုံယဲ့လောက် သေချာစွာ သင်ကြားခြင်းမပြုခဲ့ရသည် မဟုတ်ပါလား။

'ဝှစ်'

'ထန်း'

'အား'

မကြာမီ စန်းချုံယဲ့၏ နဂါးဓားချက်ကြောင့် ရှောင်ဟန်ချူးမှာ ဓားကျူးထွက်သွားရပြီး လက်တစ်ဖက်တွင် ဓားချက်ထိကာ သွေးများက ရဲခနဲ ဖြာထွက်သွားရ၏။

တစ်ချိန်တည်းမှာပင် စန်းချုံယဲ့၏ဓားက ရှောင်ဟန်ချူး၏ ရင်ဝကို ထောက်ထားမိလျက်သား ဖြစ်သွားရလေတော့၏။

'ဟင်'

ရှောင်ဟန်ချူးမှာ မျက်လုံးအစုံပြူးကျယ်ကာ ထိတ်လန့် ချောက်ချားသွားရ၏။

စန်းချုံယဲ့၏ဓားက သူ့ရင်ဝရှေ့သို့ ရောက်ရှိနေပြီ မဟုတ်ပါလား။ စန်းချုံယဲ့က ရှောင်ဟန်ချူး၏ ရင်ဝကိုဓားနှင့် ထောက်ထားလိုက်ရင်း....

'ကိုင်း၊ ရှောင်ဟန်ချူး၊ ရာဇဝတ်ဘေး ပြေးမလွတ်ပါဘူးကွာ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းရေးအတွက် မင်းကို ငါခေါ်သွားရမယ်'

ရှောင်ဟန်ချူးမှာ အလွန်ထိတ်လန့်ကာ....





'ခန်း၊ စန်းချုံယဲ့၊ ငါ့ ငါ့ကို ခေါ်မသွားပါနဲ့ကွာ၊ ငါ တောင်းပန်ပါတယ်'

'မင်းကို မခေါ်လို့ မဖြစ်ဘူး၊ ငါ့မှာ မင်းကို ခေါ်သွားဖို့ တာဝန်ရှိတယ်၊ ကိုင်း လိုက်ခဲ့ပေတော့'

စန်းချုံယဲ့က စကားဆုံးသည်နှင့် ရှောင်ဟန်ချူးကို ဆွဲသွားတော့၏။ ကဲရှောက်ယင်းနှင့် ရဲတိုက် သိုင်းသမားများမှာ စန်းချုံယဲ့ကို မည်သို့မှ မတားဆီးဝံ့ကြဘဲ ကျန်ရစ်ခဲ့ကြတော့၏။

• • •

ရှောင်လင်ကျောင်းတော်သို့ ပြန်ရောက်လာကြသည်။

စန်းချုံယဲ့က ရှောင်လင်ဂိုဏ်းချုပ် ဘုန်းတော်ကြီး ချုံးထံ ထိုက်သား ရှောင်ဟန်ချူးကို အပ်နှံလိုက်၏၊ စကြာ သိုင်း ကျွန်းကိုဦး မခန့်ရသေးပေ။

ရှောင်လင်ဂိုဏ်းချုပ်ကြီး ကျီးတို့က ရှောင်ဟန်ချူးအား....

'ရှောင်ဟန်ချူး၊ မင်း တော်တော် မိုက်တွင်းနက်တဲ့ကောင်ပဲ၊ မင်းယူသွားတဲ့ စကြဝဠာသိုင်းကျမ်း ဘယ်မှာလဲ'

ရှောင်ဟန်ချူးက....

'တပည့်တော် လက်ထဲကနေ ပျောက်ဆုံးသွားပါတယ်ဘုရား၊ သိုင်းကျမ်းဟာ အခိုးခံလိုက်ရပါတယ်၊ စကြဝဠာသိုင်းဟာ တပည့်တော် လက်ထဲမှာ မရှိတော့ပါဘူး'

'ဂိုဏ်းချုပ်ကြီး ကျီးတို့က....

'မင်း လိမ်ပြောနေတာပဲ၊ ကောင်းပြီ၊ မင်း လိမ်ပြောတဲ့အတွက် မင်းကို ခြေတွေလက်တွေ ဖြတ်ပြီး တောထဲမှာ သွားပစ်ထားရမယ်၊ မျောက်တွေနဲ့အတူ သွားနေပေတော့'

'ဟင်'

ထိုစကားကြားလိုက်ရလျှင် ရှောင်ဟန်ချူးမှာ အလွန်ပင် ထိတ်လန့် ချောက်ချားသွားရ၏။

'ကိုင်း မင်းအမှန်ကို ပြောမလား၊မပြောဘူးလား၊ မပြောရင် ငါတို့ထ မင်းကို ရက်စက်ရလိမ့်မယ်'

ရှောင်ဟန်ချူးမှာ ခေါင်းငိုက်စိုက် ကျသွားရကာ....

'တပည့်တော် ပြောပါ့မယ်၊ပြောပါ့မယ်၊ တပည့်တော်က သိုင်းကျမ်းကို တောင်ပင်လယ်မင်းသားလေးရဲ့ တောင်ပင်လယ် ကျောက်ဂူကြီးထဲမှာ လျှို့ဝှက်သိမ်းထားခဲ့ပါတယ်'

ဂိုဏ်းချုပ်ကြီး ကျီးတို့က မျက်မှောင်ကြုတ်လိုက်ကာ....





'ကျောက်ဂူ ဘယ်နားမှာ သိမ်းထားတာလဲ၊
ပြောရင်တော့ စန်းချုံယွဲ့ပြန်လာရင် မင်းနဲ့ငါတို့ တွေ့ရဝ ပြုလိုက်
ကျီးတို့က ကြုံးဝါး ပြောဆိုလိုက်ရာ ရှောင်ပ
ထိတ်လန့်သွားပြီး....
ခဲ့မယ် ဘုရား

'တပည့်တော် အမှန်တွေ ပြောနေတာပါဘုရား၊ ရအောင် ယူ
တော် လိမ်မပြောပါဘူး၊ စကြဝဠာသိုင်းကျမ်းကို တော
လယ်ကျောက်ဂူကြီးထဲမှာ သိမ်းထားပါတယ်၊ကျောက်ဂူထဲမှာ
လူရုပ်ကြီးသုံးရုပ် ရှိပါတယ်၊ ခါးထောက်နေတဲ့ လူရုပ်ကြီးရဲ့
ခြေရင်းမှာ မြှုပ်နှံထားပါတယ်'

ဂိုဏ်းချုပ်ကြီးကျီးတို့က မျက်မှောင်ကြုတ်ရင်း....

'ကျောက်ရုပ်သုံးရုပ်က ဘယ်လိုဟန်မျိုးတွေရှိသလဲ၊ ပြောစမ်း'

'တစ်ရုပ်က လက်နှစ်ဖက်ကို မြှောက်ထားပါတယ်၊ တစ်ရုပ်က လက်နှစ်ဖက်ကို ခါးထောက်ထားပါတယ်၊ တစ်ရုပ်က လက်တွေကို အရှေ့ကို ဆန့်တန်းထားပါတယ်၊ သိုင်းကျမ်းက ခါးထောက်ထားတဲ့ အရုပ်ကြီး အောက်မှာ ရှိပါတယ်'

'မင်းက သိုင်းကျမ်းကို မလေ့ကျင့်ရသေးဘူးလား'

'တပည့်တော် မလေ့ကျင့်ရသေးပါဘူး ဘုရား'

ထို့နောက် ဂိုဏ်းချုပ်ကြီးကျီးတို့က စန်းချုံယွဲ့အား....

'စန်းချုံယွဲ့၊ သူပြောတာတွေ မင်း ကြားတဲ့ အတိုင်းပဲ၊ စကြဝဠာသိုင်းကျမ်းကို သူက တောင်ပင်လယ်မင်းသားလေးရဲ့

'ရွှေ ယမှာ မြှုပ်နှံထားတယ်လို့ ပြောတယ်၊ တောင်ပင် ကောင်ပဲ၊ ကျောက်ဂူက တောင်ပင်လယ် မင်းသားလေးရဲ့ ပိုင်နက်
ရွှောင်ဟ ဘယ်'

'တပည့်တော် ကျီးတို့က ရှောင်ဟန်ချူးဖက်သို့ လှည့်လိုက် ဘုရား၊
သိုင်းဟ

ရှောင်ဟန်ချူး၊ စကြဝဠာသိုင်းကျမ်း တောင်ပင်လယ် ကျောက်ဂူထဲမှာမြှုပ်နှံထားတာကို တောင်ပင်လယ်မင်းသား လေး သိသလား'

'သူ မသိပါဘူးဘုရား၊ တပည့်တော်က သူ မသိရအောင် မြှုပ်နှံထားခဲ့တာပါ၊ သိုင်းကျမ်း မြှုပ်နှံထားတဲ့ နေရာက အလွန်လုံခြုံပါတယ်'

ထို့နောက် ဂိုဏ်းချုပ်ကြီး ကျီးတို့က စန်းချုံယွဲ့အား....
'စန်းချုံယွဲ့၊ မင်းက တောင်ပင်လယ် ကျောက်ဂူကို အမြန် ဆုံး သွားပြီး စကြဝဠာ သိုင်းကျမ်းကို သွားယူပါ၊ တောင် ပင်လယ် မင်းသားလေးရဲ့ ရန်ကို အထူး သတိထားပါ၊ တောင်ပင်လယ်မင်းသားလေးဟာအလွန်ရက်စက်ကြမ်းကြုတ် တဲ့ သိုင်းသမား တစ်ယောက် ဖြစ်ပြီး သူ့ လက်အောက် မှာ ဒုစရိုက်သမားတွေ အမြောက်အမြား ရှိနေတယ်၊ တောင် ပင်လယ်ကို ဇီကနေ သုံးရက်လောက် ခရီးပြင်း နှင်သွားရင် ရောက်နိုင်ပါတယ်'





စန်းချုံယွဲ့က ဂိုဏ်းချုပ်ကြီး ကျီးတို့ကို ဂါရဝ ပြုလိုက် ကာ....

'မှန်လှပါ တပည့်တော် အရဆောင်ကျဉ်းလာခဲ့မယ် ဘုရား သိုင်းကျမ်းကို တပည့်တော်အသက်နဲ့လဲပြီး မရ ရအောင် ယူ ဆောင်ခဲ့ပါ့မယ်'

ထို့နောက် ဂိုဏ်းချုပ်ကြီးကျီးတို့က ရှောင်ဟန်ချူးအား....
'ရှောင်ဟန်ချူး၊ မင်းကိုတော့ ပြန်လွှတ်လို့ မဖြစ်ဘူး၊မင်း ရဲ့ ကျူးလွန်ခဲ့တဲ့ အပြစ်တွေအတွက် ငါတို့ ရှောင်လင်ကျောင်း တော်မှာ အကျဉ်းသားအဖြစ်နဲ့ ငါးနှစ်တိတိ ချုပ်နှောင်ထား ရမယ်၊ ဒီအတောအတွင်း မင်း အကျင့်စာရိတ္တတွေ ကောင်း လာပြီး နောင်တတရားတွေ ရလာမယ်ဆိုရင်တော့ မင်းကို ငါး နှစ်မပြည့်ခင်မှာတင် ပြန်လွှတ်ပေးလိုက်မယ်၊ မင်းက တော် တော် မိုက်မဲတဲ့ကောင်ဆိုတော့ အပြစ်ကို ခံယူပေတော့'

ထို့နောက် ရှောင်လင် ဂိုဏ်းချုပ်ကြီးက ဘုန်းတော်ကြီး များအား ရှောင်ဟန်ချူးကို ညွှန်ပြလိုက်ကာ....

'ရှောင်ဟန်ချူးကို မြေအောက်အကျဉ်းခန်းထဲ သွားပို့ ထားလိုက်ပါ၊ စန်းချုံယွဲ့ ပြန်မရောက်မချင်း သူ့ကို မြေ အောက်အကျဉ်းခန်းထဲမှာ ထည့်ပြီး ချုပ်နှောင်ထားရမယ်၊ စန်းချုံယွဲ့ ပြန်ရောက်လာမှ သူ့ကို မြေအောက်ခန်းကနေ အပေါ်ပြန်ထုတ်ရမယ်'

ရွှေဝင်လင်ဂိုဏ်းချုပ်ကြီး၏ စဏားအဆုံး ဘုန်းတော်ကြီးများက ရွှေဝင်ဟန်ချူးကို မြေအောက် အကျဉ်းခန်းတွင်းသို့ ခေါ်ဆောင်သွားကြတော့၏။ စန်းချုံယဲ့သည် နောက်တစ်နေ့နံနက်မှာပင် ရွှေဝင်လင်ကျောင်းတော်မှ နေ၍ တောင်ပဝ်လယ်သို့ ထွက်ခွာလာခဲ့လေ၏။



(၆)

မွန်ဂိုမြင်းဖြူကြီးက ခွာသံတဖြောင်းဖြောင်း လည်ဆံတဖွားဖွားနှင့် အပြင်းနှင်လျက် ရှိနေ၏။ မြင်းဖြူကြီးနှင့်အတူ မြင်းစီးသမား လူရွယ်တစ်ယောက်က ခရီးပြင်းနှင်လျက် ရှိနေလေသည်။

မြင်းစီးသမားလူရွယ်မှာ စန်းချုံယဲ့ပင် ဖြစ်က၏ အဖြူရောင် ပိုးသားဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားပြီး နဂါးဓားကို ကျောတွင် ပိုးလွယ်ထား၏။

သူ ခရီးပြင်းနှင်လာခဲ့သည်မှာ သုံးရက်ပြည့်မြောက်ခဲ့လေပြီ။ နေမွန်းဘည့်ချိန်လောက်တွင် ပြာလဲ့သော ရေပြင်ကျယ်ကြီးကို အပြာရောင်ကော်ဇောကြီးတစ်ချပ် ဖြန့်ခင်းထားသည့် အလား တွေ့မြင်လိုက်ရ၏။

သူက မြင်းကို ကမ်းစပ်တွင် ရပ်တန့်ကာ မြင်းထက်မှ လွှားဆင်းလိုက်၏။ သူရောက်လာသည်နှင့် အချိန်ကိုက်ပင် ရေပြင်ထက်တွင် အပေါ်ျဝ်စီး ရွက်လှေကြီးတစ်စီး တရွေ့ရွေ့ လှော်ခတ်လာသည်ကို တွေ့မြင်လိုက်ရသည်။

မကြာမီ ရွက်လှေကြီးက ကမ်းစပ်တွင် တရွေ့ရွေ့ ဆိုက်ကပ်လာသည်။

ရွက်လှေကြီးအပေါ်မှ ဆင်းလာသူများမှာ အနီရောင်ဝတ်စုံနှင့် မိန်းမပျိုများ ဖြစ်နေကြ၏။ မိန်းမပျိုများအနက် အရှေ့ဆုံးမှ မိန်းမပျိုမှာ ရွှေရောင်ဝတ်စုံကို ဝတ်ဆင်ထားလေသည်။

ရွှေရောင်ဝတ်စုံနှင့် မိန်းမပျိုမှာ အလွန်ချောမောလှပသော မိန်းမပျိုကလေး တစ်ဦးဖြစ်ပြီး မျက်လုံးကလေးများမှာ ကြည်လင်တောက်ပလှကာ နှုတ်ခမ်းအစုံမှာ နီထွေးလျက် ရှိနေလေသည်။

စန်းချုံယဲ့က မိန်းမပျိုများကို အကဲခတ်နေမိ၏။ ရွှေရောင်ဝတ်စုံရှင် မိန်းမပျိုမှာ အသက်ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်ခန့်သာ ရှိနေသေးသော်လည်း သိုင်းပညာကို လေ့လာလိုက်စားသူမှန်း သိသာလှ၏။

ရွှေရောင်ဝတ်စုံရှင် မိန်းမချောကလေးက စန်းချုံယဲ့အားအစ်ချက် စိုက်ကြည့်လိုက်ပြီး....





'ကျွန်မက တောင်ပင်လယ် မင်းသားလေး ဖူယီကျန်းရဲ့ ညီမ ဖူယီကွမ်းပါ၊ အခု အစ်ကိုက လွှတ်လိုက်လို့ လာခဲ့တာပါ'

စန်းချုံယဲ့က မျက်မှောင်ကြုတ်လိုက်ကာ....

'တောင်ပင်လယ် မင်းသားလေး ဖူယီကျန်းက ဘာများမှာကြားလိုက်လို့လဲ'

'ဒီမှာ ရှောင်လင်သိုင်းကျောင်းတော်က စန်းချုံယဲ့ဆိုတဲ့ စားပညာရှင် သိုင်းသမားတစ်ယောက် ရောက်နေလိမ့်မယ်၊ သူ့ကို ဧည့်ဝတ်ပြုရအောင် ခေါ်လာခဲ့ပါလို့ မှာကြားလိုက်ပါတယ်။ ကျွန်မတို့ အစ်ကိုက စိတ်ထားဖြူစင်ပြီး သဘောကောင်းပါတယ်။ ကျွန်မတို့နဲ့အတူ လိုက်ခဲ့ပါလို့ ဖိတ်ခေါ်ပါရစေ'

စန်းချုံယဲ့က မိန်းမပျိုကို အကဲခတ်ကြည့်ရာ စိတ်ရင်းသဘောကောင်းနှင့် ခေါ်ဆောင်နေမှန်း ရိပ်စားမိလိုက်သည်။ သူက မထက်သာတော့ဘဲ ခေါင်းညိတ်လိုက်ရကာ....

'ကောင်းပြီလေ၊ ကျုပ် လိုက်လာခဲ့ပါ့မယ်'

'ဒါဆိုရင်လဲ အပေါ်ကို ကြွပါရှင်'

မိန်းမချောလေး ဖူယီကွမ်းက စန်းချုံယဲ့ကို လှေကြီးအပေါ်သို့ ဖိတ်ခေါ်လိုက်၏။ စန်းချုံယဲ့က လှေကြီးအပေါ်သို့

တက်လာခဲ့၏။ လှေကြီး၏ ကုန်းပတ်အပေါ် ဦးခန်းတွင် ကုလားထိုင်များ ချထား၏၊ အလံများလည်း လွင့်ထူထားလေသည်။

'ထိုင်ပါရှင်'

မိန်းမချောလေး ဖူယီကွမ်းက အပြုံးကလေးနှင့် ပြောလိုက်၏။

စန်းချုံယဲ့က ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်ရ၏၊ လှေကြီးမှာ ကမ်းစပ်မှ ပြန်လှည့်ထွက်ခွာသွားလေပြီ။

ဖူယီကွမ်းက အချက်ပြလိုက်လျှင် မိန်းကလေးများက အရက်နှင့် စားစရာများကို လင်ပန်းများဖြင့် ယူဆောင်လာခဲ့ကြ၏။

'သုံးဆောင်လိုက်ပါဦးရှင်၊ ဒီအရက်က မဟာတံတိုင်းကြီး အပြင်ဖက်ကလာတဲ့ ဒေါင်းစိမ်း အကောင်းစား အရက်တွေပါပဲ'

မိန်းမချောကလေး ဖူယီကွမ်းက အရက်အိုးကို ဖွင့်ကာ အရက်ခွက်ထဲသို့ အရက်များထည့်ပေးရင်းက စန်းချုံယဲ့အား ပြောကြားလိုက်၏။

စန်းချုံယဲ့က အရက်အနည်းငယ် သောက်ကြည့်လိုက်ရ သူမပြောသကဲ့သို့ပင် အရက်များမှာ မွှေးကြိုင် သင်းပျံ့မှု ဆည်ကို တွေ့မြင်လိုက်ရ၏။





'တောင်ပင်လယ်မင်းသားလေးက ဘယ်မှာ စောင့်နေတာလဲ'

စန်းချုံယဲ့က အရက်တစ်ခွက် သောက်လိုက်ပြီးနောက် ဖူယီကွမ်းကို မေးမြန်းလိုက်၏။ ဖူယီကွမ်းက ကြည်လင်ပြတ်သားသော လေသံကလေးဖြင့်....

'အစ်ကိုက တောင်ပင်လယ်စံအိမ်မှာ ရှိနေပါတယ်၊ သူကိုယ်တိုင်မလာနိုင်တာက တောင်ပင်လယ်စံအိမ်မှာ အရေးတကြီး တိုင်ပင်စရာကိစ္စတွေရှိနေလို့ပါ၊ ဒါပေမယ့် သူက ရှင်လာမယ်ဆိုတာသိလို့ ဘယ်မှမသွားဘဲ စံအိမ်မှာ စောင့်ဆိုင်းနေပါတယ်'

လှေကြီးက ရေပြင်ထက်တွင် တရိပ်ရိပ်သွားလျက်ရှိနေ၏။ လှေကြီးထက်မှ မြင်ရသော ရှုမျှော်ခင်းများမှာ အလွန်ပင်သာယာလှပေ၏။

မိန်းမချောကလေး ဖူယီကွမ်း၏ အခြွေအရံ မိန်းမပျိုများက မလှမ်းမကမ်းတွင်ရပ်နေကြ၏။ ဖူယီကွမ်းက စန်းချုံယဲ့အား တစ်ချက်အကဲခတ်လိုက်ပြီး....

'ရှင်က ရှောင်လင်ကျောင်းတော်က ဓားသမားလား'

'ဟုတ်ပါတယ်'

'ရှောင်လင်ကျောင်းတော်ကဓားသမားဆိုရင် ရှင်ဟာ ဓားပညာမှာ အတော့်ကိုထက်မြက်မှာပဲ၊ ဟင် ရှင့်ဓားကအတော်ကောင်းပါလား'

ဖူယာိကွမ်းက ရှာဘာရက် စန်းချုံယွဲ့၏ခေါ်ေးကို မြင်လိုက်ရသဖြင့် ဧအံ့ဘသြနှင့်ပြောလိုက်၏။ နဂါးခေါ်ေးကို တွေ့လိုက်ရလျှင် သူမ၏မျက်လုံးကလေးအစုံမှာ အရောင် တောက်လက်သွားရ၏။

စန်းချုံယွဲ့က ဟက်ခနဲရယ်မောလိုက်ပြီး....

'ကျုပ်ခေါ်ေးက ဒီလောက်လဲမဟုတ်သေးပါဘူးလေ၊ သိုင်းလောကမှာ ကျုပ်ခေါ်ေးထက်ကောင်းတဲ့ခေါ်ေးတွေ အများကြီးရှိနေပါသေးတယ်'

ဖူယာိကွမ်းက အလိုမကျဟန်ဖြင့် ခေါင်းကလေးခါယမ်းလိုက်ပြီး...

'ဟင်... ကျွန်မမြင်ဖူးတဲ့ ခေါ်ေးတွေထဲမှာတော့ ဒီခေါ်ေးက အကောင်းဆုံးပါပဲ၊ ခဏလောက်မကြည့်ရဘူးလား'

'ကြည့်ရပါတယ်'

စန်းချုံယွဲ့ကပြောရင်း နဂါးခေါ်ေးကို ဖူယာိကွမ်း လက်သို့ပေးလိုက်၏။ ဖူယာိကွမ်းက နဂါးခေါ်ေးကို ထုတ်ကြည့်လိုက်ပြီးနောက် မျက်လုံးကလေးအစုံ ပြူးကျယ်ဝိုင်းစက်သွားရကာ...

'ဟင်....ခေါ်ေးက အရမ်းကိုကောင်းနေပါလား၊ ခေါ်ေးအရောင်က အနီရောင်တောက်နေတာပဲ'

'ဝှစ် ဝှစ် ဝှစ်'





သူမကပြောရင်း ခေါ်ေးကို လေထဲတွင်ဝေ့ယမ်း ကြည့်လိုက်၏။ အနီရောင် ခေါ်ေးအလင်းတန်းများက ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားရ၏။

ခေါ်ေးလေတိုးမှုကြောင့် အခြေအရံများ၏ အဝတ်အစားများမှာ တဖျပ်ဖျပ်လှုပ်ခတ်သွားရ၏။

ရုတ်တရက် ဖူယာိကွမ်းက နဂါးခေါ်ေးဦးဖြင့် စန်းချုံယွဲ့ရင်ဝကို ထိုးချိန်ထားလိုက်ကာ....

'ကိုင်း... အခု ရှင်ဘာတတ်နိုင်သေးသလဲ၊ ရှင့်ရင်ဝမှာ ခေါ်ေးကရောက်နေပြီ၊ ထိုးသွင်းလိုက်တာနဲ့ ရှင်သေမှာပဲ'

စန်းချုံယွဲ့က ဟင့်ခနဲ ပြက်ရယ်ပြုလိုက်ကာ....

'ငါက သေရမှာကို မကြောက်ပါဘူး၊ မင်းသတ်ချင်ရင် သတ်လိုက်စမ်းပါ'

သူကပြောရင်း အရက်တစ်ခွက်ကို အေးဆေးစွာ မော့သောက်လိုက်၏။ မိန်းမချောလေး ဖူယာိကွမ်းက ခစ်ခနဲရယ်မောလိုက်ကာ....

'ရှင်ဟာ တော်တော်သတ္တိကောင်းတာပဲ၊ အစ်ကိုရဲ့ ညီသည်ကို ကျွန်မကသတ်လို့ ဘယ်ဖြစ်ပါ့မလဲ'

သူမကပြောရင်း နဂါးခေါ်ေးကို စန်းချုံယွဲ့ဆီသို့ ပြန်ပစ်ပေးလိုက်၏။ စန်းချုံယွဲ့က နဂါးခေါ်ေးကို ပြန်လည်သိမ်းလိုက်ကာ....

'မိန်းကလေး မင်းက ခါးပညာ ဘယ်လောက်တတ်ထား သလဲ'

ဖူယီကွမ်းက မျက် မှောင်စားစေး ကြုတ်လိုက်ပြီး....

'ကျွန်မကို အစ်ကိုကသင်ပေးထားလို့ ထိုက်သင့်သလောက် တော့ တတ်မြောက်ထားပါတယ်၊ ဘာဖြစ်လို့ ဒီမေးခွန်းကို မေးရတာပါလဲ'

စန်းချုံယွဲ့က ဖူယီကွမ်းကို စူးစိုက်ကြည့်လိုက်ပြီး....

'ငါလ အကြောင်းရှိလို့ မေးတာပါ၊ မင်းအစ်ကိုက ဓား ဆရာတစ်ယောက်လား'

ဖူယီကွမ်းက ခေါင်းလေးညိတ်ပြလိုက်ရင်း....

'ဟုတ်တယ်၊ အစ်ကိုက ဓားပညာတော့ အရမ်း လေ့လာ လိုက်စားတယ်၊ သူ့ဆီမှာလဲ ဓားသမားတွေအများကြီးရှိတယ်၊ အစ်ကိုကဓားကောင်းဓားစွမ်းတွေကိုလဲ အမြတ်တနိုးစုဆောင်း ထားတတ်တယ်'

'အခု မင်းအစ်ကိုဆီမှာ ဘာဓားတွေ စုဆောင်းထားပြီး ပြီလဲ'

ဖူယီကွမ်းက တစ်ချက်စဉ်းစားလိုက်ပြီး....

'အစ်ကို့ဆီမှာ စုဆောင်းထားတဲ့ ရှေးဟောင်းရတနာဓား တွေက အတော်များတယ်၊ ဥပမာပြောရရင် ထိုက်ကျိ ဓား





ဂိုဏ်းက ဖိုမဓားတစ်စုံလဲ ရှိတယ်၊ နောက်ပြီး ရှန်စီဘုရင် ကိုင် ခဲ့တဲ့ လေးစကြာဓားပျံရတနာလဲရှိနေတယ်'

'ဒါပီ မင်းကို မင်းအစ်ကိုက လိပ်ပြာဓားကွက် သင်ကြား ပေးခဲ့သလား'

'လိပ်ပြာဓားကွက် ဟုတ်လား'

ဖူယီကွမ်း တအံ့တဩနှင့် ပြန်မေးလိုက်၏၊ စန်းချုံယွဲ့က ခေါင်းဆတ်ပြလိုက်ပြီး....

'ဟုတ်တယ်၊ လိပ်ပြာဓားကွက်ပဲ၊ ဒီဓားကွက်ကို ငါက မင်းကို လက်ဆောင်အဖြစ် သင်ကြားပေးမလို့ပါ'

'အို....ကျေးဇူးတင်လိုက်တာရှင်၊ ခရီးသွားရင်း ပညာရတာ ပေါ့၊ ရှင့်ကျေးဇူးကို ကျွန်မ မမေ့ပါဘူး'

သူမကပြောရင်း စန်းချုံယွဲ့ကို လက် နှစ်ဖက်ဆုပ်တာ လေး စားကြောင်း အမူအယာ ပြသလိုက်၏။ သူမ၏ အပြောအဆို အမူအယာမှာ ကလေးဆန်လှကာ ချစ်စရာကောင်းလှ၏။

စန်းချုံယွဲ့က မတ်တတ်ရပ်လိုက်ပြီး....

'ကိုင်း မင်းဓားကိုထုတ်လိုက်၊ ငါသင်ပေးမယ်'

ဖူယီကွမ်းက သူမ၏အင်္ကျီစကို တစ်ချက်ခါလိုက်ရာ ထက် မြက်ပါးလွှာသော ဓားတစ်လက်က သူမလက်ထဲသို့ တစ်မုဟုတ်ချင်း ရောက်ရှိလာ၏။

စန်းချုံယွဲ့က နဂါးဓားကို ရှမ်းခနဲဆွဲထုတ်လိုက်ပြီး....

'လိပ်ပြာခေါးကွက်မှာ ခေါးရိပ် နှစ်ဆယ့်လေးရိပ် ရှိတယ်၊ အဲဒါ ငါက မင်းကိုပေးတဲ့ လက်ဆောင် ခေါးကွက်အဖြစ် သဘောထားပါ၊ မင်းခေါးကို ရှေ့ဆန့်ထားလိုက်ပါ'

ဖွယ်ကွမ်းက စန်းချုံယဲ့ ပြောသည့်အတိုင်း ရှေ့သို့ ဆန့်တန်းထားလိုက်၏။ စန်းချုံယဲ့က....

'ငါ့ခေါးဝှေ့ယမ်းသလို လိုက်ပြီးဝှေ့ယမ်းပါ'

သူက ပြောရင်း ခေါးကို ဘယ်ညာဝှေ့ယမ်းလိုက်လေသည်၊ ပြီးမှ....

'ခေါးဦးကို အထက်ဖက်ကိုတစ်ကြိမ်၊ အောက်ဖက်တစ်ကြိမ် ထိုးစိုက်ပြီးရင် အားစိုက်ပြီး ဘယ်ဖက်ကို ခပ်စွေစွေခုတ်ချရမယ်၊ ဘယ်လက်က ခေါင်းပေါ်ကို ကွေးပြီး တင်ထားလိုက်၊ ခေါးချက်တွေပြီးတာနဲ့ ညာခြေကို ဘယ်ဖက် တစ်လှမ်းရွှေ့ရမယ်'

စန်းချုံယဲ့က ပြောရင်း ခေါးကွက်တွေကို ထုတ်ဖော်ပြလိုက်သည်။

'ဝှစ် ဝှစ် ဝှစ်'

ဖွယ်ကွမ်းက စန်းချုံယဲ့ပြောသလို တစ်သဝေမတိမ်းလိုက်လုပ်လိုက်၏။ စန်းချုံယဲ့က...

'ခေါးမှာ အတွင်းအားထည့်ထားပါ၊ လိပ်ပြာ ခေါးကွက်ဆိုတဲ့အတိုင်း မြန်ဆန်ပြီး လိပ်ပြာတစ်ကောင်လို ဝဲပတ် ပျံဝဲနေလိမ့်မယ်'





မှန်ပေသည်၊ မကြာမီ ခေါးရိပ်ခေါးချက်များက လေထဲတွင် လိပ်ပြာပေါင်းမြောက်မြားစွာ ပျံဝဲနေသလို တွေ့မြင်လိုက်ရသည်။

'ဝှစ်'

'ချွမ်း'

ခေါးနှစ်လက်မှာ ကစားပြနေရင်းမှ မမျှော်လင့်ဘဲ ပူးကပ်သွားမိကြ၏။ ဖွယ်ကွမ်း၏ ကိုယ်ကလေးမှာ မမျှော်လင့်ဘဲ စန်းချုံယဲ့၏ရင်ခွင်ထဲ ကျရောက်လာရ၏။

'အို'

ဖွယ်ကွမ်းမှာ မျက်နှာကလေးရဲတက်သွားကာ နှုတ်မှ အိုခနဲ ရေရွတ်မိလိုက်၏။ သူမက အမြန်ရုန်းထွက်လိုက်၏။ စန်းချုံယဲ့က....

'ကိုင်း လိပ်ပြာခေါးကွက်ကို မင်း မှတ်မိပြီ မဟုတ်လား၊ ငါ့ကိုပြန်ပြီးကစားပြပါဦး'

ဖွယ်ကွမ်းက သူမ၏ခေါးကို ရှေ့သို့ ဆန့်ထုတ်လိုက်ပြီး လိပ်ပြာခေါးကွက်ကို ထုတ်ဖော်ကစားပြလိုက်၏။

'ဝှစ် ဝှစ် ဝှစ်'

လေထဲတွင် သူမ၏ကိုယ်လုံးကလေးမှာ ချာချာလည်သွားပြီး လိပ်ပြာတစ်ကောင်ပမာ ပေါ့ပါးလျင်မြန်စွာ လည်ပတ်

သွားရကာ ခေါ်ရိပ်မားချက်များအလည်း လိပ်ပြာနှစ်ဆယ့်လေးကောင် ပျံသန်းနေသကဲ့သို့ တွေ့မြင်လိုက်ရ၏။

စန်းချယ်ပွဲ့က သူမ၏ဉာဏ်ကောင်းမှုကို စိတ်ထဲမှကျိတ်ကာ ချီးကျူးမိလိုက်ပြီး...

'မင်းဟာ ဒီခေါ်ကွက်ကို အကြိမ်ကြိမ် လေ့ကျင့်ပါ၊ ရန်သူနဲ့ ရင်ဆိုင်ရရင် ဒီခေါ်ကွက်တစ်ကွက်တည်းနဲ့ပဲ ရန်သူကို မျက်စိလှည့်စားပြီး အနိုင်ရပါလိမ့်မယ်'

ဖူယီကွမ်းမှာ မမျှော်လင့်ဘဲ ခေါ်ကွက်ကောင်းတစ်ကွက်ကို ရရှိလိုက်ပြီဖြစ်ရာ အလွန်ပင် ဝမ်းသာအားရဖြစ်ကာ စန်းချယ်ပွဲ့အား 'လက်နှစ်ဖက်ဆုပ် အရိုအသေပြုကာ ကျေးဇူးတင်စကား ပြောကြားလိုက်၏။

'အခုလို ကျွန်မကို စေတနာကောင်းနဲ့ သင်ကြားပေးလိုက်တဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်၊ ကျွန်မတို့ရဲ့ တောင်ပင်လယ်စံအိမ်ကို ရောက်တဲ့အခါ ရှင့်ကို မွှေတစ်ပေါက်မစွန်းစေရပါဘူး၊ ကျွန်မတာဝန်ယူပါတယ်'

စန်းချယ်ပွဲ့က ဟက်ခနဲ ရယ်မောလိုက်ပြီး....

'ငါက ဘယ်လိုရန်သူကိုမှ မကြောက်ပါဘူး၊ ငါက အားလုံးကို စေတနာကောင်း၊ စိတ်ကောင်းထားပါတယ်'

ယင်းသို့ ပြောနေစဉ်မှာပင် လာရောက်ကြိုဆိုနေကြသော လှေကလေးများကိုတွေ့ရပြီး သာယာလှပသောကျွန်းတစ်ကျွန်းကိုပါ တွေ့မြင်လိုက်ရလေ၏။





ကျွန်းမြစ်ဆိပ်အထက်တွင် မြင်းများအသင့်သင့် ရှိနေသည်ပါ တွေ့မြင်လိုက်ရ၏။ မကြာမီ လှေကြီးက ကမ်းစပ်သို့ ထိုးဆိုက်ကပ်လိုက်၏။

စန်းချယ်ပွဲ့နှင့် ဖူယီကွမ်းတို့က လှေကြီးပေါ်မှ ဆင်းလာခဲ့ကြ၏။ အသင့်စောင့်ဆိုင်းနေကြသော သိုင်းသမားများက ဖူယီကွမ်းနှင့် စန်းချယ်ပွဲ့တို့အား အရိုအသေပြုလိုက်ကြ၏။

ဖူယီကွမ်းက ဦးဆောင်ကာ တောင်ပင်လယ်စံအိမ်ကြီးဆီသို့ မြင်းများဖြင့် ထွက်ခွာလာခဲ့ကြ၏။ မကြာမီ သူတို့သည် တောင်ပင်လယ်စံအိမ်သို့ ရောက်ရှိလာခဲ့ကြ၏။

တောင်ပင်လယ်မင်းသားလေး ဖူယီကျန်းက စန်းချယ်ပွဲ့အား ထွက်ကာ ဆီးကြိုလိုက်၏။

ဖူယီကျန်းမှာ အသက်နှစ်ဆယ်ဝန်းကျင်ခန့်မှုအား မျက်နှာမှာပြုံးရွှင်သော်လည်း စိတ်ဓာတ်ကောက်ကျစ်မည့်လက္ခဏာများ ပေါ်လွင်နေ၏။

ဖူယီကွမ်းနှင့်အတူ ရပ်နေသူမှာ အဖြူရောင်ဝတ်စုံနှင့် အဘိုးအိုတစ်ယောက်ဖြစ်၏။ အဘိုးအို၏မျက်လုံးအစုံမှာ စူးရှတောက်ပလှပြီး ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်ဟန်တူပေသည်။

ဖူယီကျန်းက စန်းချယ်ပွဲ့အား ကြိုဆိုပေါ်ဆောင်ကာ ဧည့်ခန်းဆောင်ကြီးအတွင်း ထိုင်လိုက်ကြ၏။

ထို့နောက် ဖူယိုကျန်းက စန်းချုံယဲ့အား ထူးခြားသော အဘိုးအိုနှင့် မိတ်ဆက်ပေးလိုက်၏။

'ဆရာလေး ယောဒါကတော့ အနောက်ကျန်းသခင်ကြီး မင်ကြူးဖြစ်ပါတယ်၊ သူလဲ ကျွန်တော်က ဖိတ်ကြားလို့ ရောက်ရှိနေရခြင်း ဖြစ်ပါတယ်'

စန်းချုံယဲ့က လက်နှစ်ဆုပ်ကာ အနောက်ကျန်းသခင်ကြီး မင်းကြူးအား ဂါရဝပြုလိုက်၏။ အနောက်ကျန်းသခင်ကြီး မင်ကြူးက စန်းချုံယဲ့အား တစ်ချက် အကဲခတ်လိုက်ပြီး....

'မင်းက ရှောင်လင်ကျောင်းတော်က ခေါ်သမားလို့ပြောတယ်၊ နေမဝင်တောင်နဲ့ သံမဏိငှက်အကြောင်းကို ကြားဖူးသလား'

စန်းချုံယဲ့မှ တအံ့တဩဖြစ်သွားရကာ....

'နေမဝင်ဆောင်နဲ့ သံမဏိငှက် ဟုတ်လား'

'ဟုတ်တယ်၊ သံမဏိငှက်သိုင်းသမား စင်းပိလျံ ဆိုတာ နေမဝင်တောင်နဲ့ ဆက်သွယ်နေတယ်၊ မင်းကို ဂိုဏ်းချုပ်ကြီး က ပြောမပြဘူးလား'

'ပြောမပြပါဘူးခင်ဗျာ၊ ဆရာကြီးသိရင် ပြောပြပါလား'

ဖူယိုကျန်းကလည်း....

'ကိုင်း၊ ကျွန်တော်တို့လဲသိရအောင် ပြောပြပါလား၊ ကျွန်တော်က တောင်းဆိုလိုက်ပါတယ်၊ သံမဏိငှက်ဆိုတာ စိတ်ဝင်စားစရာကောင်းလို့ပါ'





အနောက်ကျန်းသခင်ကြီး မင်ကြူးက သက်ပြင်းချလိုက်ရင်း....

'မင်းတို့သိချင်ရင်တော့ ပြောပြရမှာပေါ့ကွာ၊ ဒီလိုကွ တစ်ခါက နေမဝင်တောင်ဆိုတဲ့ အင်မတန် ကြီးကျယ်မြင့်မားတဲ့ တောင်ကြီးတစ်လုံးရှိခဲ့ဖူးတယ်၊ တောင်ထိပ်ကို မြူတွေကဖုံးနေလို့ ဘယ်တော့မှ မမြင်ရဘူး'

(၃)

နေမဝင်တောင်

နေမဝင်တောင်သည် အလွန်မြင့်မားသော တောင်ကြီးတစ်လုံး ဖြစ်၏။ တောင်ထိပ်သည် မြူနှင့် တိမ်တိုက်ကြားအမြဲဝင်ရောက် ပျောက်ကွယ်နေတတ်၏။

နေမဝင်တောင်ထိပ်တွင် ရသေ့ကျောင်း တစ်ကျောင်းက ရှိနေ၏။ ရသေ့ကြီးမှာ ယောင်ရှန် အမည်ရှိပြီး တာပွယ်ကြီးမှာ ဝေ့ဟုန်ကျင် ဖြစ်၏။

သူတို့နှင့်အတူ ရသေ့ကျောင်းတွင် သိုင်းပညာ သင်ကြားနေသော လူငယ်လေးတစ်ယောက်က ရှိနေ၏။ လူငယ်လေး၏ အမည်မှာ စင်းပီလျံပင် ဖြစ်၏။





သူ၏ မိဘများကို မည်သူ မည်ဝါမှန်း မသိရပေ။ ဤအကြောင်းကို ရသေ့ကြီးယောင်ရှန်ကလည်း တစ်ခါမှ မပြောမပြပေ။

ရသေ့ကြီးယောင်ရှန်က စင်းပီလျံကို ငယ်စဉ်ကတည်းက သိုင်းပညာများ သင်ကြားပေးလာခဲ့သည်မှာ ယခု စင်းပီလျံ အသက်ဆယ့်ခုနစ်အရွယ်သို့ပင် တိုင်လာခဲ့၏။

စင်းပီလျံမှာ ငယ်စဉ်ကတည်းက သိုင်းပညာကို လေ့လာလိုက်စားခဲ့ရသဖြင့် သူ့တစ်ကိုယ်လုံးမှာ အချိုးအစားကျနပြီး သံမဏိကို သွန်းလုပ်ထားသကဲ့သို့ မာကျောကျစ်လျစ်လျက် ရှိနေ၏။

ရသေ့ကြီးက စင်းပီလျံအား ဓား၊ လှံ၊ လေး၊ မြား စသော လက်နက်တိုက်ခိုက်နည်းများ၊ လက်နက်ပုန်းပညာအမျိုးမျိုး၊ ကိုယ်ဖော့ပညာ၊ အတွင်းအားပညာများကို သင်ကြားပေးခဲ့ပင် ဖြစ်၏။

သို့သော် ရသေ့ကြီးက စင်းပီလျံအား တစ်ခါမှ ချီးအာမြိုးရှင်စွာ မဆက်ဆံခဲ့ပေ။ အမြဲတမ်း ခက်ထန်တင်းမာစွာ ဆက်ဆံခဲ့၏။

ထိုအချက်ကြောင့် စင်းပီလျံမှာ ရသေ့ကြီးကို စဉ်းစားမရအောင် ရှိနေခဲ့ရ၏။ သူ့ကို ဆရာသခင် ရသေ့ကြီးက တစ်ခါမှ မျက်နှာသာ မပေးပေ။ မျက်နှာသာ မပေးသည့်အပြင်

သိုင်းပညာ သင်ကြားရာတွင်လည်း မညာမတာ သင်ကြားပေး
နေခဲ့၏။

စင်းပီလျံက ကပ္ပိယကြီး ငေါ့ကျင်ဟုန်အား....

'ဘဘ၊ ကျွန်တော့်ကို ဆရာသခင်ရသေ့ကြီးက ဆက်ဆံ
တာ အမြဲတမ်း တင်းတင်းမာမာ ဆက်ဆံနေတယ်၊ အဲ့ဒါ ဘာ
ဖြစ်လို့လဲ'

ကပ္ပိယကြီး ငေါ့ကျင်ဟုန်က ဆက်ပြင်းရှိုက်ရင်း....

'လူကလေး အဲ့ဒါကိုလဲ ဘဘ မသိဘူး၊ တစ်ခုရှိတာက
ရသေ့ကြီးက စိတ်ထဲမှာ တစ်ခုခုကို ခုနေလို့ထင်တယ်'

'သူက ဘာကို စိတ်ခုနေတာလဲဘဘ၊ ကျွန်တော်လဲ ဘာမှ
အပြစ်မလုပ်မိပါဘူး'

'အဲ့ဒါကိုလဲ ဘဘ မပြောတတ်ဘူးကွယ့်၊ ဟော ပြောရင်း
ဆိုရင်း အသံကြားတယ်၊ ဆရာရသေ့ကြီး လာနေပြီထင်တယ်၊
မင်းလုပ်စရာရှိတာ လုပ်'

ကပ္ပိယကြီးက ပြောရင်း တံမြက်စည်းကို ကိုင်ကာ အမှိုက်
များကို လှည်းကျင်းနေလိုက်၏။ စင်းပီလျံက သိုင်းကွက်များကို
လေ့ကျင့်နေလိုက်၏။

မကြာမီ မြေကွက်လပ်အနီးသို့ အညိုရောင်လူရိပ်ကြီးတစ်
ခိုင်က ရောက်ရှိလာ၏။ ထိုအညိုရောင် လူရိပ်ကြီးသည်ကား





မုတ်ဆိတ်ဖွားဖွားနှင့် ရသေ့ကြီးတစ်ပါးပင် ဖြစ်နေပေတော့
၏။

စင်းပီလျံနှင့် ကပ္ပိယကြီး ငေါ့ကျင်ဟုန်တို့က ရသေ့ကြီး
ကို ဂါရဝပြုလိုက်ကြ၏။

ရသေ့ကြီး ယောင်ရှန်က စင်းပီလျံနှင့် ကပ္ပိယကြီး
ငေါ့ကျင့်ဟုန်ကို စူးစိုက်ကြည့်လိုက်ပြီး....

'ငေါ့ကျင်ဟုန်၊ မင်း စင်းပီလျံကို ဘာတွေလျှောက်ပြော
နေတာလဲ'

'တ တပည့်တော် ဘာမှ မပြောပါဘူးဘုရား'

'အေး ငါ အကုန်ကြားရတယ်၊ မင်း ကြပ်ကြပ်သတိထား
ပါ၊ စင်းပီလျံ မင်း ငါနဲ့ ချောက်ထဲ လိုက်ခဲ့စမ်း'

'ကောင်းပါပြီဘိုးဘိုး'

စင်းပီလျံက ပြောရင်း ရသေ့ကြီးခေါ်ဆောင်ရာနောက်
သို့ လိုက်ပါသွား၏။ ရသေ့ကြီးက တောင်ထိပ်ရှိ နက်ရှိုင်း
သော ချောက်ကြီးတစ်ခုအတွင်းသို့ စင်းပီလျံအား ကိုယ်ဖော့
အားသုံးကာ ခေါ်ဆောင်သွား၏။

ချောက်ကြီးမှာ အထူး နက်ရှိုင်းကာ ဝန်းကျင်တစ်ခုလုံး
တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။

ချောက်ကြီး၏ အောက်ခြေတွင် စမ်းချောင်းတစ်ချောင်း
နှင့် ကျောက်ဆောင်ကြီးများ ရှိနေ၏။

'ကရိုး'

ရုတ်တရက် ငှက်တစ်ကောင်၏ အော်မြည်သံ ကြားလိုက်ရပြီး လေထဲတွင် အရောင်တဖိတ်ဖိတ် တောက်နေသော ထူးဆန်းသည့် ငှက်တစ်ကောင် ပျံသန်းလာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုငှက်သည် ချောက်နက်ကြီးအတွင်း ဝဲပျံနေကာ သစ်ပင်ကြီးတစ်ပင်တွင် သွားရောက် နားနေလိုက်၏။

ရသေ့ကြီးက ငှက်ကို လက်ညှိုးညွှန်ပြလိုက်ပြီး စင်းပီလျံအား....

'စင်းပီလျံ၊ ဒီငှက်ဟာ သံမဏိငှက်ပဲ၊ ဒီငှက်ရဲ့ အသားကို စားတဲ့လူဟာ ခန္ဓာကိုယ်ပေါ့ပါးပြီးခွန်အားတိုးပွားစေတယ်၊ ဒီငှက်ရဲ့သွေးကို သောက်ရရင် အဆိပ်မှန်သမျှ ပြေပျောက်ပြီး ဓားလှံတွေကိုတောင် ခံနိုင်ရည်ရှိတယ်'

ရသေ့ကြီး ဆက်ပြောလိုက်ပြန်၏။

'ဒီသံမဏိငှက်ကို ဖမ်းဖို့မလွယ်ဘူး၊ ဒီငှက်ဟာ ဒီနေရာကနေ အင်မတန်ဝေးလံတဲ့ နတ်မြင်းပျံတောင်ထိပ်မှာ နေတယ်၊ နောက်ပြီး ဒီငှက်က အင်မတန်မှ ထူးဆန်းတယ်၊ တောင်ထိပ်ကျောက်ဂူထဲမှာ တစ်နှစ်ကို သုံးလလောက် အိပ်နေတတ်တယ်'





'ကရိုး'

သူတို့က သံမဏိငှက်ကြီးကို ကြည့်နေရင်းမှပင် သံမဏိငှက်သည် တောင်ထိပ်ကို ဖောက်ပြီး ပျံသွားသည်ကို အံ့မခမ်း တွေ့မြင်လိုက်ကြရ၏။

ရသေ့ကြီးက စင်းပီလျံအား....

'မင်းကို ငါက ဒီသံမဏိငှက် ပြချင်လို့ ဒီနေရာကို ခေါ်လာခဲ့တာပဲ၊ ဒီသံမဏိငှက်က တစ်နှစ်သုံးမှာမှ ဒီတစ်ရက်ပဲ ဒီချောင်းထဲကို လာတတ်တယ်၊ မင်း ငှက်ကို အသေအချာ မှတ်မိတယ်မဟုတ်လား'

'ဟုတ်ကဲ့၊ အသေအချာ မှတ်မိပါတယ်'

ရသေ့ကြီးက စင်းပီလျံကို စူးစိုက်ကြည့်လိုက်ရင်း....

'တစ်နေ့ မင်း ဒီငှက်ကို ရအောင်ဖမ်းရမယ်။ ဒီစကားကို အသေအချာ မှတ်ထား'

'ဟုတ်ကဲ့ ဘိုးဘိုး'

'အိမ်း အပေါ်ပြန်တက်ကြစို့'

ထို့နောက် နှစ်ယောက်သား ထိပ်တန်းကိုယ်ဖော့ပညာသုံးကာ ချောက်နှုတ်ခမ်းထိပ်သို့ ပြန်လည်တက်လာခဲ့ကြလေသည်။

ချောက်ထိပ်တွင် လေက တဟူးဟူး တိုက်ခတ်လျက် ရှိနေ၏။ လေပြင်းတိုက်ခတ်မှုကြောင့် လူများပင် လွင့်စဉ်လုမတတ် ဖြစ်နေရ၏။

'မင်းကို ငါ ဒီနေ့ သိုင်းပညာအသစ်တစ်မျိုး သင်ကြားပေးမယ်'

ရသေ့ကြီးက ပြောရင်း စင်းပိလျ ကို စူးစိုက်ကြည့်လိုက်၏။ စင်းပိလျ က ရသေ့ကြီးကို ဂါရဝပြုလိုက်၏။

'ကျားလက်သည်းသိုင်းကွက်ကို သင်ပေးမယ်၊ ဟောဒီမှာ ကြည့်ထား'

'ဝုန်း'

'ဖြောင်း'

စကားဆုံးသည်နှင့် ရသေ့ကြီးက အနီးရှိ သပစ်ပင်ကြီး တစ်ပင်ကို လက်ငါးချောင်းဖြင့် ကုပ်ချလိုက်ရာ သစ်သားစ အချို့မှာ ရသေ့ကြီး၏ လက်အတွင်းသို့ ပါရှိသွား၏။

ထို့နောက် ရသေ့ကြီးက သစ်တုံးတစ်တုံးကို ကောက်ယူပြီး ကျားလက်သည်းကုပ်သည့်ပုမာ သစ်ထုံးကို လက်ငါးချောင်းဖြင့် ကုပ်ချလိုက်ရာ သစ်တုံးမှာ ခေါးနှင့် ဆွဲချလိုက်သည့်ပမာ ချွမ်းခနဲ ကွဲထွက်သွားရလေ၏။

စင်းပိလျ မှာ ထိုမြင်ကွင်းကို ကြည့်ကာ တအံ့တဩ ဖြစ်သွားရ၏။ ရသေ့ကြီးက လက်ထဲမှ သစ်သားခြမ်းကို လွှင့်ပစ်လိုက်ပြီး....





'ဒီသိုင်းကွက်က ကျားလက်သည်းသိုင်းကွက်ပဲ၊ ကျားလက်သည်းများလို လက်ချောင်းတွေက မာကျောပြီး ကုပ်ဆွဲဖဲ့ပစ်နိုင်စွမ်း ရှိတယ်၊ အတွင်းအားကို လက်ချောင်းတွေဆီမှာ ပို့ပြီး အသုံးပြုရတယ်၊ ကိုင်း လုပ်ပြစမ်း'

'ဖောက်'

'ဖောက်'

စင်းပိလျ က သစ်တုံးတစ်တုံးကို ကောက်ယူပြီး လက်ငါးချောင်းဖြင့် ကုပ်ချလိုက်ရာ သစ်တုံးမှာ နံဘေးမှ အစအနများ ဖွာထွက်သွားရုံမှ လွဲ၍ ကွဲထွက်မသွားပါချေ။

ရသေ့ကြီးက မျက်မှောင်ကြုတ်လိုက်ပြီး....

'မင်း တော်တော် အသုံးမကျတဲ့ကောင်ပဲ၊ ပြန်ပြီး လေ့ကျင့်စမ်း'

ရသေ့ကြီးက ခက်ထန်တင်းမာသော မျက်နှာဖြင့် အော်ငေါက်ပြောလိုက်၏။ စင်ပိလျ က လက်ငါးချောင်းကို ကျားလက်ချောင်းများပမာ အတွင်းအားထည့်ပြီး ဆစ်တုံးကို ကုပ်ချလိုက်ပြန်သည်။

'ဖြောက် ဖြောက် ဖြောက်'

သူက မရသဖြင့် သုံးချက်တိတိ ဆက်တိုက် ကုပ်ချလိုက်၏။ သို့သော် သစ်တုံးက ဘာမှမဖြစ်ဘဲ အစများသာ ဖွာထွက်သွားရသည်။

'ထပ်ပြီး လေ့ကျင့်စမ်း၊ ထပ်ပြီး လေ့ကျင့်စမ်း'

ရသေ့ကြီးက စူးရှခက်ထန်သော လေသံဖြင့် အော်ဟောက် ပြောကြားလိုက်၏။ စင်ပီလျံက သစ်တုံးကို အားစိုက်ကာ လက်ဝါးချောင်းဖြင့် ဆက်တိုက်ကုပ်ချလိုက်သည်။

'ဝုန်း ဝုန်း ဝုန်း'

နောက်ဆုံးတွင် သစ်တုံးမှာ နှစ်ခြမ်းကွဲထွက်သွားပြီး တစ်ခြမ်းမှာ စင်ပီလျံ၏ လက်ထဲသို့ ပါသွားကာ စင်းပီလျံ၏ လက်ထိပ်များမှာလည်း သွေးများ စီးကျလာရတော့သည်။

စင်းပီလျံက သွေးများကို မသုတ်မိပေ။ သူက ရသေ့ကြီးကို စူးစိုက်ကြည့်နေမိ၏။

ရသေ့ကြီးက မျက်မှောင်ကြုတ်ကာ....

'မင်းဟာ တော်တော်ညံ့သေးတာပဲ၊ မင်းကို ငါက အနှစ်နှစ် အလလ သိုင်းပညာ သင်ကြားပေးရတာ အလကားပဲ၊ ဒီပညာကို ဆက်ပြီး မရမက လေ့ကျင့်ပါ၊ မနက်ဖြန်ကျရင် ငါ မင်းကိုစစ်ဆေးမယ်'

ရသေ့ကြီးကပြောကာ နေရာမှထွက်ခွာသွားတော့၏။
'ဝုန်း'
'ဖြောင်း'





စင်းပီလျံက ရသေ့ကြီး ထွက်ခွာပျောက်ကွယ်သွားလျှင် အနီးရှိ သစ်ပင်ကြီးတစ်ပင်အား လက်ဝါးဖြင့် ရိုက်ချပစ်လိုက်၏။

သစ်ပင်ကြီးမှာ ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် ဝုန်းခနဲ မြည်ဟည်းကာ ဖြောင်းခနဲ ကျိုးပြတ် လွင့်စဉ်ထွက်သွားရတော့၏။

'လူကလေး'

ရုတ်တရက် သူ့နောက်ကျောဖက်မှ တိုးညင်စွာခေါ်လိုက်သောအသံကြောင့် သူက လှည့်ကြည့်လိုက်ရာ ကပ္ပိယကြီး ဒေါ်ကျင်ဟုန်ဖြစ်နေသည်ကို တွေ့မြင်လိုက်ရ၏။

ကပ္ပိယကြီးက စင်းပီလျံဆီသို့ လျှောက်လာပြီး....
'စင်းပီလျံ၊ မင်းဘိုးဘိုး ရသေ့ကြီးကို စိတ်မဆိုးပါနဲ့ကွယ်၊ ဆရာသခင်ရသေ့ကြီးက မင်းကို ပညာတွေ တတ်စေချင်လို့ပါ'
စင်းပီလျံက သစ်ငုတ်ကြီးတစ်ခုတွင်ထိုင်လိုက်ကာ အံကိုကြိတ်လိုက်ရင်း....
'သူသာ ကျွန်တော့်ဘိုးဘိုးဖြစ်ခဲ့ရင် သူ့မြေးကိုဒီလောက် ရက်စက်မှာမဟုတ်ဘူး'
စင်းပီလျံ၏စကားကြောင့် ကပ္ပိယကြီး ဒေါ်ကျင်ဟုန်မှာ မျက်နှာကွက်ခနဲပျက်သွားရကာ....

'လူလာလေးကို ရသေ့ကြီးက ရက်စက်တာ မဟုတ်ပါဘူးကွယ်၊ သူတတ်မြောက်ထားတဲ့သိုင်းပညာတွေကို အကုန်အစင်တတ်မြောက်စေချင်လို့ပါ၊ သူက ရက်စက်တာမဟုတ်ပါဘူး'

စင်းပိလျံမှာ မျက်ရည်များရစ်ဝိုင်းလာရကာ....

'မဟုတ်ဘူး၊ ဆရာသခင်ရသေ့က အတော့ကိုရက်စက်တယ်၊ အခု ကျွန်တော့်ကိုကြည့်ပါလား၊ လက်မှာသွေးတွေထွက်နေပြီ'

စင်းပိလျံကပြောရင်း သွေးများစီးထွက်နေသည့် လက်ဝါးနှစ်ဖက်ကို ဖြန့်ပြလိုက်၏။

ကပ္ပိယကြီးကပြောရင်း စင်းပိလျံလက်မှ ဒဏ်ရာဒဏ်ချက်များကို ဆေးထည့်ပေးလိုက်၏။

'ဒီကနေ့တော့ ဆက်ပြီးမလေ့ကျင့်ပါနဲ့တော့ကွယ်၊ မနက်ကျမှ လေ့ကျင့်ပါ၊ ကိုင်း ပြန်ကြစို့'

● ● ●

ရသေ့ကျောင်းဆောင်၏ နောက်ဖက် အိမ်ကလေးတွင် မီးရောင်ကလေးက လင်းလက်လျက်ရှိနေ၏။





စင်းပိလျံမှာ အိပ်မပျော်သေးဘဲ နဖူးပေါ်လက်တင်ကာ တွေးတောနေမိ၏။

'ငါ့မိဘတွေဟာ ဘယ်သူတွေလဲ၊ ငါ့မိဘတွေနဲ့ ပတ်သက်ပြီး ကပ္ပိယကြီးကိုမေးကြည့်တော့လဲ ဘာမှမပြောဘူး၊ ဆရာရသေ့ကြီးကိုလဲ မမေးရဲဘူး၊ တောင်အောက်ကိုလဲ တစ်ခါမှ မဆင်းဖူးဘူး၊ သိုင်းလောကဆိုတာ ဘယ်လိုပါလိမ့်၊ သိုင်းလောကထဲကို ငါတစ်ခေါက်လောက် ဆင်းကြည့်ချင်တယ်၊ သိုင်းလောကက သိုင်းသမားတွေနဲ့လဲ ငါ တွေ့ချင်တယ်'

စင်းပိလျံက နဖူးပေါ်လက်တင်ကာ တောင်စဉ်ရေမရ လျှောက်တွေးနေမိ၏။

ယင်းအချိန်မှာပင် အပြင်ဖက်မှ အဝတ်ခါသတိုးသံတစ်ချက်ကြားလိုက်ရသောကြောင့် စင်းပိလျံက အပြင်ဖက်သို့ခုန်ထွက်ကာ ကြည့်လိုက်မိ၏။

'ငှစ်'

'ဟူး'

ပြေးလွှက်သွားသော လူရိပ်သဏ္ဍာန်မှာ ရသေ့ကြီးဖြစ်ဟန်တူပြီး ရသေ့ကြီးက နေမဝင်အတောင်ထိုပ်၏ မြောက်ဖက်ရှိ ကျောက်ပြာသာဒ်ကြီးဖက်သို့ ပြေးလွှားသွားခြင်းဖြစ်၏။

ထိုအချင်းအရာကိုတွေ့မြင်လိုက်ရလျှင် စင်းပိလျှံမှာ တအံ့တသြ ဖြစ်သွားရပြီး....

'ဟင် ဆရာရသေ့ကြီးက အချိန်မတော်ကြီး ဘယ်ကိုများထွက်သွားပါလိမ့်၊ အကြောင်းထူးတစ်ခုခုတော့ ရှိနေရမယ်၊ ငါလိုက်ကြည့်မှပဲ'

စင်းပိလျှံက တွေးလိုက်ရင်း ထိပ်တန်း ကိုယ်ဖော့အားသုံးကာ ရသေ့ကြီး ပြေးထွက်သွားရာဖက်သို့ လျှင်မြန်စွာ ပြေးလိုက်ခဲ့လေ၏။

'ဝှစ်'

'ဟူး'

ရသေ့ကြီး ယောင်ရှန်က အစကါအပြောက် တစ်ခုသဖွယ် နိမ့်ချည်မြင့်ချည်နှင့် ပြေးလွှားလျက်ရှိနေ၏။

ရသေ့ကြီးသွားနေသောနေရာမှာ နေမဝင်တောင်ထိပ်၏ အမြင့်ဆုံးအပိုင်း ဖြစ်သော ကျောက်ပြာသာဒ်ကြီး ဆီသို့ပင် ဖြစ်၏။

ကျောက်ပြာသာဒ်ကြီးမှာ ချောက်ကမ်းပါးကြီး ထိပ်တွင် တည်ရှိပြီး ရွှန်းပျသောလရောင်က ဖြာဆင်း ကျရောက်လျက် ရှိနေ၏။

ချောက်နက်ကြီးအတွင်းမှ အဖြူရောင်အခိုးအငွေ့များက အထက်သို့ တငွေ့ငွေ့ တလူလူ ထိုးတက်နေသလို လေပြင်းက တဟူးဟူးတိုက်ခတ်လျက် ရှိနေလေ၏။





စင်းပိလျှံက ရသေ့ကြီး ယောင်ရှန် မသိရလေအောင် နောက်မှ တိတ်တဆိတ်ပြေးလွှားလိုက်ပါလာခဲ့၏။

ဤအကြောင်းကိုသာ ရသေ့ကြီးသိရှိသွားပါက သူ့အဖို့ သက်သာမည် မဟုတ်ပေ။ ရသေ့ကြီးက သူ့ လုပ်ငန်းတွင် အနှောင့်အယှက်ပေးသည်ကို မနှစ်သက်ပေ။

ကျောက်ပြာသာဒ်ကြီးထက်တွင် ရသေ့ကြီးမရောက်မီ တစ်စုံတစ်ယောက်က ရောက်နှင့်နေပြီကို တွေ့ရှိလိုက်ရ၏။

ထိုရောက်နှင့်နေသောသူမှာ ဘုန်းတော်ကြီးတစ်ပါးဖြစ်ပြီး ဖြူဖွေးသော မုတ်ဆိတ်မွေးရှည်ကြီးက ရင်ဘတ်အထိ ကျဆင်းနေသလို မျက်ခုံးမွေးဖြူဖြူကြီးများကလည်း မှါးပြင်နှစ်ဖက်သို့တိုင် ရှည်လျားစွာကျဆင်းနေကြ၏။

ဘုန်းတော်ကြီး၏ အဝါရောင်ဝတ်ရုံလွှာ ဖားဖားကြီးမှာ လေထဲတွင် တဖျပ်ဖျပ်လွင့်မျောလျက်ရှိနေ၏။

'ဝှစ်'

'ဟူး'

ကျောက်ပြာသာဒ်ကြီးထက်သို့ ရသေ့ကြီး ယောင်ရှန်က ခုန်ပျံတက်ရောက်သွားလေပြီ။

စင်းပိလျှံက ကျောက်ပြာသာဒ်ကြီးအောက်ဖက် မလှမ်းမကမ်းရှိ သစ်ပင်ကြီးတစ်ပင်အပေါ်သို့ လွှားတက်ကာ တိတ်တဆိတ် ချောင်းမြောင်းကြည့်နေလိုက်၏။

ဘုန်းတော်ကြီးက ရသေ့ကြီးကို စူးစိုက် ကြည့်နေသလို ရသေ့ကြီးကလည်း ဘုန်းတော်ကြီးကိုစူးစိုက်ကြည့်လျက်ရှိနေသည်။

ရသေ့ကြီးယောင်ရှန်က ဘုန်းတော်ကြီးအား စူးစိုက်ကြည့်လိုက်ရင်း....

'လျောင်ရင် မင်းရောက်လာပြီကိုး'

လျောင်ရင်ဆိုသော ဘုန်းတော်ကြီးက အေးစက် ခက်ထန်သော လေသံဖြင့် တဟားဟားရယ်မောလိုက်ပြီး....

'ဟား ဟား ဟား ရောက်လာရမှာပေါ့ကွာ၊ မင်းနဲ့ ငါ တစ်ချိန်က စိန်ခေါ် တိုက်ခိုက်ခဲ့ကြတာ ပွဲက ပြတ်မှုမပြတ်သေးဘဲ၊ တို့နှစ်ယောက်က တစ်ခါမှ အရှုံးအနိုင်မရှိခဲ့ကြဘူး မဟုတ်လား၊ ဒီတစ်ခါတော့ အရှုံးအနိုင် ပြတ်ပြတ်သားသား အဖြေပေးလိုက်ရအောင်'

ရသေ့ကြီးယောင်ရှန်က ခေါင်းတစ်ချက်ညိတ်လိုက်ရင်း....

'သိပ်ကောင်းတာပေါ့ကွာ၊ ငါကလဲ ဒီကိစ္စအတွက် ဒီနေ့ ဒီရက်ကို စောင့်ဆိုင်းနေတာပဲ၊ ကိုင်း မင်းက ဘယ်လိုယှဉ်ပြိုင်ချင်သလဲ'

ဘုန်းတော်ကြီးလျောင်ရင်က လက်တစ်ဖက်ကို လေထဲသို့ ဝှေ့ယမ်းလိုက်ရာ ထက်မြက်ပါးလွှာသော ဓားတစ်လက်သည် ဘုန်းတော်ကြီးလက်ထဲသို့ တစ်မုဟုတ်ချင်း ရောက်ရှိလာလေသည်။





'ဝှစ် ဝှစ်'

ဘုန်းတော်ကြီးလျောင်ရင်က ဓားကို လေထဲတွင်ဝှေ့ယမ်းလိုက်ပြီး....

'ကျုပ်က ဓားနဲ့တိုက်မယ်၊ ခင်ဗျားက ဘာနဲ့တိုက်ခိုက်ချင်သလဲ'

ရသေ့ကြီးယောင်ရှန်က အေးစက်စက် တစ်ချက်ရယ်မောလိုက်ရင်း....

'ဟဲ ဟဲ ဟဲ ကျုပ်ကတော့ ဟောဒီ လက်ဝါးနှစ်ဖက်နဲ့ပဲ ခင်ဗျားကို တိုက်ခိုက်မယ်'

ရသေ့ကြီး၏စကားကြောင့် ဘုန်းတော်ကြီးမှာ တအံ့တသြဖြစ်သွားရကာ မျက်ခုံးဖြူဖြူကြီးနှစ်ဖက်ကို အထက်သို့ မြှင့်လိုက်ရင်း....

'ဘာ ခင်ဗျားက ကျုပ်ကို လက်ဝါးနဲ့ပဲ တိုက်ခိုက်မယ်....ဟုတ်လား'

'ဟုတ်တယ်၊ ဟောဒီလက်ဝါးနှစ်ဖက်ဟာ ကျုပ် အတွက် ဓားနှစ်လက်ပဲ၊ ကိုင်း စပေတော့'

'ဝှစ်'

'ဟူး'

စကားဆုံးသည်နှင့် ရသေ့ကြီး ယောင်ရှုန်က လက်ဝါး နှစ်ဖက်ကို ဝေ့ယမ်းပစ်လိုက်၏။ လက်ဝါးနှစ်ဖက်မှလေတိုးသံ က ဝေါခနဲမြည်ဟည်းထွက်ပေါ်သွားရသည်။

ဘုန်းတော်ကြီးလျောင်ရင်က ဓားကို ဝှစ်ခနဲ ဝေ့ယမ်း ပစ်လိုက်ကာ

'ကိုင်း ဒီလောက်တောင်ဖြစ်လှတာ၊ ခင်ဗျား သေဘော့'

'ဝှီး'

စကားဆုံးသည်နှင့် ဘုန်းတော်ကြီးလျောင်ရင် ဓားကိုဝေ့ ယမ်းကာ ရသေ့ကြီးယောင်ရှုန်၏ ရင်ဝဆီသို့ စိုက်သွင်းပစ် လိုက်သည်။

'ယား'

'ဝှစ်'

ရသေ့ကြီးယောင်ရှုန်က ဝတ်ရုံလွှာကြီးကို ဝေ့ယမ်းကာ ကိုယ်ကိုယိမ်းရင်း ရှောင်တိမ်းပေးလိုက်၏။

'ဟူး'

ဘုန်းတော်ကြီးလျောင်ရင်၏ ဓားချက်က ရသေ့ကြီး၏ ကိုယ်နံဘေးမှ ပွတ်ကာသီကာလေး လွဲချော်သွားရ၏။

'ဝုန်း'

ရသေ့ကြီးယောင်ရှုန်က ကိုယ်ကိုယိမ်းကာ ရှောင်တိမ်း ပေးလိုက်ရင်းမှ လက်ဝါးတစ်ချက်ကို ရိုက်ထုတ်ပစ်လိုက်၏၊





ပြင်းထန်သော လက်ဝါးရိုက်ချက်ကြောင့် ဘုန်းတော်ကြီး လျောင်ရင်မှာ ရှောင်တိမ်းရင်း နောက်သို့ ယိုင်ဆင်းထွက်သွား ရ၏။

'ယား'

ဘုန်းတော်ကြီး လျောင်ရင်က ရှောင်တိမ်းပေးရင်း ဓားကို အဆက်မပြတ် ဝေ့ယမ်းကာ ရသေ့ကြီး ယောင်ရှုန်ကို တိုက်ခိုက်ပစ်လိုက်၏။

'ဝှစ် ဝှစ် ဝှစ်'

တစ်ခဏချင်းမှာပင် ဓားရိပ်ဓားငွေ့များနှင့် ဖုံးဝင်းသော ဓားစက်ဝိုင်းကြီးက ရသေ့ကြီးယောင်ရှုန်၏ တစ်ကိုယ်လုံးကို လွှမ်းခြုံပစ်လိုက်၏။

ရသေ့ကြီးယောင်ရှုန်က လက်ဝါးနှစ်ဖက်ကို ဝေ့ယမ်း ပစ်လိုက်ရာ ဓားပျံကလေးပေါင်း မြောက်မြားစွာ ပြေးထွက် သွားပြီး ဓားစက်ဝိုင်းကြီးအတွင်းသို့ ပျားကောင်များ ပျံဆန်း သွားသည့်နှယ် ပြေးဝင်သွားကြ၏။

'ထန်း ထန်း ထန်း'

'ချွမ်း ချွမ်း ချွမ်း'

ဓားစက်ဝိုင်းကြီးနှင့် ဓားပျံကလေးများ ထိခတ်မိကာ တထန်းထန်း မြည်ဟည်းသွားရ၏။ ထို့နောက် ဓား၏စက်ဝိုင်း ကြီးမှာ တစ်မုဟုတ်ချင်းမှာပင် ပျက်ပြယ်သွားရတော့၏။

သိုင်းကွက်ငါးဆယ်ကျော်လာသည်အထိ ရသေ့ကြီးနှင့် ဘုန်းတော်ကြီးတို့မှာ ပြင်းထန်စွာ တိုက်ခိုက်နေကြ၏။

သိုင်းကွက်ငါးဆယ်ကျော်လာသည့်တိုင် တစ်ယောက်နှင့်တစ်ယောက် အသာစီးမရဘဲ ရှိနေကြ၏။

သိုင်းကွက်ခြောက်ဆယ် ကျော်သည်နှင့် ဘုန်းတော်ကြီးလျှောင်ရင်က ဓားကို ပြန်သိမ်းလိုက်ပြီး လက်ဝါးနှစ်ဖက်ဖြင့် ရသေ့ကြီးကို တိုက်ခိုက်လေတော့၏။

'ယား'

'ဝုန်း'

လက်ဝါးချင်းရိုက်သံကြီးက ပြင်းထန်စွာ ထွက်ပေါ်လာ၏။ နှစ်ယောက်စလုံးနောက်သို့ ယိုင်ဆင်းကာ ပါးစပ်မှ သွေးများ ထွက်ကျသွားရ၏။

'ဟင်'

ထိုမြင်ကွင်းကို တွေ့မြင်လိုက်ရလျှင် တိတ်တဆိတ် ချောင်းမြောင်းကြည့်နေသော စင်းပီလျံမှာ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားရ၏။

ထိုပြင်းထန်သော လက်ဝါးရိုက်ချက် ဆုံလိုက်ကြပြီးနောက် နှစ်ယောက်သား မတိုက်ခိုက်တော့ဘဲ တိုက်ပွဲကို ရပ်လိုက်ကြ၏။





ဘုန်းတော်ကြီးလျှောင်ရင်က ရသေ့ကြီးအား လက်နှစ်ဖက်ဆုပ်ကာ အရိုအသေပြုလိုက်ပြီး....

'ကိုင်း၊ ခင်ဗျားနဲ့ကျုပ် ဒီတစ်ခါလဲ ဘယ်သူ့ ဘယ်သူကိုမှ အနိုင်ရကြမှာမဟုတ်ဘူး၊ ဆက်တိုက်နေရင် နှစ်ယောက်စလုံး အကျိုးမရှိသေကုန်ကြရုံပဲရှိမယ်၊ နောက်ငါးနှစ်ကျမှ ပြန်ဆုံကြတာပေါ့'

ရသေ့ကြီးယောင်ရှန်ကလည်း လက်နှစ်ဖက်ဆုပ်ကာ ဘုန်းတော်ကြီးကို အရိုအသေပြုလိုက်ပြီး....

'ကောင်းပြီ၊ ခင်ဗျားနဲ့ကျုပ် နောက်ငါးနှစ်ကျမှ ပြန်ဆုံကြတာပေါ့'

ထို့နောက် ဘုန်းတော်ကြီးလျှောင်ရင်သည် ငှက်ကြီးတစ်ကောင် ထပျံသွားသည့်နှယ် ကျောက်ပြာသာဒ်ကြီးထက်မှ လွှားထွက်သွားလေတော့၏။

'ဝိုး'

'ဟူး'

အရိပ်ကြီးတစ်ရိပ် ပျံထွက်သွားသည်ကိုသာ တွေ့မြင်နေရ၏။

အတန်ကြာမှ ရသေ့ကြီးက လက်တစ်ဖက်ကို ဝေ့ယမ်းပစ်လိုက်ရာ လက်ထဲသို့ ဖြူဝင်းတောက်ပသော နှစ်ဖက်သွားဓားတစ်လက်က ရုတ်ခြည်း ရောက်ရှိလာ၏။

'ထန်း'

ရသေ့ကြီးခါးသွားကို လက်ညှိုးနှင့်တောက်လိုက်ရာ ထန်းခနဲ မြည်ဟည်းသွားရ၏။ ရသေ့ကြီးက ခါးကို တစ်ချက်ဆကြည့်လိုက်ရင်း....

'လျှောင်ရင် သိပ်ကံကောင်းတယ်၊ ငါ့သာလူ့သတ်ချင်တဲ့စိတ်မျိုးရှိနေရင် ဒီကောင်သေမှာအမှန်ပဲ၊ အခုတော့ ငါက ခါးနဲ့မတိုက်ခိုက်ဘဲ ညှာတာတဲ့အနေနဲ့ လက်ဝါးချည်းပဲတိုက်ခိုက်လိုက်တာကို သူ့ဖာ သူ့ကိုယ်သူ အဟုတ်ကြီးအောက်မေ့သွားသလား မသိဘူး'

ရသေ့ကြီးက ပြောလိုက်ရင်း ခါးကို တစ်ချက်လှည့်ပတ်လိုက်၏။

'ဝှစ် ဝှစ် ဝှစ်'

ခါးရိပ်ခါးငွေ့များက လေထဲတွင် ပြည့်နှက်သွားသလိုမြင်လိုက်ရ၏။ လေထုတစ်ခုလုံး ခါးချက်များက ပြည့်နှက်သွားသည်။

ထိုခါးကွက်မျိုးနှင့်သာ တိုက်ခိုက်လိုက်ပါက ဘုန်းတော်ကြီး လျှောင်ရင်မှာ ထိုခါးချက်တစ်ချက်တည်းနှင့်သာ ရှုံးနိမ့်သွားရမည်မှာ သေချာလှပေတော့သည်။

စင်းပိလျှကြ ထိုခါးကွက်မျိုးကို စိတ်ထဲတွင် အသေအချာမှတ်ထားလိုက်၏၊ ရသေ့ကြီးက ကျောက်ပြာသာဒ်ထက်တွင်





တစ်စုံတစ်ယောက်ကို ခါးကွက်များ ပြသပေးနေသကဲ့သို့ ခါးကွက်များ ထုတ်ဖော်လျက် ရှိနေ၏။

'ဟူး ဟူး ဟူး'

ခါးလေတိုးသံမှာ ကြောက်ခမန်းလိလိဖြစ်ပြီး ဝန်းကျင်တစ်ခုလုံး လေမုန်တိုင်း ကျသလို ဖြစ်နေကာ ခါးရိပ်ခါးငွေ့များက ပြည့်နှက်လျက် ရှိနေ၏။

ထိုခါးကွက်များမှာ စင်းပိလျှ တစ်ခါမှ မမြင်ဖူးသောခါးကွက်များ ဖြစ်သဖြင့် စင်းပိလျှမှာ တအံ့တဩ ဖြစ်ကာ အသေအချာ မှတ်ထားလိုက်၏။

အတန်ကြာလျှင် ရသေ့ကြီးက မောသွားဟန်ဖြင့် ခါးကွက်များ ကစားမှုကို ရပ်တန့်လိုက်၏။ စင်းပိလျှက မနေဝံ့တော့ဘဲ နောက်ဖြောင်းသို့ ပြန်လည်၍ ခြေကုန်သုတ်လာခဲ့လေတော့၏။

ရသေ့ကျောင်း နောက်ဖက်ရှိ အိမ်ကလေးသို့ ရောက်သောအခါ သူက အိပ်ရာထဲ ဝင်လှဲကာ အိပ်ချင်ဟန်ဆောင်နေလိုက်သည်။ ရသေ့ကြီး ကျောင်းသို့ ပြန်ရောက်မရောက်ကိုပင် မသိတော့ပေ။

• • •

ပူနွေးတောက်ပသော နေရောင်ခြည်က နေမဝင်တောင်ထိပ်သို့ ဖြာစင်ကျရောက်လျက် ရှိနေသည်။

ရသေ့ကြီး ယောင်ရှန်က ကျောက်ကုလားထိုင်ကြီးတစ်လုံးထက်တွင် ထိုင်နေသလို အနီးတွင် ကပ္ပိယကြီး ငေါ့ကျင်ဟုန်က တရိုတသေ ရပ်လျက်ရှိနေ၏။

သူတို့နှစ်ယောက်၏ မျက်နှာချင်းဆိုင် မြေကွက်လပ်တွင် စင်းပိလျံက အဖြူရောင် ကိုယ်ကျပ်ဝတ်စုံနှင့် ရပ်လျက် ရှိနေသည်။

ရသေ့ကြီးက စင်းပိလျံကို ဦးစိုက်ကြည့်ရင်း မျက်မှောင်ကြုတ်လိုက်ကာ....

'ဟိတ်ကောင် ဟိတ်ကောင်၊ မင်း ဘယ်လို ရပ်နေတာလဲ၊ လက်တွေခြေတွေထဲမှာ အဘွင်းအား ထည့်ရပ်စမ်း'

ရသေ့ကြီး၏ ခက်ထန်သော စကားကြောင့် စင်းပိလျံမှာ စိတ်ထဲတွင် ထောင်းခနဲ ဖြစ်သွားရသော်လည်း ဣန္ဒြေမပျက်စေဘဲ ခြေလက်များကို သိုင်းကွက်ပြောင်းကာ ရပ်နေလိုက်ရလေသည်။

ရသေ့ကြီး ယောင်ရှန်က စင်းပိလျံကို ဓားတစ်လက်ပေးလိုက်ကာ....

'ရော့ ငါ့ကို မုန်တိုင်းရွက်ခြေ ဓားကွက်မြေဆိုတဲ့ ဓားကွက်ကို ပြစမ်း'





စင်းပိလျံက ဓားကို ဖမ်းယူလိုက်ပြီး ရသေ့ကြီးကို ဂါရဝပြုလိုက်၏။ ပြီးနောက် မုန်တိုင်းရွက်ခြေ ဓားကွက်ကို ထုတ်ဖော်ပြသ ပေးလိုက်သည်။

'ဝှီး ဝှီး ဝှီး'

စင်းပိလျံ၏ ကိုယ်လုံးမှာ လေထဲတွင် နဂါးတစ်ကောင် ဆော့ကစားနေသည့်နှယ် ဖြစ်ပေါ်သွားရပြီး ဓားချက်များကလည်း မုန်တိုင်း ကျလာသလို တဝေါဝေါ မြည်ဟည်းလာရာ ကပ္ပိယကြီး ငေါ့ကျင်ဟုန်ပင် တအံ့တသြဖြစ်ကာ မျက်လုံးအစုံ ကျယ်ဝိုင်းစက်သွားရသည်။

ရသေ့ကြီးကမူ ချီးကျူးဟန်မပြဘဲ မျက်မှောင်ကြုတ်ကာ ကြည့်နေဆဲပင် ဖြစ်၏။ ရသေ့ကြီးက....

'ဟိတ် နဂါးတစ်ထောင် သိုင်းကျောင်းဆောင် ဓားကွက်ကို ပြစမ်း'

ရသေ့ကြီးက အော်ဟစ် အမိန့်ပေးလိုက်သဖြင့် စင်းပိလျံမှာ ဓားကွက်ကို ပြောင်းလဲကာ ထုတ်ဖော် စကားပြလိုက်ရပြန်သည်။

ရသေ့ကြီး ယောင်ရှန်က သူသင်ကြားပေးထားသော ဓားကွက်များကို စင်းပိလျံအား အစအဆုံး ထုတ်ဖော်ပြသခိုင်းလိုက်၏။

‘ဝှစ် ဝှစ် ဝှစ်’

ခါးရိပ်ခါးငွေ့များနှင့်အတူ စင်းပီလျံမှာ ချာချာလည်နေပြီး မီးခိုးငွေ့တစ်ငွေ့ပမာ ဖြစ်ပေါ်နေရ၏။

ကပ္ပိယကြီး ဝေါ်ကျင်ဟုန်မှာ စင်းပီလျံကို ကြည့်ရအာ အံ့သြဝမ်းသာနေသလောက် ရသေ့ကြီး ယောင်ရှုန်မှာမူကား ချီးကျူးသည့်ဟန် တစ်စက်မှ မပြဘဲ မျက်မှောင်ကိုသာ ကြုတ်ထားလေ၏။

ရုတ်တရက် ရသေ့ကြီး ယောင်ရှုန်က ဝတ်ရုံလွှာကြီးကို ဝှီးခနဲ ဝေ့ယမ်းပစ်လိုက်ပြီး ထရပ်လိုက်ကာ....

‘စင်းပီလျံ၊ မင်းခါးချက်တွေက အတော် လိုသေးတယ်၊ မင်းကို ငါနမူနာပြသရတော့မှာပေါ့၊ ကိုင်း မင်းကို ငါ ခါးပညာ နည်းနည်းပြလိုက်မယ်’

ရသေ့ကြီးယောင်ရှုန်က စကားဆုံးသည်နှင့် ရှေ့သို့ ခုန်ပျံဝင်ရောက်လာ၏။

‘ဟူး’

‘ထန်း’

ရသေ့ကြီး ယောင်ရှုန်၏ လက်ထဲတွင် မည်သည့်အချိန်က ထုတ်လိုက်မှန်း မသိရသည့် ခါးတစ်လက် ပါရှိလာ၏။

ခါးရောင် ဝင်းခနဲ မြင်လိုက်ရသဖြင့် စင်းပီလျံက အမြန်ဆုံး ကာကွယ်ပေးလိုက်ရ၏။





‘ဟောဒီမှာ ကြည့်ထား’

ရသေ့ကြီးက အော်ဟစ်လိုက်ရင်း ခါးကို ဝေ့ယမ်းကာ တိုက်ခိုက်လိုက်ပြန်၏။ ရသေ့ကြီး၏ ခါးချက်ကို မြင်လိုက်ရလျှင် စင်းပီလျံမှာ စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားရ၏။

အဘယ့်ကြောင့်ဆိုသော် ရသေ့ကြီး၏ ခါးဟာ တစ်လက်တည်းမဟုတ်ဘဲ သုံးလက်တိတိ ဖြစ်နေသောကြောင့်ပင်တည်း။

‘ခါးသုံးချက်ခါးကွက်ပဲ၊ ကြည့်ထား ရှောင်ပေတော့’

ရသေ့ကြီးက အော်ဟစ် ပြောလိုက်ပြန်၏။ စင်းပီလျံမှာ ကိုယ်ကို အထက်သို့ ခုန်တက်ကာ ကျွမ်းပစ်ထွက်ပေးလိုက်ရ၏။ သို့ဖြစ်သည့်တိုင် ရသေ့ကြီး၏ ခါးချက်တစ်ချက်က စင်းပီလျံ၏ အင်္ကျီ လက်မောင်းစကြီးကို ဖြန်းခနဲ ဖြတ်တောက်ပစ်လိုက်၏။

‘ဟာ’

စင်းပီလျံမှာ အောက်သို့ ခုန်ဆင်းပြီး မိမိကိုယ်ကိုမိမိ ငုံ့ကြည့်လိုက်သောအခါ အင်္ကျီရင်ပတ်စမှာ ခါးချက်တစ်ချက် ထိကာ ကွဲထွက်နေသည်ကို တွေ့မြင်လိုက်ရ၏၊ ထို့ကြောင့် စင်းပီလျံမှာ မျက်နှာ ကွက်ခနဲပျက်သွားရ၏။

ရသေ့ကြီးက မျက်မှောင်ကြုတ်ကာ....

‘မင်းမှာ ခါးပညာ လိုသေးတယ်၊ ထပ်ပြီး ပြင်းပြင်းထန်ထန် လေ့ကျင့်ပါ၊ နောက်နေ့ကျရင် မင်းကို ငါထပ်ပြီး စစ်ဆေးကြည့်မယ်’

ရသေ့ကြီးက စင်းပီလျံကို နှာခေါင်းရှုံ့ကာ ကြည့်ရင်း ခက်ထန်သော မျက်နှာထားဖြင့် ထွက်ခွာသွားတော့၏။ ကပ္ပိယကြီးငေါ့ကျင်ဟုန်မှာ စင်းပီလျံကိုပခုံးကျုံ့ပြလိုက်၏။ စင်းပီလျံက ဓားကို ပြန်ရုတ်လိုက်ပြီး ကပ္ပိယကြီးအား....

'ဘာ၊ တွေ့တယ်မဟုတ်လား၊ ဆရာသခင် ရသေ့ကြီးက ကျွန်တော့်ကို ကြိမ်းမောင်း ပြောဆိုသွားလိုက်တာ ကျွန်တော်လဲ အတတ်နိုင်ဆုံးကြိုးစားလေ့ကျင့်တာပဲ၊ ဒါကိုတောင် အားမရသေးဘူး'

ကပ္ပိယကြီးက စင်းပီလျံအား ကရုဏာသက်သော လေသံဖြင့်—

'လူကလေး၊ ဆရာရသေ့ကြီးဟာ စိတ်ရင်းစေတနာ အင်မတန် ကောင်းတဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက်ပါ၊ လူကလေးကို ဆရာရသေ့က အင်မတန်တတ်မြောက်စေချင်လွန်းလို့ အပြင်းအထန် လေ့ကျင့်ပေးနေတာ ဖြစ်ပါလိမ့်မယ်၊ ဆရာရသေ့က စေတနာနဲ့ သင်ကြား ပေးနေတာပါကွယ်'

စင်းပီလျံက ကပ္ပိယကြီးအား ဘာမှ မပြောတော့ဘဲ ဓားကွက်များကိုသာ လေ့ကျင့် နေလိုက်၏။ သူက အံကို ကြိတ်ကာ အထက်သို့ လွှားတက်ရင်း ဓားချက်များကို ဝှေ့ယမ်းပစ်လိုက်၏။

'ဟူး ဟူး ဟူး'





ပြင်းထန်သော ဓားလေတိုးမှုကြောင့် ပတ်ဝန်းကျင်မှ သစ်ရွက်သစ်ခက်များ တဖွဲဖွဲကြွေကျသွားကြရ၏။ ကပ္ပိယကြီးက စင်းပီလျံ၏ ဓားရေးလေ့ကျင့်နေမှုကို ကြည့်ကာ ခေါင်း တညိတ်ညိတ်နှင့် ရှိနေရ၏။

ယင်းအချိန်မှာပင် ရသေ့ကြီး ယောင်ရှန် ပြန်ရောက်လာကာ စင်းပီလျံ ဓားကွက်များကစားနေသည်ကို စူးစိုက်ကြည့်နေ၏။ စင်းပီလျံက ဓားကွက်များထဲမှ အကောင်းဆုံး ဓားကွက်များကိုသာ ရွေးချယ်ပြီး လေ့ကျင့်နေလိုက်၏။

ဓားလေတိုးသံ တဝှစ်ဝှစ်ကိုသာ ကြားနေရပြီး ဓားနှင့် လူကို အရိပ်တစ်ခုမျှသာ တွေ့မြင် နေရသေတော့၏။ စင်းပီလျံက ဓားကွက်များ အားလုံး ကစားပြလိုက်ပြီးနောက် ဓားကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ရသေ့ကြီးအား ဂါရဝပြု လိုက်၏။

ရသေ့ကြီးယောင်ရှန်မှာ မျက်နှာတည်တည်နှင့်ပင် လေသံမာမာဖြင့်....

'မင်းမှာ ဓားပညာတွေ အများကြီး လိုသေးတယ်။ သိုင်းလောကမှာ ကျင်လည်ကျက်စားမယ့် လူတစ်ယောက်ဟာ ဒီလောက် အချည်အချင်းမျိုးနဲ့ ဘယ်ရပါ့မလဲ၊ မင်းကို ငါက စိတ်ချရပြီဆိုမှသာ သိုင်းလောကကို စေလွှတ်နိုင်မယ်၊ ဒီလို အချည်အချင်းမျိုးနဲ့တော့ မလွှတ်နိုင်သေးဘူး'

စင်းပိလျှံက စိတ်ထဲမှ 'ခင်ဗျားလွတ်ချင်လွတ်၊ မလွတ်ချင်နေ၊ တစ်နေ့ ကျုပ်က သွားမှာပဲ' ဟုပင် တိတ်တခိုးကလေး တွေးကာ ရေရွတ်မိလိုက်၏။

ရသေ့ကြီးက ဓားကိုဆွဲထုတ်လိုက်ကာ နေရောင်ခြည်တွင် ထောင်ကြည့်လိုက်ရင်း စင်းပိလျှံအား....

'ဓားသမားဆိုတာ ဓားနဲ့ကိုယ် တစ်သားတည်း ဖြစ်နေရမယ်၊ ဓားဟာ မိမိရဲ့ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုလိုဖြစ်နေရမယ်၊ နောက်အရေးကြီးဆုံးအချက်တစ်ချက်က ရန်သူကို မိမိက အလင်းထဲကနေ မတိုက်ရဘူး၊ မရှာဖွေရဘူး၊ မိမိက အမှောင်ထဲမှာရှိနေရမယ်၊ ကိုယ်က အလင်းမှာရှိနေရင် တစ်ပန်းရှုံးတာပဲ၊ အလင်းထဲကရန်သူထက် အမှောင်ထဲကရန်သူကို ပိုပြီးသတိထားရမယ်'

ရသေ့ကြီးက ဓားကို ဆွဲကြည့်ရင်း စင်းပိလျှံအားပြောလိုက်ပြန်၏။

'မင်းကို ငါ ဒီကနေ့ အလွန်အရေးကြီးတဲ့ ဓားပညာ၊ ဓားကွက်တစ်ကွက် သင်ကြားပေးမယ်၊ ဒီဓားကွက်ရဲ့ နာမည်ကတော့ သက်တန့်ရောင်ခြည်ဓားကွက်လို့ခေါ်တယ်၊ ရန်သူအင်အား သိပ်များတဲ့အခါ အသုံးပြုဖို့ပဲ ဖြစ်တယ်၊ ရန်သူ တစ်ယောက်ချင်း နှစ်ယောက်ချင်းနဲ့ တွေ့လို့က သုံးစရာမလိုဘူး၊ ဒီဓားကွက် အင်မတန်မှ ရက်စက်ပြင်းထန်တယ်၊ ဓားချက်တစ်ချက်တည်းနဲ့ ပွဲသိမ်းသွားစေနိုင်တယ်၊ ရန်သူကို အကျအဆုံးများပြီး စိတ်ဓာတ် မျှက်ပြားစေတယ်၊ ကိုင်း.... ဟောဒီမှာ ကြည့်'

'ဝှစ်'

'ဟွူး'

စကားဆုံးသည်နှင့် ရသေ့ကြီးက ဓားကိုဝေ့ယမ်းကာ သက်တန့်ရောင်ခြည်ဓားကွက်ကို ထုတ်ဖော်ပြသလိုက်၏။ သက်တန့်ရောင်ခြည်ဓားကွက်ဆိုသည့်အတိုင်း ဓားရိပ် ဓားငွေ့များက သက်တန့်ကြီးတစ်ခု ဖြာဆင်းကျလာသည့်အလားလှပစွာ ဖြစ်ပေါ်လာ၏။

ဓားရိပ်သက်တန့်ကြီးက နဂါးကြီးတစ်ကောင်ပမာ လူးလွန့်ကာ ထက်အောက်ဝဲယာ ပြေးလွှားလျက်ရှိ၏။ ဝန်းကျင်တစ်ခုလုံးမှာလည်း လေမုန်တိုင်းကျသည့်အလား တဝေါဝေါ မြည်ဟည်းကာ ကျောက်မှုန် သဲမှုန်များက လွင့်ပျံလျက်ရှိနေ၏။

ရသေ့ကြီးက ဓားကွက်ကိုပြသလိုက်ပြီးနောက်....

'ကိုင်း စင်းပိလျှံ၊ ငါကစားပြတာကို မှတ်မိတယ်မဟုတ်လား၊ မှတ်မိရင်ကစားပြစမ်း'

စင်းပိလျံက ရသေ့ကြီးကိုအရိုအသေပြုလိုက်ပြီး လေထဲသို့ ခုန်တက်ကာ သက်ဘန့်ရောင်ခြည်ဓားကွက်ကို ရသေ့ကြီး ပြသသည့်အတိုင်း ကစားပြလိုက်၏။

'ဝှစ် ဝှစ် ဝှစ် ဝှစ်'

ဓားရိပ်ဓားငွေ့များက သက်တန့်ကြီးတစ်ခုအလား ဖြာဆင်းထွက်ပေါ်လာ၏။ စင်းပိလျံက အထူး ကြိုးစားတာပြသလိုက်ခြင်းပင်ဖြစ်၏။ လေထဲတွင် သက်တန့်ကြီးကအောက်သို့ တိုးဆင်းကျလာကာ နဂါးကြီးတစ်ကောင်အလား လူးလွန့်လှုပ်ရှားသွား၏။

ရသေ့ကြီးက မျက်မှောင်ကြုတ်လိုက်ပြီး....

'မင်းရှေ့မှာတင် ရန်သူက ရှိနေမှာ မဟုတ်ဘူး၊ နောက်ကျောဖက်ကရန်သူကိုလဲ သတိထား၊ ရှေ့နဲ့ဘေးနှစ်ဖက်ကို အာရုံစိုက်နေရင် ရန်သူက မင်းကို နောက်ကျောဖက်ကနေ ဝင်သတ်သွားလိမ့်မယ်၊ နောက်ကျောဖက်ကရန်သူကို မြင်ရတာ မဟုတ်ဘူး၊ ဒီတော့ နောက်ကျောဖက်ကရန်သူအတွက် ဝှက်ဓားတစ်လက်က အမြဲရှိနေရမယ်၊ နောက်ကျောဖက်က ဝင်လာတဲ့ရန်သူကို သတိထား၊ သက်တန့်ရောင်ခြည် ဓားကွက်ကို ရှေ့ရောနောက်ပါလုံခြုံအောင်တိုက်ခိုက်၊ ကိုင်း ပြန်ပြီးလေ့ကျင့်လိုက်စမ်း၊ ငါကြည့်နေမယ်၊ ငါ မကျေမနပ်မချင်း မရပ်ရဘူး'

စင်းပိလျံက သက်ဘန့်ရောင်ခြည် ဓားကွက်ကို ထပ်မံကစားပြလိုက်ရပြန်၏။ သူက အတော်ကလေးမောဟိုက်နေပြီဖြစ်သော်လည်း ရသေ့ကြီးက မရပ်ခိုင်းသေးပေ။





'နောက်တစ်ခါထပ်ပြီး ကစားဦးကွာ'

ရသေ့ကြီးက ပြောလိုက်ပြန်သဖြင့် စင်းပိလျံမှာ သက်ပြင်းရှိုက်ကာ လေထဲသို့ခုန်တက်ပြီး ကစားပြလိုက်ရပြန်၏။ ထိုတစ်ကြိမ်ပြီးလျှင် ရသေ့ကြီးက မျက်မှောင်ကြီးကြုတ်ကာ ထွက်ခွာသွားတော့၏။